ပခုက္ကူစာပေဆုရ

# ဘုန်းကြီးအောင်လို့ ရိုက်လိမ့်မယ်

နှင့်

## အခြားဝတ္ထုတိုများ



မောင်ဆဒ္ဒ

(လယ်ဝေး)

ဘုန်းကြီးအောင်လို့ ရိုက်လိမ့်မယ်နှင့် အခြားဝတ္ထုတိုများ ■ မောင်ဆဒ္ဒ (လယ်ဝေး)

၂၀၁၄ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၅၀၀

တန်ဖိုး (        ) ကျပ်

**ဒို့တာဝန် အရေးသုံးပါး**

* ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် ခေတ္တစာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

၂၀၁၃ ခုနှစ်၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော
ပခုက္ကူစာပေဆု
ဝတ္ထုတိုပေါင်းချုပ်၊ ဒုတိယဆု

# ဘုန်းကြီးအော့လို့ ရှိုက်လိမ့်မယ်
# နှင့်
# အခြားဝတ္ထုတိုများ

## မောင်ဆန္ဒ (လယ်ဝေး)

တည်းဖြတ်သူ - ဒေါ်ခင်ဝါဆွေ (ဝါဝါ-အင်းစိန်)
စာတည်း (တာဝန်ခံ)

မျက်နှာဖုံးပန်းချီ - ညီညီ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြင်းခွာသံ | ၁ |
| ၂။ | ကြွေးတင်ရှင်ဘုရင်ဆပ် | ၁၉ |
| ၃။ | ဘုန်းကြီးအော့လို့ရိုက်လိမ့်မယ် | ၃၃ |
| ၄။ | ပုစွန်ငါးပိချက် | ၅၁ |
| ၅။ | လူတစ်ကိုယ်တိုက်တစ်လုံး | ၅၉ |
| ၆။ | မိုးတွေရွာနေပြီအစ်ကို | ၆၇ |
| ၇။ | အဘိုးပြောတဲ့ပုံပြင်တစ်ပုဒ် | ၈၇ |
| ၈။ | ဟိုကောင်မလေးညိုတိုတို | ၁၀၁ |
| ၉။ | ငှက်ခါးငတေ | ၁၁၅ |
| ၁၀။ | အမှန်တရားကို ဆုပ်ကိုင်လျက် | ၁၂၇ |
| ၁၁။ | ကိုဖိုးလုံးရဲ့ ကိုင်းခုတ်ဓား | ၁၄၁ |

# စကားဦး

ဆက်သွယ်ရေးနည်းပညာတွေက တိုးတက်လာ. . . ကမ္ဘာကြီးက ပို၍ပို၍ ကျဉ်းမြောင်းသွား. . . တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်ဖို့က ပိုလွယ်ကူသောအခါ. . . ယဉ်ကျေးမှုစနစ်တွေက အလျင်အမြန်ကူးစက်လာလိုက်တာ. . .။

"ဒါဟာ မြန်မာမိန်းကလေးပါပဲ" လို့ပြောရရင် ယုံစရာပင် မရှိ။ ပိတုန်းရောင်ကေသာက ပြောင်းဖူးမွှေးကေသာဖြစ်. . . သုံးထောင်ထွာကလည်း လက်နှစ်သစ်. . . ဇင်ယော်တောင်ကလည်း ပြောင်သလင်းခါ. . . ဝတ်စားတာကြည့်လိုက်တော့ ပေါင်လယ် ဒူးဆစ်. . . စိတ်ညစ်ရပါလား။

ပြင်ပပုံသဏ္ဍာန် ဘယ်လိုပင်ပြောင်းပြောင်း အတွင်းအဇ္ဈတ္တ သဏ္ဍာန်မပြောင်းလျှင် တော်သေးရဲ့ဟု တွေးပေမယ့် အကျင့်တွေကပါပြောင်းလာ. . . ဗိုလ်လိုလို. . . နီပွန်လိုလို. . . ကိုရီးယားလိုလို . . . အဆင်းရောအချင်းပါ ပြောင်းလဲလာလိုက်တာက ကြောက်စရာ. . . စိုးရိမ်စရာ။

သို့သော်. . . အသွင်မပြောင်းလဲသည့် မြန်မာ့စရိုက်ကို ကျေးလက်မှာမြင်နိုင်သေးရဲ့. . . တွေ့ရသေးရဲ့။ "မြန်မာဆိုတာ အဲဒါ" ဟု လက်ညှိုးထိုးပြစရာရှိသေးတော့ ဖြေသိမ့်တွေး တွေးရသည်။ ပီတိစကားပြောရသည်။ ချစ်စရာကောင်းသော

မြန်မာတို့၏စရိုက်၊ ကျေးလက်နေပြည်သူတို့ဘဝကို တင်ပြချင်၍ "ဘုန်းကြီးအော့လို့ရိုက်လိမ့်မယ်" ကို ရေးဖွဲ့လိုက်ပါသည်။ ချစ်စရာကောင်းသော မြန်မာတို့စရိုက်ကို ခံစားနားလည်နိုင်ပြီဆိုလျှင် ကျွန်တော် ကြိုးစားရကျိုးနပ်ပါပြီဟု. . .

**မောင်ဆန္ဒ (လယ်ဝေး)**

# မြင်းခွာသံ

"မြင်းခွာသံ" ဟု တစ်စွန်းတစ်စ ကြားလိုက်ရုံဖြင့် ဒေါ်အေးခင် ဘာကြောင့်လာသည်ကို ခန့်မှန်းမိသည်။

ဒေါ်အေးခင်က အလွန့်အလွန် သရုပ်ဆောင်ကောင်းသည့် ရုပ်ရှင်မင်းသမီးကြီးအမူအရာနှင့်. .။ အဘွား၏နားနားကပ်လိုက် ခွာလိုက်၊ သေးမျှင်မျှင်မျက်ခုံးလေးကို ပင့်လိုက်ကုတ်လိုက်၊ ပါးလွှာလွှာနှုတ်ခမ်းနှစ်လွှာကို စူလိုက်ဖွင့်လိုက်။ ဘေးကကြည့်နေသူပင် သူ့အမူအရာအတိုင်း ပင့်လိုက်ကုတ်လိုက်၊ စူလိုက်ဖွင့်လိုက် လုပ်မိသည်။ အစမသတ်သေး။ သေးသွယ်သွယ်လက်ချောင်းလေးတွေနှင့် မြင်းပြေးသည့်နှယ် လုပ်ပြလိုက်သေးသည်။

"အချိန်ကလည်း ကျနေပြီလေ. . ."

အဘွားက ခေါင်းလေးညိတ်ခါညိတ်ခါဖြင့် လေးသံတိုးညှင်းစွာ ထောက်လိုက်သည်။

"ဘယ်ကအချိန်ကျရမှာလဲ။ လွန်တာရှင်ကျူးရဲ့။ သာမန်ဆိုရင် ပြာသို၊ တပို့တွဲလထဲ ကျင်းပတာ၊ အခု တပေါင်းလဆန်းနေပြီ။ ဒါကြောင့် ကိုယ်တော်ကြီးက နိမိတ်ပြတာ. . ."

၁

"မိရိုးဖလာကိစ္စကတော့ လုပ်ရမှာပေါ့"

"ဟုတ်တယ်လေ. . . ဘိုးစဉ်ဘောင်ဆက် ပူဇော်လာတာ. . . ကျုပ်တို့ရှင်ကျူးတို့လက်ထက်မှာလည်း နှစ်စဉ်မပျက် ကျင်းပပေးခဲ့တာပဲ"

"ဟုတ်ပါပြီလေ. . . မအေးခင်အပိုင်းကလည်း နှီးဆော်စရာရှိတာ နှီးဆော်ထား၊ ကျုပ်လည်း ကဘိုးချိကို အသိပေးလိုက်မယ်"

အဘွားက ချစ်လင်အိမ်ထောင်ဦးစီး ဦးဘိုးချိကို ငယ်စဉ်က အတိုင်း ကိုဘိုးချီဟု ခေါ်လေ့ပြောလေ့ရှိသည်။ ကိုဘိုးချီဟုခေါ်သည်မှာ မြန်လို့လား. . . ဟန်လုပ်လို့လားတော့မသိ ကဘိုးချိဖြစ်နေသည်။ အဘွားကအဘိုးကို ကဘိုးချိဟုခေါ်တတ်သလို အဘိုးက အဘွားကို မယ်ကျူးဟုခေါ်လေ့ပြောလေ့ရှိသည်။

အဘိုးက စည်ပိုင်းရွာလူကြီး။ ရွာသူကြီးက သာယာကုန်းရွာမှာနေသည်။ စည်ပိုင်း၊ သာယာကုန်း၊ ချင်းစုသုံးရွာကို အပိုင်စားရသည့် သူကြီးက ဦးပု။ အများက သူကြီးပုဟုခေါ်လေ့ပြောလေ့ရှိသည်။

သူကြီးပုက သူ့ကိုယ်စား အနီးကပ်အုပ်ချုပ်ရန် အဘိုးကို ခန့်အပ်ထားသည်။ သူကြီးကိုယ်စား စီရင်ခွင့်၊ သူကြီးကိုယ်စား လုပ်ပိုင်ခွင့်ပေးထားသည်။ အိမ်တွင် ဗန်းစကောသာသာကြီးသည့် မောင်းကြီးတစ်လုံးရှိသည်။ ထုတ်တန်းတွင် ဆွဲထားသည်။ အရေးဟဲ့ဆိုလျှင် အဘိုးကမောင်းထုသည်။

ဒူ. . . ဒူ. . . ဒူဟု ခပ်သွက်သွက်၊ အဆက်မပြတ်ထုလျှင် ရွာလူထုက အဘိုးထံ အပြေးအလွှားလာရသည်။ ဆယ်မိနစ်အတွင်း လူမစုံလျှင် အဘိုးသောင်းကျန်းပြီ။ မလာသေးသူကို နာမည်တပ်လျက် ငါနှင့်တုတ်သည်။ မအေ. . . နှမအားပါးတရဆဲပြီးလျှင်



"ဟော့ငထိ၊ ထပ်ထုစမ်း" ဟု အဘိုးက အမိန့်ပေးသည်။ ထိုအခါ ရွာဆော်ဦးထိက မောင်းကို ငယ်သံပါအောင် အဆက်မပြတ်ထုတော့သည်။ တဒူဒူထုပါလျက် လာရန်ပျက်ကွက်လျှင်တော့ မစားသာဘူးမှတ်။ အသက်သာဆုံးက ရွာလယ်ရှိဗွက်တွေသဲဖို့ရသည့် ဒဏ်။ ပြင်းထန်ပြီဆိုလျှင် ထိပ်တုံး။

အဘိုးမောင်းလောက်အရေးမပါသော်လည်း ဂရုမစိုက်၊ လျစ်လျူရှုလို့မရသည့် မောင်းတစ်လုံးရှိသေးသည်။ ဘကြီးဦးထိ့မောင်း၊ သံပန်းကန်လောက်သာရှိသည့် အဆိုပါမောင်းကို ဘကြီးဦးထိက တနောင်နောင်ထုပြီး အချက်ပေးသည်။ ဘကြီးဦးထိမောင်းသံကြားလျှင် သွားစရာတော့မလို။ အိမ်ပေါ်က နားစွင့်နေဖို့တော့လိုသည်။

"သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်းတို့ခင်ဗျား. . . " ဟု ဘကြီးအစချီလျှင် အလှူအတန်းကိစ္စ။ ဘယ်အပိုင်းက အလှူဒါယကာ ဘယ်သူ၊ အလှူဒါယိကာမဘယ်သူက ဘာကိစ္စအတွက် အလှူအတန်းလုပ်မည်၊ အတူတကွ ရေစက်ချတရားနာရန် ကြွပါဗျို့. . . ဟု ဖိတ်ကြားမှာသေချာသည်။ ရပ်ထဲရွာထဲ အလှူလုပ်လျှင် ရွာလုံးကျွတ် မီးခိုးတိတ်ဖိတ်မန္တကပြုသဖြင့် ဘကြီးကို ဗျို့ဟစ်ဖို့ အကူအညီတောင်းလေ့ရှိသည်။

"ကျေးရွာအတွင်းရှိ အိမ်ထောင်ဦးစီးများခင်ဗျာ. . . " ဟုဆိုလျှင် မင်းရေးမင်းမှု၊ မြို့နယ်၏ညွှန်ကြားချက်ကို ထပ်ဆင့်ထုတ်ပြန်တာလား. . . သူကြီးဦးပု၏အမိန့်ကို ကြေညာတာလား. . . တစ်ခုခု။ အရေးတကြီး မဟုတ်။ မြို့နယ်အာဏာပိုင်က လုံခြုံမှုအတွက် ရွာစည်းရိုးတွေလုံခြုံအောင် ကာခိုင်းတာလား. . . မီးသတိပြုဖို့လား. . . တစ်ခုခု။

“အရှေ့ဘက် အနောက်ဘက် တောင်ဘက် မြောက်ဘက်တို့ ခင်ဗျာ” ဟုဆိုလျှင် သူကြီးဦးပု၏ သီးသန့်အမိန့်။ နီးရာဓား ကြောက်ရသည့်အတိုင်း မြို့ပိုင်၊ နယ်ပိုင်အမိန့်ကို ဖီဆန်ကောင်း ဖီဆန်ဝံ့မည်။ သူကြီးအမိန့် ဖီဆန်ဝံ့သူမရှိ။ သူကြီးထက် သူကြီး နောက်တော်ပါး နှစ်လုံးပြူးထမ်းထွန်းမောင်ကို ပို၍ လန့်ကြသည်။ မျက်နှာကြောကတင်းတင်း ပြောလျှင်လည်း နားဝင်ကမချို။ ရှင်ကြီးထက် ကျားကပိုဆိုးသည်။

ထိုမောင်းနှစ်လုံးက စည်ပိုင်းရွာကို ဒုက္ခပေးနေသည်မှာ ကြာပြီ။ ဘယ်အချိန်ဘယ်အခါများ ငှက်ဆိုးထိုးသံနှယ် မောင်းကွဲ သံကြီးကြားရမလဲဟု စိုးတထိတ်ထိတ်။

မည်သို့ပင်ဆိုစေ အဘိုးက မောင်းတစ်လုံးနှင့် ရပ်ရွာအုပ်ချုပ် လာသည်မှာ ကြာပြီ။ ဘယ်နေ့ဘယ်ရက်ကတည်းက ဤရာထူး ရသည်မသိ။ ကျုပ်လူမှန်းသူမှန်းသိကတည်းက အဘိုးသည် မောင်းကွဲကြီးတစ်လုံး အပိုင်စားရထားသည်။

မောင်းကွဲကြီးထု၊ လူစုပြီးသည်နှင့် “အားလုံးနားထောင်” ဟု အဘိုးအော်လိုက်လျှင် ရွာသူရွာသားအားလုံးသည် တောလိုက် ခွေးအုပ်ကိုမြင်သည့် ယုန်သူငယ်ပမာ နားရွက်ကုတ်လျက် တုတ်တုတ်မျှမလှုပ်ဝံ့။ ပြီးတော့ သူပြောချင်သည်ကို ဒုတ်ထိုး အိုးပေါက်ပြောသည်။ အဆုံးသတ်တွင် “ဒါပဲ. . . ပြန်နိုင်ပြီ” ဟု အမိန့်ပေးလျှင် စကားတွန့်မတက်ဝံ့ဘဲ ဖုတ်ဖက်ခါထပြန်ရုံသာ။

အားလုံးနားလည်လား. . . ကြားကြလား. . . မှတ်မိတယ် နော်ဟု ဘယ်ခါမှပြန်မမေး။ တစ်ခွန်းပြောလျှင် အားလုံးနာခံရမည် ဟု အဘိုးသတ်မှတ်ထားသည်။ အကယ်၍ ထိုနေ့က မလာမိလို့



ကျုပ်မသိလိုက်ပါဘူးဟု စောဒကမတက်နှင့်။ စောဒကတက်လျှင် မောင်းထုခေါ်စဉ်က မလာသည်ကတစ်မှု၊ မင်းအာဏာဖီဆန်သည် ကတစ်မှု။ နှစ်မှုပေါင်းဖြစ်ချက်က ထိပ်တုံး။ အဘိုးအာဏာကြီးပုံက ဤသို့။

အဘွားက အာဏာရှိလူကြီးမင်းကို ကျောထောက်နောက်ခံ ပြုထားသူပီပီ ဒေါ်အေးခင်ပြောသမျှကို ခပ်ပေါ့ပေါ့သာ သဘော ထားသည်။ ဒီလိုတော်ရေ့. . . ဟု အသိပေးလိုက်သည်နှင့် ကိစ္စအားလုံး အဘိုးလုပ်သွားလိမ့်မည်။

* * *

ရွာတော်ရှင် ဗလိနတ်စာပူဇော်ပွဲ ကျင်းပမည်ဆိုသဖြင့် တစ်ရွာလုံး လှုပ်လှုပ်ရှားရှားဖြစ်နေသည်။ အထူးသဖြင့် ဒေါ်အေးခင်မှာ အဘွားထံသို့ တစ်နေ့တစ်ခေါက်၊ နှစ်ခေါက် မှန်မှန် ရောက်သည်။ ရောက်တိုင်း စကားအသစ်အဆန်းတစ်မျိုးမျိုး ကြားရ တတ်သည်။

“မနေ့ညက ကျားဟိန်းသံကြားလိုက်တယ်. . . ”

ဒေါ်အေးခင်က တီတိုးစကားဆိုသော်လည်း ဘေးပတ်ဝန်းကျင် ကြားရအောင် တမင်လေသံမြှင့်ပြောသည်။ ကျားဟု ကြားလိုက် သည်နှင့် ကျုပ်က နေစရာရှာမရတော့။ လူကြီးတွေကြားထဲ မသိ မသာ ဝင်ထိုင်သည်။ ဝိုင်းလယ်ရောက်အောင် တဖြည်းဖြည်း တိုးသွားမိသည်။

“ဒါဆို အရှင်ကြီး စိတ်ဆိုးနေပြီလားမသိဘူး”

ဒေါ်သေးတာက မျက်စိပျက် မျက်နှာပျက်နှင့် ဝင်ပြောသည်။ အဘွားက ဒေါ်သေးတာဘက် လှည့်၊ မျက်မှုန်ကုတ်လိုက်ပြီး “ဘာ

စိတ်ဆိုးမှာလဲအေ. . . ပူဇော်ပွဲပေးဖို့ ပြင်ဆင်နေတာ အရှင်ကြီး သိနေတာပဲ” ဟု ဩဇာအာဏာသံဖြင့် ထမာန်သည်။ ဒေါ်သေးတာ ငြိမ်ကုတ်သွားသည်။

“အစ်ကိုကြီးနှိုးဆော်တာလည်း နှိုးဆော်တာပေါ့။ ကျုပ်တို့ လည်း အသံလေးဘာလေး ပေးဦးမှဖြစ်မယ်. . . ”

ဒေါ်အေးခင်က အဘွားကိုယ်တိုင် ရွာလယ်ထွက်ပြီး အသံပြုဖို့ပြောသည်။ အဘွားမပါလျှင် လေးစာမှုလျော့သည်ဆို သဖြင့် အဘွားကဂုဏ်ယူဟန်ပြုံးသည်။

“အေးပေါ့၊ မနက်ဖြန်မနက် ညည်းနဲ့သေးတာလာခဲ့။ အိမ်က စထွက်ပြီး တောင်မြောက်တစ်ခေါက် လျှောက်လိုက်တာပေါ့”

“ကောင်းတယ် အစ်မ၊ ဒါနဲ့ကိုယ်တော်ကြီးကိုယ်တော်လေးတို့ ပျော်ဖို့ ဝိုင်းတော်တီးခေါ်ပြီးပလား. . . ”

“မနေ့ကတော့ ငထိကိုလွှတ်လိုက်တာပဲ။ တက်ခေတ်ရွှေနဲ့တော့ မတွေ့ခဲ့ဘူး။ သူ့လက်ထောက်နဲ့ တွေ့ခဲ့တယ်ဆိုလားပဲ”

“သေကောသေချာပါ့မလားအစ်မ”

“ဟဲ့၊ ဒီရွာကိစ္စ သင်းမျက်နှာလွှဲလို့ရမလား. . . တက်ခေတ် ရွှေဆိုတာ တို့မြောက်စားလို့နာမည်ထွက်လာတာပါအေ့”

“ဟုတ်တော့ ဟုတ်ပါတယ်။ မဖြစ်နိုင်ရင် ကြိုအကြောင်းပြန် မှာပေါ့။ ဒါနဲ့အစ်မ. . . ဟိုဒင်း၊ အစ်မကြီး ဒေါ်သက်ရှည်ရော. . . ”

“အဲဒီကိစ္စ ညည်းမပူနေနဲ့။ ဒီနေ့မနက်ပဲ အိမ်က သူရင်းငှား လေးလွှတ်လိုက်ပြီ။ ဒီပွဲမှာ ငါ့အစ်မမပါလို့ဖြစ်မလား. . . ဆယ်နှစ် ဆယ်မိုးလုံး ဒီကနားပွဲ သူဦးစီးလာတာလေ. . . ”

“အဲဒါကြောင့် အသိပေးတာပေါ့အစ်မရဲ့”



“ငါလုပ်သင့်တာတော့ အကုန်လုပ်ပြီးပြီ။ ဟဲ့သေးတာ”

“ရှင်. . . မမကျူး”

“ညည်းက ကာလသမီးခေါင်း အေးသာကိုခေါ်။ ရွာထဲက မိန်းကလေး လေးငါးယောက်နဲ့ ရေစင်ဖိုးလှည့်ကောက်”

“အဲဒီကိစ္စ ကျွန်မစီစဉ်ထားပြီးပါပြီ”

အဘွားက သူမခိုင်းရသေးခင် ကြိုတင်စီစဉ်ထားသည့် ဒေါ်သေးတာကို “ဒါမျိုးတော့ ညည်းက လျှင်တယ်” ဟူသော အကြည့်နှင့် ကြည့်လိုက်သည်။

“လုပ်စရာရှိတာ ကိုယ့်အသိနဲ့ကိုယ်လုပ်ကြ၊ ငါ့မှာ ညည်းတို့ လည်းပြောရဆိုရ၊ အိမ်ကလူလည်း ဖင်တို့ပေးရ၊ ညည်းတို့သိသားနဲ့။ ကဘိုးချီက မပြောနိုင်ရင် သူနဲ့မဆိုင်သလိုနေတတ်တယ်။ ဒါ ရပ်ရွာ ကိစ္စ၊ တစ်ရွာလုံးအကျိုး၊ ဒါမျိုးမှမလုပ်ရင် တော်ဘာလို့လူကြီးလုပ် နေသေးလဲလို့ ဆူရသေးတယ်”

ဒေါ်သေးတာက မျက်နှာဝှက်ပြီး ပြုံးလိုက်သည်။ ရွာလူကြီး ထက် ရွာလူကြီးကတော် အာဏာစောင်းထက်သည်ကို သူတို့သိနေ သည်။ အညာကိုကိုင်လိုက်သဖြင့် တစ်ခိုင်လုံးပါလာပုံကြည့်ပြီး ပြုံးမိခြင်းဖြစ်သည်။

“ဟဲ့၊ ဒါနဲ့ ညည်းတို့ဘာမုန့်တွေလုပ်ကြမလဲ”

“မုန့်ဖြူမုန့်နီပေါ့ အစ်မရယ်. . . သေးတာက မုန့်ဖက်ထုပ် ထုပ်တယ်ဆိုလား”

"အေး. . . ညည်းတို့ကိုသာပြောနေတာ. . . ငါဘာလုပ်ရမလဲဆိုတာ မစဉ်းစားရသေးဘူး"

"အစ်မကလဲ၊ ထုံးစံအတိုင်း ကောက်ညှင်းသုံးပြည်လောက်ပေါင်းလိုက်ပေါ့။ အစ်မလျှိုနေကျပဲဟာ. . ."

"အေး. . . ဒါပဲကျမယ်ထင်ပါတယ်။ ကဲကဲ. . . မနက်ဖြန်တော့ လုပ်စရာရှိတာတွေ လုပ်ကြတော့ဟေ့"

အဘွားဒေါ်ကျူးသည် စစ်ပွဲတစ်ပွဲတိုက်ရန် စီမံချက်ချနေသည့် စစ်သူကြီးအလား ညွှန်ကြားလိုက်သည်။ စစ်ကဲများဖြစ်သည့် ဒေါ်အေးခင်နှင့် ဒေါ်သေးတာကလည်း အောင်မြင်ဝင့်ကြွားသည့် အမူအရာအပြည့်နှင့် ရင်ကော့လျက် အိမ်ပေါ်မှဆင်းသွားကြတော့သည်။

* * *

"မင်္ဂလာရယ်မှ မဏ္ဍိုင်လေ. . . လေး. . . ဟေး. . . ဟေး"

စူးစူးရှရှအောင်မြင်လှသည့် ဘွားဘွားကြီးအသံက ကနားမဏ္ဍပ်တစ်ခွင်လုံး ဖုံးလွှမ်းသွားသည်။ နတ်သံပစ်လေပြီဟူသောအသိကြောင့် ကျွန်တော်တို့ကလေးတစ်သိုက်က ဒူးလေးတွေတုပ်၊ လက်အုပ်လေးတွေ ချီကြသည်။

"ဘုန်းတန်ခိုးတေဇာ၊ ဖြာဖြာအရောင်လင်းပါလို့၊ မင်းမင်းထိပ်ခေါင်တွေ. . ." (၃၇) မင်းနတ်၏ အခေါင်အဖျား သိကြားတိုင်သီချင်းဆက်ဆိုသည်။ ဘွားဘွားကြီးက သိကြားပင့်ပြီးလျှင် နတ်တို့



အခေါင်မဟာဂီရိနတ် ဆက်ပင့်လိမ့်မည်။ အိမ်တွင်းနတ်ခေါ် ပန်းပဲမောင်တင့်တယ်ပင်။

အသက်ရှစ်ဆယ်ကျော် ဘွားဘွားကြီးအမူအရာကဆယ့်ခြောက်နှစ်သမီးလေးနှယ် သွက်လက်နေသည်။ ဆိုင်းချက်နှင့်အတူ လှုပ်ရှားပုံက တကယ့်မင်းသမီးအလား။

သို့သော် ဘွားဘွားကြီးက မင်းသမီးတွေနှယ် ပြိုးပြိုးပြက်ပြက်အဝတ်အစားတွေမပါ။ မိတ်ကပ်တွေ ပေါင်ဒါတွေ. . . နှုတ်ခမ်းနီ၊ ပါးနီတွေခြယ်သမထား။ ပကတိအနေအထားအတိုင်းသာ။ ထူးခြားမှုတစ်ခုက အဘွားစည်းနှောင်ပေးလိုက်သည့် ရင်စည်းပဝါတစ်ခုသာ ဘွားဘွားကြီး၏ရင်အုံထက်တွင် ပတ်စည်းထားသည်။

ဘွားဘွားကြီးအထာသိနေသော တက်ခေတ်ရွှေဆိုင်းအဖွဲ့ကအတီးရောအဆိုပါ ဝင်လာသည်။ လေးငါးယောက် ဝိုင်းဆိုလိုက်သဖြင့် အသံက ဟိန်းထွက်လာသည်။ ဆိုင်းချက်ကလည်း ပိုသွက်လာသည်။

သီချင်းတစ်ပုဒ်ဆုံးသည်နှင့် ဘွားဘွားကြီးက ဆိုင်းဆရာဘက်လှည့်သည်။

"ဘယ်လိုလဲဟေ့ သားတော်ကြီး တက်ခေတ်ရွှေ"

"အမိန့်ရှိပါဘိုးဘိုး"

"မင်းတို့ကလည်း ဒီအချိန်ရောက်မှပဲ ငါ့ကိုသတိရတယ်"

"သားတို့က အမြဲသတိရနေတာပါဘိုးဘိုး။ ဘိုးဘိုးခေါ်မယ့်အချိန်ကို အမြဲစောင့်နေတာပါ"

"ဒီလိုလား. . ."

"ဒါပေါ့ဘိုးဘိုးရဲ့။ ဘိုးဘိုးက နေ့တိုင်းခေါ်ရင် နေ့တိုင်းလာချင်တာ. . . သားတို့က ပျော်ချင်တာကိုး"

"ပျော်ရမယ်. . . ရွှင်ရမယ်ပေါ့။ ငါရှိတဲ့နေရာမှာ အမြဲတမ်းပျော်ရွှင်နေစေရမယ်။ ဒီလောက် စောင့်ရှောက်ပေးနေတာတောင် ဟောဒီရွာကကောင်တွေက ငါ့ကိုသတိမရဘူး"

ဘွားဘွားကြီးနှင့် ဘိုးဘိုးကြီးက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ခေါင်းငုံ့သွားကြသည်။ အကင်းပါးသည့် ဆိုင်းဆရာတက်ခေတ်ရွှေက ကြားဝင်ဖာထေးသည်။

"ရတာကတော့ ရပါတယ်ဘိုးဘိုးရာ. . . ဒါပေမယ့် ဘိုးဘိုးက ခြူးတစ်ပြားမပေးတော့ ကပ္ပလာနိမ်း၊ ခန္ဓာနိမ်းဖြစ်နေတာ. . ."

"ဘာကွ. . . မင်းတို့ကို ငါက မကြည့်ဘူး၊ မစောင့်ရှောက်ဘူးဟုတ်လား. . . ဒီရွာဘေးဒုက္ခမဖြစ်အောင် ဘယ်သူစောင့်ရှောက်တယ်ထင်လဲ. . ."

"ရွာလူကြီးပါ" ဟု တိုးတိုးလေးဖြေလိုက်မိသည်။ ကျုပ်အသံက တိုးသည့်အပြင် ပတ်မထုသံနှင့် လင်းကွင်းသံက ဖုံးသွားသဖြင့် ဘေးလူတွေမကြားလိုက်။

အမှန်ပင်။ ကျုပ်တို့ရွာလုံခြုံအောင်၊ အေးချမ်းအောင် စောင့်ရှောက်နေသည်မှာ အဘိုးနှင့် ဆယ်အိမ်မှူးတွေ. . . ကင်းစောင့်ရသည့်ကာလသားတွေ။ ရွာတံခါးလေးပေါက်ရှိရာ၊ တံခါးတစ်ပေါက်လျှင် ငါးယောက်နှုန်းစောင့်ရသည်။ ကင်းစောင့်ရသည်က မည်ကာမတ္တမဟုတ်။ တိတိကျကျ။ ညနေခြောက်နာရီ ရွာတံခါးတွေပိတ်၊ မနက်ခြောက်နာရီမှ ဖွင့်။ လူဝင်လူထွက်ရှိလျှင် သေသေချာချာစစ်မေး။ မသင်္ကာလျှင် ဆယ်အိမ်မှူးမှတဆင့် အဘိုးထံအကြောင်းကြား၊



အဘိုးစစ်မေးပြီး ကျေနပ်မှ အတွင်း ဝင်ခွင့်ပေးသည်။ တစ်ရွာလုံး၏ အသက်အိုးအိမ်စည်းစိမ်သည် ကင်းသမား ပေါ်တည်သည်။ မအိပ်ရ၊ မငိုက်ရ၊ မမူးရ။ ဤသို့အမိန့်ထုတ်ထားသည်။ ကင်းသမားရှိကြောင်း၊ နိုးကြားထကြွမှုရှိကြောင်း၊ အဆင်သင့်ရှိကြောင်း အဘိုးသိအောင် နာရီသံချောင်းခေါက် အချက်ပြရသည်။ ဆယ့်ငါးမိနစ်တစ်ကြိမ် အချက်ပေးသံချောင်း ခေါက်ရသည်။

အမှတ် (၁) ကင်းဟု သတ်မှတ်ထားသော အရှေ့တံခါးက ဦးဆုံးခေါက်သည်။ တောင်ဘက်တံခါးက ဒုတိယခေါက်သည်။ အနောက်တံခါးက တတိယခေါက်သည်။ မြောက်တံခါးက နောက်ဆုံးပိတ်ခေါက်သည်။ တံခါးတစ်ခုခုက ခေါက်သင့်ချိန် မခေါက်လျှင် အဘိုးနှင့်ရာအိမ်မှူးတွေ အဆိုပါတံခါးသွားကြည့်သည်။ ကင်းအိပ်နေလျှင် အဘိုးဆူသည်မှာ တစ်ရွာလုံးလန့်နိုးကုန်သည်။

အမြဲမပျက် သတိချပ်လျက် စောင့်ရှောက်မှုကြောင့် ရွာတွင်းသို့ လူဆိုးသူခိုးများမဝင်နိုင်။ ရွာသူရွာသားများ အေးအေးချမ်းချမ်းအိပ်နိုင်သည်။

အဘိုးနှင့်ကာလသားများစောင့်ရှောက်သဖြင့် ရပ်ရွာအေးချမ်းသည်ကို သိထားသောကျုပ်က "ရွာလူကြီးပါ" ဟု ဖြေသည်မှာ မလွန်။ သို့သော် ရွာတော်ရှင်ဆိုလျှင် ဖိန့်ဖိန့်တုန်ကြောက်လန့်သည့် ဘွားအေကြီးတို့တစ်သိုက်က "အရှင်ကြီးစောင့်ရှောက်ပေးလို့ပါ" ဟု တုန်တုန်ယင်ယင်ဖြေကြသည်။ မကျေနပ်စရာ. . .။

ရွာတော်ရှင်ပြီးတော့ အိမ်တွင်းမင်းမဟာဂီရိနတ်ဝင်သည်။ မင်းမဟာဂီရိလိုက်ရပေမယ့် ဘွားဘွားကြီးကမူ အဝတ်အစား မပြောင်း။ ရွာထဲမှ ထွက်လာတော့လည်း ဒီပုံ၊ ဒီအဝတ်အစား။ နတ်နန်းရောက်တော့လည်း ဒီပုံဒီအဝတ်အစား။ အခြားလဲစရာလည်းမရှိ။ အခကြေးစားနှင့် လိုက်ကသော နတ်ထိန်းများနှယ် တစ်ပါးလာတစ်ခါလဲ မလုပ်နိုင်။ ပုံသေအဝတ်အစားနှင့် နတ်တစ်ပါးပြီးတစ်ပါးပြောင်းသွားသည်။ မင်းနှစ်ပါးဝင်တော့လည်း အဝတ်အစားမပြောင်း။ ပခန်းကိုကြီးကျော်ဝင်တော့လည်း မပြောင်း။ ဆိုင်းသံပြောင်းသည်။ ဘွားဘွားကြီးကပုံကဟန်ပြောင်းသည်။ ပြောပုံဆိုပုံပြောင်းသည်။ အဝတ်အစားမပြောင်းဘဲ တစ်ပါးပြီး တစ်ပါး ဝင်လိုက်ထွက်လိုက်လုပ်နေပုံကို ရွာသူရွာသားတွေက တလေးတစား ရှိနေသည်။ လက်အုပ်လေးတွေတချီချီနှင့် နတ်တွေ ငေါက်သမျှ၊ မာန်သမျှကို ခေါင်းငုံ့ခံနေပေသည်။

* * *

ရွာတွင်ကနားပွဲပေးလျှင် ကျုပ်တို့ကလေးတွေ အလွန်ပျော်သည်။ မပျော်ဘယ်ရှိမလဲ။ ဆိုင်းသံလည်း ကြားရ၊ ကလည်းကရ၊ သဘောကျဖို့ကောင်းတာက မုန့်မျိုးစုံကို ဗိုက်ကားအောင်စားရတာ . . . မုန့်ဖြူ၊ မုန့်နီ၊ ဆီကြော်မုန့်၊ တရုတ်မုန့်၊ ကောက်ညှင်းထုပ်။

ရွာတော်ရှင်နတ်တင်ဖို့ တစ်အိမ်တစ်မျိုးယူလာသည့်မုန့်က အောတိုက်နေသည်။ ဘွားဘွားချက်သည့် ကောက်ညှင်းနှင့် ထန်းလျက်ခဲစားမလား. . . မုန့်ဖြူမုန့်နီစားမလား. . . မုန့်ဖက်ထုပ်ပဲ စားမလား. . . စားချင်တာစား၊ မကုန်နိုင်မခန်းနိုင်။ လက်ဖက်ပွဲတွေက အိမ်တိုင်းပါသဖြင့် တို့ချင်စိတ်ပင်မရှိ။



ဗိုက်နင့်အောင်စားရလေ့ရှိသည့် ကနားပွဲကို ကျုပ်တို့ကလေးတွေက အပြတ်အားပေးသည်။ ကနားပွဲတက်ဖို့ အကြိုနေ့ကတည်းက ပြင်ကြဆင်ကြ။ တိုင်ပင်ကြနှင့် အိပ်ဖို့ပင်မေ့နေတတ်သည်။

နောက်နေ့တွင် လူကြီးတွေမနိုးခင်ကတည်းက ကြိုနိုးနေသည်။ လူကြီးတွေမပြင်မဆင်ရသေးခင်ကတည်းက အဝတ်အစားကြိုလဲထားကြသည်။

မိုးလင်းတော့ တစ်ရွာလုံးက အဘိုးအိမ်တွင် လာစုသည်။ ဘယ်သူပါလားဟေ့. . . ဘယ်သူကျန်သေးလဲဟေ့. . . ဟု ဘွားအေကြီးက လောဆော်သည်။ လူစုံပြီထင်တော့ အဘိုးနှင့် ရာအိမ်မှူးတွေ နေရာယူသည်။ ဘိုးဘိုးနောက်တွင် ဘွားအေကြီးက ကန်တော့ပွဲရွက်၊ အဘွားဒေါ်အေးခင်က သောက်တော်ရေအိုး ရွက်နေရာယူသည်။ ဝတ်လဲတော်လဲလှူလိုသည့် အလှူရှင်ရှိလျှင် မောင်းထောင်ခွက်ထဲ ဝတ်လဲတော်ထည့်ပြီးရွက်လျက် ဘွားအေကြီးတို့ နောက်မှာရပ်သည်။

ဝတ်လဲတော်ဆိုသည်မှာ ရွာတော်ရှင်နတ်နန်းရှိ နတ်ရုပ်များကို ဝတ်ဆင်ပေးမည့် ပုဆိုးပိုင်းလေးတွေ. . . အရုပ်က တစ်တောင်သာသာခန့်သာရှိတော့ ဝတ်လဲတော်ကလည်း ထိုအတိုင်းအတာမျှသာ. . .။ ဝတ်လဲတော်လှူနိုင်သူက ရွာမှာ ထိတ်ထိတ်ကြဲ။ ကိုယ်တော်ကြီးကိုယ်တော်လေးကို ဝတ်လဲတော်ဆက်သရသောကြောင့် စီးပွားဥစ္စာတက်သည်ဟု အယူရှိ၍ အနာဂတ်ဆုလာဘ်ကြောင့် မော်နိုင်ကြွားနိုင်သည်။

ဝတ်လဲတော်ဆက်မည့်သူနောက်တွင် အိမ်တိုင်းအိမ်တိုင်းက ဆက်လှူမည့် အချိုပွဲအချဉ်ပွဲတွေ ရွက်လာသူများ နေရာယူသည်။

နောက်ဆုံးက ကိုသာမောင်တို့ဒိုးဝိုင်းအဖွဲ့။ အလျှုလည်း ဒိဒိုး၊ ကထိန်လည်း ဒိဒိုး၊ ဆွမ်းကြီးလောင်းလည်း ဒိဒိုး။ ကိုသာမောင့်ဒိုး မပါလျှင် ပွဲမစည်လေတော့ နတ်ကနားပေးပွဲလည်း ကိုသာမောင် တွင်ကျယ်သည်။ ကိုသာမောင်ဒိုးအဖွဲ့ကလည်း ဘယ်ပွဲဖြစ်ဖြစ် မကျိုးရွှက်ငုတ်တို့. . . ရွှက်နုတွေပေါက်ခါမှ ချဉ်ချဉ်ရေသောက်မယ်ကွဲ့ မယ်ထွေးရယ်သီချင်းကို အာပြဲအောင်အော်ဆို. . . ပြောင်ပိန်၊ ပြောင်ပိန်တီး။ ကျုပ်တို့ကလေးတွေက နားမညည်းနိုင်။

ရွာထိပ်ညောင်ပင်အောက်ရှိ နတ်နန်းရောက်သည်နှင့် ပူဇော် မည့်ပစ္စည်းတွေ နန်းပေါ်တင်. . . ရွာသူရွာသားတွေက နတ်နန်း ဘက်မျက်နှာမူ. . . ညီညီဖြဖြကန်တော့ကြစို့ဟု ဘကြီးဦးထိက သတိပေးလျှင် သြကာသကန်တော့ချိုးရွတ်. . . ဦးချကန်တော့လျှင် ပူဇော်ပွဲပြီးပြီ။ နတ်ကန်တော့ရာ၌ သြကာသကန်တော့ချိုး ဆိုသင့် မဆိုသင့် မသိ။ ငါးပါးသီလယူသင့်မယူသင့် နားမလည်။ ဘကြီး ဦးထိတိုင်ပေးသမျှ တစ်ရွာလုံးက လိုက်ဆိုသည်။

နတ်ကန်တော့ပြီးသည်နှင့် ဘွားဘွားကြီးဒေါ်သက်ရှည် အလှည့်။ ဘွားဘွားကြီးက သုံးဆယ်ခုနစ်မင်းနတ်တွေပင့်. . . ဆိုင်းဝိုင်းနှင့် ချော့။ ဘွားဘွားကြီး အားပျော့နုံးခွေသွားမှ ကနားပွဲ သိမ်းသည်။

ကျုပ်တို့ကလေးတွေကတော့ ဒီအချိန်ကို သဘောအကျဆုံး။ သဘောကျတာပေါ့၊ နတ်တင်ထားသမျှ ပွဲတော်ကျတွေကို တအုန်းအုန်းတဝုန်းဝုန်း၊ အလုအယက်စားရသည့် အချိန် မဟုတ်လား။

* * *



ရာသီစက်ယန္တရားက အဆက်မပြတ် လည်ပတ်ခဲ့ရာ ရက်မှ လ၊ လမှနှစ် အလီလီပြောင်းခဲ့သည်။ ရွှက်ဟောင်းတို့ကြွေ ရွှက်သစ် တို့ အကြိမ်ကြိမ်ဝေခဲ့သည်။

စည်ပိုင်းရွာကို မောင်းတစ်လုံးနှင့် စီမံအုပ်ချုပ်ခဲ့သော ကျုပ် အဘိုးဦးဘိုးချီကွယ်လွယ်သည်မှာ ကြာပြီ။ အဘိုးသာလျှင် မဟုတ်သေး၊ ရွာလူကြီးကို နောက်ပိုင်းမှ ကြိုးကိုင်ခြယ်လှယ်သည့် အဘွားဒေါ်ကျူးလည်း ဆုံးပါးခဲ့ပြီ။ အဘွား၏လက်ကသုံး တောင်ဝှေးဖြစ်သည့် ဒေါ်အေးခင်နှင့် ဒေါ်သေးတာတို့လည်း မရဏ မင်းကို မလွန်ဆန်နိုင်သဖြင့် သေရွာသို့လှမ်းခဲ့သည်။ အဘိုးအဘွား တို့သာလျှင် မဟုတ်သေး၊ ဖခင်ဦးမြသောင်းပင်လျှင် အသက် (၆၀) ကျော်၌ ဆုံးပါးခဲ့သည်။ ခုတော့ အဘိုး၏အရိုက်အရာကို ဆက်ခံ သည့်အနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် ကျုပ်တာဝန်ယူခွင့် ရခဲ့သည်။

ကျေးရွာတွင် ပွင့်လာသည့် မူလတန်းကျောင်းကျေးဇူးကြောင့် ကျေးရွာ၌ ပညာတတ်လေးတွေ ပေါ်ခဲ့သည်။ လောကဓာတ်ပညာ ဟု အဘိုးအဘွားတို့ခေါ်သည့် အတန်းပညာတွေသင်ခဲ့ရသဖြင့် ဗဟုသုတရသည်။

ပထဝီသင်ရသဖြင့် မြန်မာပြည်အကြောင်း၊ မြစ်ချောင်း အင်းအိုင်အကြောင်း၊ တောတောင်ရေမြေအကြောင်း၊ သဘာဝ တွင်းထွက်ပစ္စည်းတွေအကြောင်း သိရသည်။

သမိုင်းသင်ရသဖြင့် မြန်မာ့သမိုင်းသိရသည်။ ကမ္ဘာ့သမိုင်း သိရသည်။ အနော်ရထာအကြောင်းသိရသည်။ တပင်ရွှေထီး အကြောင်း သိရသည်။ ဘိုးတော်ဘုရားအကြောင်း သိရသည်။ တကောင်းမင်းဆက်အကြောင်း သိရသည်။ မောင်တင့်တယ်အကြောင်း

သိရသည်။ ပုဂံသူရဲကောင်းလေးဦးနှင့် ရွှေဖျဥ်းကြီး၊ ရွှေဖျဥ်းလေး အကြောင်း သိရသည်။ အောင်စွာငယ် ခေါ် မြင်းဖြူရှင်အကြောင်း သိရသည်။

မင်း၊ မိဖုရား၊ မင်းညီမင်းသား၊ မြို့စားရွာစားများ အသေဆိုးနှင့် သေလျှင် နတ်ဖြစ်သည်။ သာမန်အရပ်သူအရပ်သား အစိမ်းသေ သေလျှင် ပြိတ္တာဖြစ်သည်။ လူချင်းတူပါလျက် အခွင့်ထူးခံလူတန်းစားက သေလျှင်ပင် လူတို့အကိုးကွယ်၊ အပူဇော်ခံနတ် ဖြစ်သတဲ့။

အဘိုးအဘွားတို့၊ ဘွားဘွား၊ ဒေါ်သက်ရှည်တို့အမြဲ ပူဇော်သည့်နတ်များကား ပုံမှန်သေရိုးသေစဥ်နှင့်မသေရဘဲ တုတ်၊ ဓား၊ လက်နက်နှင့် သေခဲ့သူများ။ ကိုးကွယ်မှုမှားနေပြီဟု သတိပြုမိသည်။

အနီးအနားတစ်ဝိုက်၌ ချင်းစု၊ သာယာကုန်း၊ ဝက်လက်၊ ရှမ်းစုရွာများတွင် နတ်စင်မရှိ။ ကနားပွဲလည်းမလုပ်။ ရွာတော်ရှင် ဘိုးဘိုးကြီးလည်း မပူဇော်မ,ပသ။ ဦးမင်းကျော်ကိုလည်း ပျော်တော်မဆက်။ ရပ်ရွာအေးချမ်းဖို့၊ ရွာသူရွာသားတွေချမ်းသာဖို့ ဘိုးဘိုးမပါ၊ ကိုကြီးကျော်မ,ပါ၊ အမေရေယဉ်မ,ပါဟု အသနားခံသူများ မကြီးပွား။ မချမ်းသာ။ ရှမ်းစုရွာသားတွေ မတ်ပဲနှင့်ကြီးပွားကုန်သည်။ ဒိုးနွယ်ရွာသားတွေ မြေပဲနှင့် ချမ်းသာကုန်သည်။ ကြို့ပင်ရွာက မြို့နှင့်ဆက်သွယ်ဖို့ ကတ္တရာလမ်းကြီးပေါက်သွားတော့ အလုပ်အကိုင် အဆင်ပြေသွားသည်။ ဘိုးဘိုးကြီးစောင့်ရှောက်သည့် စည်ပိုင်းရွာကတော့ နဂိုဒုံရင်း။

စာပေဗဟုသုတရှိလာသည်နှင့်အမျှ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးဝေဖန်နိုင်သည်။ မိရိုးဖလာအယူအဆ



အစွဲအလမ်းများသည် အကျိုးမရှိလျှင်ပယ်ရသည်။ သက်ကြီးစကားလည်း မှားနိုင်သည်။ ကျန်းဂန်လာဆိုငြားလည်း အမှန်ဟုမယူဆသင့်မှန်းသိလာတော့. . . ရွာထိပ်မှ နတ်စင်ကြီးနေရာတွင် မူလတန်းကျောင်းဆောက်လိုက်သည်။ စာကြည့်တိုက်ထူထောင်လိုက်သည်။ ကြို့ပင်ရွာကို အတုယူလျက် ဆက်သွယ်ရေးလမ်းတွေ ပြုပြင်ခဲ့သည်။ မိုးစပါးသာလျှင်မကဘဲ နွေစပါးပါစိုက်နိုင်အောင် ကြိုးစားခဲ့သည်။ ဆယ်နှစ်တာကာလအတွင်း တိုးတက်ပြောင်းလဲမှုတွေ မြင်လာရသည်။

ပြုပြင်ပြောင်းလဲမှုလုပ်ရာ၌ နေ့ချင်းညချင်းဖြစ်လာသည် မဟုတ်။ အစွဲအလမ်းဟောင်းချေချွတ်ဖို့က သံချေးတက်သည့် ဓားကိုချွတ်သလောက်မလွယ်။ အသစ်ကို လက်ခံလာအောင် စည်းရုံးရသည်မှာ မလွယ်။ အဘိုးနွယ် မောင်းကွဲတစ်လုံး အပိုင်စားရပြီး၊ တစ်ချက်လွတ်အမိန့်ထုတ်နိုင်လျှင် ကောင်းပေစွဟု တစ်ခါတရံတမ်းတမိသည်။

ခုတော့ “မြင်းခွာသံကြားရတယ်” ဟု လာပြောမည့် ဒေါ်အေးခင်လည်း မရှိတော့။

မြင်းခွာသံအစား နွေစပါးစိုက်ပျိုးရန် လယ်ကွင်းထဲရေတင်သည့် ကူဘိုတာစက်သံများသာ ညံနေပေတော့သည်။

* * * * *

## ကြွေးတင်ရှင်ဘုရင်ဆပ်

“အရီး၊ ကျွန်မကို ငွေအနည်းအကျဉ်းလှည့်ပါဦး”

ငြိမ်းမြင့်လာလျှင် ဒီစကားပဲပြောမည်မှန်းသိသော်လည်း မသိဟန်ဆောင်ပြီး ဖက်ဆေးလိပ်လိပ်နေသည်။

ငြိမ်းမြင့်က စကားရောဖွဲရောနှင့် တက်လာသည်။ မလှမ်းမကမ်းတွင်ထိုင်ပြီး အိမ်ထဲလှည့်ပတ်ကြည့်သည်။ အသံဗလံမကြားရကတည်းက အရီးလေးကလွဲပြီး တစ်ယောက်မှမရှိမှန်းသိလျက် စကားရှာမေးသည်။

“အစ်ကိုလေး ဘယ်သွားလဲအရီး”

ငြိမ်းမြင့်မေးသည်က အငယ်ကောင်တင်မောင်မြင့်။ မောင်နှမ နှစ်ဝမ်းကွဲတော်သည့် တင်မောင်မြင့်ကို ငြိမ်းမြင့်က အစ်ကိုလေးဟု ခေါ်လေ့ပြောလေ့ရှိသည်။ အကြီးကောင် တင်အောင်လှကို အစ်ကိုကြီးဟု ခေါ်သည်။ နှမရင်းချာမရှိသောသားနှစ်ယောက်က ငြိမ်းမြင့်ကို နှမရင်းချာနှယ် သံယောဇဉ်ရှိသည်။ သူတို့ထဲက တစ်ယောက်ယောက်ရှိပြီး ငြိမ်းမြင့်လာသည်ကိုမြင်လျှင် “ဟိုကောင်မလေး ဘာလာလုပ်ပြန်ပြီလဲ” ဟု မေးလေ့ရှိသည်။

အမှန်တော့ ငြိမ်းမြင့်ဘာလာလုပ်သည်ကို သိထားပြီးဖြစ်သည်။ စကားမစရဲမှာစိုး၍ လမ်းခင်းပေးခြင်းဖြစ်သည်။ သူ့အစ်ကိုတွေ ရှိလျှင် လိုရင်းကိုတဲ့တိုးပြောတတ်သည်။ ထိုအခါ သားတွေက "အမေ. . . ငြိမ်းမြင့်ငွေလိုနေလို့တဲ့" ဟု ကူပြောပေးသည်။ မချေးချင်၍ လှည့်ပတ်ပြောလျက် "ကိုင်း၊ ပေးလိုက်စမ်းပါ အမေရယ်" ဟု တိုက်တွန်းတတ်သည်။ မအေထံမှာရှိမှန်း သိနေတော့ မရှိပါဘူးဟယ်. . . ဟု လှည့်ပတ်ပြော၍မရတော့။

"ညည်းလုပ်ပြန်ပြီ"

ဒေါ်မြမေက ဆေးလိပ်လိပ်ရင်း စောင်းကြည့်လျက် မျက်နှာထားဖြင့် ပြောလိုက်သည်။

"ဒီတစ်ခါမကြာပါဘူး အရီးရယ်. . . ကောက်စိုက်ခလေး ရရင် ချက်ချင်းလာပေးပါမယ်"

"ပေးတာဟုတ်တယ်. . . ငါလည်းမလည်ဘူးအေ့"

"အရီးမလည်တာက လှည့်လို့ပတ်လို့ရပါသေးတယ်။ ငြိမ်းမြင့်မလည်တာက အားကုန်တဲ့ဂျင်လို တုံးလုံးပက်လက်လဲနေတဲ့ဘဝ။ အရီးကလွဲပြီး လှည့်စရာမရှိလို့ပါ"

"သြော်. . . အပြောကကောင်းသေး။ ဘာလဲ. . . ဟိုကောင့် အရက်ဖိုးလာရှာတာမို့လား"

"ဈေးသုံးလိုလို့ပါ"

"တော်စမ်းပါငြိမ်းမြင့်ရယ်. . . ညည်းအကြောင်းမသိရင် ခက်မယ်။ အရက်သမားလင်လုပ်ထားပြီး လူမိုက်အားပေး သောက်ဖို့စားဖို့ ရှာကျွေးရသတဲ့။ ငါမပြောချင်ဘူး၊ ညည်းတစ်ယောက် ကြောင့် အမျိုးဂုဏ်ပျက်တယ်. . ."



"အရီးတူက အရက်သောက်တာကလွဲပြီး ကျန်တာကောင်း ပါတယ်. . ."

"အမယ်လေးလေး။ ငါ့တူဆိုပြီး ဆွေမျိုးလာမစပ်ပါနဲ့အေ . . . လူကလက်ကြောမတင်း၊ အမြဲကျောခင်းနေတဲ့ကောင်။ အလုပ် သာမလုပ်ချင်တာ အရည်သောက်ဖို့တော့ ဝတ္တရားမပျက်ဘူး"

ဒေါ်မြမေအနေဖြင့် တူမကိုသံယောဇဉ်ရှိသော်လည်း တူမ ယောကျ်ားလှမောင်ကိုမူ ကြည့်မရ။ မိုးလင်းကမိုးချုပ် အရက်ဆိုင် တွင် အချိန်ကုန်၊ အလုပ်လုပ်ဖို့မစဉ်းစား၊ စာလေးပေလေးဖတ်ပြီး စကားကြီးစကားကျယ်ပြောသည်ကို သဘောမကျ။ မျက်စိစပါးမွေး စူးသည်။

"လက်ရှိ မြန်မာပြည်ရဲ့စီးပွားရေးက ခရိုနီတွေ လက်ထဲမှာ ရေစုန်မျောနေတယ်။ ပြည်သူတွေ စီးပွားရေးဦးမော့စေချင်ရင် ခရိုနီတွေ ဖယ်ရှားပစ်ရမယ်"

နားထောင်မည့်သူရှိလျှင် နိုင်ငံတော်၏စီးပွားရေးကို သုံးသပ်ပြနေသော လှမောင်ကို အမြင်ကပ်သည်။ "ဟဲ့လှမောင် . . . နိုင်ငံစီးပွားရေးတွေ ဘာတွေလုပ်မနေနဲ့။ နင့်မိသားစု ထမင်း စားနိုင်အောင် အလုပ်လုပ်ဖို့စဉ်းစား. . ." ဟု စိတ်ချဉ်ချဉ်နှင့် ဝင်အော်ပစ်သည်။ ဒေါ်မြမေကိုတော့ လူမှုရေးအရ မလွန်ဆန်နိုင် သဖြင့် ရယ်ကျဲကျဲမျက်နှာပေးနှင့် ရှူးသလို၊ မူးသလို လုပ်ပစ်သည်။

ဒေါ်မြမေသဘောမကျသည်က အလုပ်မလုပ်ဘဲ မိန်းမ လုပ်စာထိုင်စား. . . အားအားရှိ နိုင်ငံရေးစကားတွေပြောခြင်းပင်။

ကိုယ်က သဘောမကျသော်လည်း ကာယကံရှင်တူမက ကြည်ဖြူနေတော့ ဝင်မပြောသာ။ အကြောင်းပေါ်လာလျှင် တူမကိုသာ ဖိနှိပ်ပြောနေရသည်။

✻ ✻ ✻

"ဒီမယ်ငြိမ်းမြင့်. . . ငါ့အဘိုး ဦးသာပြောဖူးတယ်။ ငွေဆိုတာတဲ့ ဝင်လာရင် အဖော်မပါဘဲ တစ်ယောက်တည်းချင်း လာတတ်ပြီး၊ ထွက်ရင်တော့ တစ်ပြုံလုံး စုရုံးထွက်တဲ့သဘောရှိတယ်တဲ့။ ညည်းနားလည်လား. . "

အရီးလေးထံမှ မကြားဖူးသောစကား ကြားလိုက်သဖြင့် အံ့ဩသည့်အမူအရာဖြင့် ဖျတ်ခနဲကြည့်လိုက်သည်။ "ညည်းနားလည်လား. . . " ဟု ကောက်အမေးတွင် ယောင်ယမ်းခေါင်းခါလိုက်မိသည်။

"အေး. . . ဒါမျိုးနားမလည်ဘူးဆိုတာ ငါသိပါတယ်။ ညည်းနားလည်အောင်ပြောရရင် ငွေရှာတာ ခက်တယ်။ သုံးတာလွယ်တယ်အေ့"

လွယ်တယ်အေ့. . . ဟု တမင်လေသံမြှင့်ပြောလိုက်ပြီး သဘောမကျဟန်ဖြင့် စောင်းကြည့်သည်။ ပြီးတော့ လိပ်ပြီးသား ဖက်ဆေးလိပ်ကို သစ်သားတုံးပေါ် ဖင်ဆောင့်ချလိုက်သည်။

"ရှေးလူကြီးတွေက ငွေကို ရနိုင်သမျှရအောင်ရှာတယ်။ ရှာထားတဲ့ငွေကို သုံးပဲသုံးတယ်၊ မဖြုန်းဘူး"

"မဖြုန်းဘူး. . . "

အရီးစကားကို ငြိမ်းမြင့်က လိုက်ရေရွတ်လိုက်သဖြင့် ငြိမ်းမြင့်မျက်နှာကို တစ်ချက်ကြည့်လျက် အပေါ်နှုတ်ခမ်းလေး တွန့်ရုံပြုံးလိုက်သည်။



"အေ့. . . သုံးတာနဲ့ဖြုန်းတာတောင် ခွဲခြားမသိဘူးဆိုတာ ညည်းလေသံကြားရုံနဲ့ ရိပ်မိတယ်။ ဒီမယ် ငြိမ်းမြင့်၊ ညည်းက ငါ့တူမ၊ သွေးရင်းသားရင်း၊ အဲဒီသားချင်းတွေ ကြီးပွားတာပဲ မြင်ချင်တယ်။ ဆင်းရဲဒုက္ခရောက်နေတာ မမြင်ချင်ဘူး။ ဘယ့်နှယ်အေ. . . လက်ကြောမတင်းတဲ့ယောကျ်ားကို အလုပ်လုပ်ချင်လာအောင်တော့ မစည်းရုံးဘူး။ လင်ကို ဖူးဖူးမှုတ်ထားပြီး ညည်းက ရှာကျွေးနေရတာ မရှက်ဘူးလား. . . "

"သူလည်း အလုပ်လုပ်ချင်ပါတယ်၊ အရင်းအနှီးမရှိတော့ ဘာလုပ်ရမှန်းမသိလို့ပါ" ဟု ဆင်ခြင်ပေးလိုက်ချင်သည်။ ဤသို့ပေးလျှင် ခွက်ထိုးခွက်လန် ထရယ်ပြီး လက်ညှိုးငေါက်ငေါက်ထိုးဆဲဆိုဦးမည်။

"ခုဟာ တကယ် အိမ်စရိတ်လိုလို့ပါ"

"ငြိမ်းမြင့်၊ ညည်း ဒီလိုအကြောင်းပြမှာ ငါသိပြီးသား၊ တကယ်ပါအေ. . . ညည်းတို့ ငါ့အဘိုးနဲ့ တွေ့စေချင်တယ်"

"ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ"

"ငါ့အဘိုးနဲ့တွေ့စေချင်တယ်ဆိုလို့ပါ"

"အေး တွေ့စေချင်တယ်။ အဘိုးသာ မသေသေးရင် တွေ့ကိုတွေ့ပေးတယ်။ ဒီမယ်. . . ငါတို့အဘိုးက ဦးသာတဲ့၊ ဒီရွာမှာတော့ ငွေကြေးအချမ်းသာဆုံးပဲ။ အဲ. . . ချမ်းသာတယ်ဆိုလို့ သုံးမကုန်၊ စားမကုန် ငွေတွေရွှေတွေ သောက်သောက်လဲရှိတယ်တော့ မထင်နဲ့. . . ဟိုခေတ်က ငွေတစ်ထောင်ရှိရင် လူချမ်းသာအေ့"

"ဟုတ်ကဲ့ပါအရီး"

"ဒီရွာစတည်တာ ငါ့အဘိုး။ ဦးသာတဲ့. . . ဦးယာတဲ့. . . ဒေါ်မလေးတဲ့. . . ဦးပန်းမွေးတဲ့။ အဲဒါ အဘိုးမွေးချင်းတွေ. . . ဦးယာဆိုတာက ညည်းတို့ဘေး။ ဒေါ်မလေးဆိုတာက ရွာဦးကျောင်း ဦးပဥ္စင်းလေးရဲ့ဘေး။ ထားပါအေ. . . အဘိုးဦးသာတို့က ကိုယ့်ထူးကိုယ်ချွန်လုပ်ပြီး လူလိုသူလို ဖြစ်လာတာဟာ အသုံးနဲ့ အဖြုန်း နားလည်လို့ပဲ။"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့ပါ"

"ဒီအကြောင်းတွေ ငါသိလို့ပြောတာ မဟုတ်ဘူး။ အဲဒီတုန်းက ငါက ငယ်ငယ်၊ ရှိလှ ကိုးနှစ်ဆယ်နှစ်။ ဒါပေမယ့် အဘိုးကို ကောင်းကောင်းမီလိုက်တယ်။ အဘိုးက သူ့သမီးငါ့အမေနဲ့ တစ်သက်လုံးနေသွားတော့ အဘိုးပုံရိပ်ကို ကောင်းကောင်းမှတ်မိနေတယ်. . ."

အရီးက ဆေးလိပ်လိပ်သည့်ကို အဆုံးသတ်ဟန်ဖြင့် ဆေးတောင်းကို နံရံနားတိုးကပ်လိုက်သည်။ ကြံ့ကြံ့ထိုင်ရာမှ ခြေကို ဆန့်ထုတ်လျက် အညောင်းအညာဖြေသည်။ ငြိမ်းမြင့်က အရီး၏ ခြေသလုံးနှင့် ဒူးကို နှိပ်နယ်ပေးရင်း ပြောစကားကိုနားစွင့်နေသည်။

"ဒီမယ်ငြိမ်းမြင့်။ အဘိုးက သိပ်စနစ်ကြီးတာ. . . ဟောဒီ အိမ်ဦးခန်းမှာ ဘန်ဂါလီခုတင်ရှိတယ်။ အဲဒါအဘိုးအိပ်ရာ. . . အဲဒီအိပ်ရာက ဘယ်မှထမသွားဘူး။ ချေးပါ၊ သေးပေါက်ဆင်းတုန်း ခဏပဲ ခုတင်ကခွာတယ်။ ကျန်တဲ့အချိန် ခုတင်ပေါ်မှာ ငုတ်တုတ်။ ငုတ်တုတ်နေမှာပေါ့အေ့၊ သူ့အိပ်ရာအောက်က သင်ဖြူးဖျာမှာ ဒင်္ဂါးပြားတွေသိမ်းထားတာကိုး။ ပြောရရင် ဂျော့ဘုရင်ဒင်္ဂါး၊ ဝေလမင်းသားဒင်္ဂါး အဲဒါတွေ. . . ဘာလို့ထားတာလဲသိလား"



"ဟင့်အင်း"

"ညည်းတို့လို ချေးတတ် ငှားတတ်တဲ့တူမတွေ၊ တူတွေ၊ မြေးတွေလာရင် ချေးပေးဖို့၊ ပြောရဦးမယ်၊ အဘိုးအမျိုးတွေက ငါးရက်တစ်ဈေး ဈေးလိုက်စရာငွေမရှိရင် အဘိုးဆီငွေလာချေးကြတယ်. . ."

"ကျွန်မလိုပေါ့"

"ညည်းက စည်းကမ်းမရှိပါဘူး။ နေ့စဉ်ငွေချေးဖို့ ဟန်ပြင်နေတာ. . . ထားပါတော့။ အဲလိုလာချေးရင် အဘိုးက တစ်ကျပ်ချေးတယ်။ တစ်ဦးတစ်ကျပ်ပဲချေးတာ. . ."

"ဘာလုပ်ဖို့လဲ"

"ဘာလုပ်ဖို့လဲဟုတ်လား. . . ဈေးလိုက်ဖို့လေ. . . ဟိုခေတ်က ငွေတစ်ကျပ်နဲ့ဈေးသွားရင် ဆွဲခြင်းအပြည့်ပါလာတာ. . . ပေါ့သေးသေးမထင်နဲ့။ အဲသလို ငွေတစ်ကျပ်ချေးပေမယ့် အတိုး ယူတာမဟုတ်ဘူး။ တူတွေတူမတွေဆိုတော့ အတိုးယူလို့လည်း ဘယ်သင့်မလဲ။ အဲ. . . အဲ၊ အတိုးမယူပေမယ့် ချေးသူတိုင်းကို တစ်ပြားဖိုးဈေးမှာတယ်. . ."

"ဈေးမှာတယ်. . ."

"အေးလေ. . . ငါးပိမှာချင် မှာတယ်။ ဆားမှာချင် မှာတယ်။ နနွင်းမှုန့်မှာချင် မှာတယ်။ တစ်ပြားဖိုးတော့မှာတာပဲ။ အေး. . . မှာတယ်ဆိုတာ မရှိလို့၊ လိုအပ်လို့မဟုတ်ဘူး။ အိမ်မှာ အဲဒါတွေ ရှိနေပြီးသား. . . သုံးမကုန်အောင်ရှိတယ်။ ဒါပေမယ့် ငွေချေးတဲ့ လူကိုတော့ တစ်ပြားဖိုးမှာတယ်။ အဲဒါအတိုးပဲ"

ငြိမ်းမြင့်ပြုံးလိုက်မိသည်။ သူမတွေ့ဖူးသည့် ဘေးကြီးဦးသာ ဘီးစိပ်ကျပုံကိုသဘောကျသဖြင့် အသံထွက်အောင်ပင် ရယ်လိုက်မိသည်။

"ညည်းက ဒါရယ်စရာထင်လို့လား ငြိမ်းမြင့်။ တစ်ကျပ်မှာ တစ်ပြား အတိုးယူထားတဲ့ငွေက မြေးတွေကို ရှင်ပြုနိုင်တယ်. . ."

"ရှင်ပြုနိုင်တယ်"

"ဟုတ်တယ်၊ မောင်လေးသောင်းရွှေနဲ့ မောင်မြသက်နိုးဆီးတာ အဲဒီငါးပိ၊ ဆား၊ ငရုတ်၊ ကြက်သွန်နဲ့တင်ပြီးတယ်. . . ထားပါ၊ အဘိုး ငွေချေးတယ်ဆိုတာ အလွတ်မဲ့မဟုတ်ဘူး။ တခြားလူလည်း မချေးဘူး။ သွေးသားတွေမပြေလည်တာ ပြေလည်အောင်လို့ ချေးပေးတာ. . . အဲ၊ လွယ်လွယ်နဲ့တော့မချေးဘူး၊ ပြောဆိုဆုံးမတာက နာရီဝက်လောက်ကြာတယ်။ ဟဲ့၊ အဲဒီဆေးလိပ်မီးသွားတို့စမ်း. . ."

အရီးလေးက သူ့စကားခဏရပ်ပြီး ငြိမ်းမြင့်ကို ဆေးလိပ်မီး တို့ခိုင်းနေပြန်သည်။ ငြိမ်းမြင့်က ဆေးတောင်းထဲမှ ဖက်ဖြူတစ်လိပ် ကောက်ယူပြီး မီးဖိုထဲ သွက်သွက်လက်လက်ဝင်သွားသည်။ အရီးလေး ဆေးလိပ်မီးညှိခိုင်းလျှင် မီးခြစ်မရှာလေနှင့်။ "မီးတစ်ခြစ် လောက်အလွတ်မဲ့ခြစ်လျှင် သက်သက်မဲ့ဖြုန်းတီးတယ်. . . မီးဖိုထဲ မှာ မီးရှိတယ်။ အဲဒါ အလွတ်မဲ့ထားတာမဟုတ်ဘူး၊ လိုအပ်ရင်သုံးဖို့ ဟဲ့. . ." ဟု ပြောမှာသေချာတယ်။ မီးတစ်ခြစ်ပင်လျှင် ချွေတာ သည့်အရီးအကြောင်း သိထားသည်။

"ဆုံးမတယ်ဆိုတာ အကြောင်းမဲ့မဟုတ်ဘူး"

အရီးက ငြိမ်းမြင့်ကမ်းပေးသော ဆေးပေါ့လိပ်ကို မီးစွဲစိမ့် သောငှာ တစ်ဖွာနှစ်ဖွာ ဆောင့်ဖွာလိုက်ပြီး စကားပြန်ဆက်သည်။



"ဒီလိုအေ့. . . အဘိုးက ငွေချေးသုံးတာလည်း မကြိုက်ဘူး၊ အကြောင်းမဲ့သုံးတာလည်း မကြိုက်ဘူး၊ ဒီတော့ ငွေချေးတာနဲ့ ဘာဝယ်မှာမို့ ငွေချေးတာလဲ၊ ဈေးလိုက်ရအောင် ဘာတွေလိုလို့လဲ အဲလိုစမေးတာ. . . ဘူးသီး၊ ခရမ်းသီးဝယ်မှာလို့ သွားမပြောနဲ့၊ ဟဲ့ အဲဒါ ဝယ်စားရမယ့်ပစ္စည်းလား၊ ကိုယ့်ခြံထဲမှာ စိုက်ထားပါလား။ ငရုတ်တစ်ပင်စိုက်ထားပါလား၊ စားပါလေ့. . . ဘူးတစ်စင်တင်ထား တစ်မိသားစုလုံးမစားရဘူးလား. . . ချဉ်ပေါင်လေးငါးဆယ်ပင် စိုက်ထားတော့ အလွယ်တကူ ခူးချက်လို့မရဘူးလား. . . အိမ်မှာ ကြက်လေးဘဲလေးမွေးထား။ ထမင်းကျန်အလွတ်မဲ့ပစ်တော့ ပတ်ဝန်းကျင်လည်းညစ်ပတ်၊ အချည်းနှီးလည်းဖြစ်သေး။ အဲဒါလေး ပက်ကျွေးပြီး မွေးထားတော့ ဘဲဉ၊ ကြက်ဉမစားရဘူးလား. . . အကြောင်းဟဲ့ဆို ဈေးပဲအားကိုးနေတယ်၊ ဘာဖြစ်တယ် ညာဖြစ် တယ်လို့ ဆုံးမတာ. . ."

"အဲသလောက် အသေးစိတ်တာပဲလား. . ."

"အမယ်လေး၊ ငါပြောတာ ဘာဟုတ်သေးလဲ။ အဘိုးတို့စနစ် ဇယားကျပုံက သြချရတယ်။ အဲသလိုစည်းစနစ်ရှိလို့လဲ ချမ်းသာ တာပေါ့။ အသုံးစနစ်ကျသလို အလုပ်ကျတော့လည်း ဇယားကျေ တယ်။ လယ်တွေကို သူရင်းငှားနဲ့လုပ်ပေမယ့် ညာဖို့လိမ်ဖို့ အပါးခိုဖို့ မစဉ်းစားနဲ့။ ဘဂ်ါလီခုတင်ပေါ်က အလုပ်ညွှန်ကြားတာ ထောင့်ကို စေ့လို့"

"ဟုတ်လား. . ."

"မိုးချုန်းသံကြားတာနဲ့ ထွန်တွေ၊ ထယ်တွေ ပြင်ခိုင်းတယ်။ တစ်ပြိုက်နှစ်ပြိုက်ရွာတာနဲ့ ဟဲ့သွားကြ၊ ဘယ်လယ်ကျင်းထွန်လို့

ရပြီ။ ဘယ်လိုထွန်၊ ထွန်ဘယ်နှယ်စပ်၊ ထယ်ဘယ်နှယ်ရေး၊ ရေကို ဘယ်လိုလှောင်၊ အဲလိုခိုင်းတာ၊ စပါးသိမ်းတဲ့အထိ လယ်ကွင်း တစ်ခေါက်မရောက်ဘဲ ထောင့်စေ့အောင် ခိုင်းနိုင်တယ်။

အရီးက အဘေးဦးသာ၏အကြောင်းကို ဟိမဝန္တာချီးမွမ်းခန်း ဖွင့်ပြီးမှ ငြိမ်းမြင့်ငွေချေးသည့်အကြောင်းရင်းကို မေးသည်။ အကြောင်းပြကောင်းမှ ချေးသည်။ တစ်ထောင်ပြောမှ ငါးရာ. . . တစ်ရာပြောလျှင် ငါးဆယ်သာရသည်။ အရီးလေးအကြောင်း သိထားတော့ ငြိမ်းမြင့်ကလည်း တစ်ဆတိုးပြောရ၊ ချေးရသည်။

“ညည်းတို့ကို ငွေမချေးချင်လို့ မဟုတ်ဘူး။ အလုပ်လုပ် စေချင်လို့၊ ကြွေးမတင်စေချင်လို့၊ ကြွေးတင်တော့ ကိုယ်ပဲစိတ်ညစ် ရတာ. . . ”

“သြော် အရီးကလဲ၊ ကြွေးတင်တော့ ရှင်ဘုရင်ဆပ်လိမ့်မှာ ပေါ့” ဟု ပြက်ချော်ချော်ပြောလိုက်ချင်သော်လည်း အဆဲခံရမည်မို့ မပြောဘဲ ခပ်သုတ်သုတ်ထပြန်ခဲ့ရသည်။

* * *

“နင်က ညှံ့ပငြိမ်းမြင့်ရာ. . . အဲဒီစကားပြောခဲ့ရမှာ. . . ”

ငြိမ်းမြင့်က ကြားခဲ့ရသည့်စကားကို ရှင်းပြရင်း မပြောဖြစ်ခဲ့ သည့်စကားကို ပြန်ပြောတော့ လှမောင်က ဝေဖန်စကားပင် ဆိုလိုက်သေးသည်။ အရီးလေးပြောသလို အလုပ်တော့လုပ်ဖို့ မစဉ်းစား။ ကိုပိန့်အရက်ဆိုင်သွားဖို့၊ သောက်ဖို့၊ စကားဖောင်ဖွဲ့ဖို့ သာ စဉ်းစားနေသည့် လင်တော်မောင်ကို ထုချေပစ်ချင်နေပြီ။

“အလုပ်အကိုင်မရှိဘဲ ကြွေးခံစားနေလို့ ပြောတာတော်ရေ့”



“အဟားဟားဟား၊ ငါ့မိန်းမစိုးရိမ်နေပြန်ပြီ။ ကြွေးတင်တာ ဘာဖြစ်လဲ။ မျက်နှာတောင်ပွင့်သေး၊ ဟိုကြွေးရှင်က ကြွေးရနိုးနိုး၊ ပေးဆပ်နိုးနိုးနဲ့ နှုတ်ဆက်ကြမှာ. . . ”

“ယူတာဟုတ်တယ်၊ ဆပ်ဖို့ခက်တယ်တော့”

“သြော်. . . ခက်ပဲခက်သေး။ ကြွေးတင်ရှင်ဘုရင်ဆပ် လိမ့်မယ်ဆိုတာ အဓိပ္ပာယ်မဲ့စကားမဟုတ်ဘူး။ မှန်ကန်တဲ့သီအိုရီဟ”

စာလေးခြောက်တန်းခုနစ်တန်းထိ သင်ဖူးသည့် ချစ်လင် ကိုလှမောင်က စကားပြောလျှင် ကြီးကြီးကျယ်ကျယ် တစ်လုံးတစ်လုံး ထောင်တန်စကား။

“ဒီမယ်ငြိမ်းမြင့်၊ ငါက အဓိပ္ပာယ်မဲ့စကားပြောတယ်မထင်နဲ့။ ဘုရင်ဆိုတာ မိုးပေါ်ကကျတဲ့လူသား မဟုတ်ဘူး။ ဘုန်းကံကြီးလို့ ဘုရင်ဖြစ်စေဆိုပြီး မွေးလာသူလဲ မဟုတ်ဘူး”

လင်တော်မောင့်စကား ဘေးဘီကကြားလျှင် ဒုက္ခဖြစ်ရချေ သေးဟု တွေးကြောက်ပြီး မျက်လုံးကစားလိုက်ရသေးသည်။

“ဟဲ့၊ ဘာဖြစ်နေတာလဲ၊ ငါ့စကားကအမှန်တရားပါ။ ရှေးရှေးကလူတွေ မယဉ်ကျေးခင် အမဲလိုက်၊ ငါးနှိုက်စားကြတုန်းက ဒီစနစ်မရှိသေးဘူး”

လှမောင်က ငြိမ်းမြင့်ပေးထားသော ငွေသုံးရာကို မပျောက် ပျက်အောင် အိတ်ကတ်ထဲခေါက်သိမ်းရင်း စကားဆက်သည်။

“လူတွေ ယဉ်ကျေးလာတော့၊ စိုက်ပျိုးရေးစနစ်ထွန်းကားတော့၊ အခြေတကျနေထိုင်လာတော့၊ နေဖို့ညစာ သိုမှီးသိမ်းဆည်းတဲ့ အလေ့အကျင့်ရှိလာတော့ ပစ္စည်းလုံခြုံရေး၊ အိုးအိမ်လုံခြုံရေး၊ ညီညွတ်စွာနေထိုင်ရေးအတွက် အုပ်ချုပ်သူဆိုတာ လိုလာပြီ။

ဒီတော့ သမာသမတ်ရှိသူတစ်ဦးကို ရွေးတယ်။ အုပ်ချုပ်ဖို့ခန့်တယ်။ မျှတတဲ့တရားစီရင်ဆုံးဖြတ်ဖို့ တာဝန်ပေးတယ်။ အဲဒါမင်းအစ၊ ဘုရင်အစပဲ"

"ဩော်. . . တော်တော်တတ်နေတဲ့ ကိုတတ်ပကြီး" ဟု ပြောလိုက်ချင်သည်။ ပြောတော့မပြောဖြစ်။ သဘောမကျဟန်ဖြင့် မျက်စောင်းထိုးလိုက်မိသည်။

"အဲဒီမင်းဆိုတဲ့ပုဂ္ဂိုလ်က ဘာအလုပ်မှမလုပ်နဲ့။ ထွက်ကုန်ရဲ့ ဆယ်ဖို့တစ်ဖို့ ဝန်ဆောင်ခအဖြစ် လူထုက ချီးမြှင့်တယ်။ ပြောရရင် မင်းဆိုတာ ပြည်သူ့ဝန်ထမ်း၊ ပြည်သူ့အလုပ်သမား၊ မိုးကျရွှေကို မဟုတ်ဘူး"

"ကိုလှမောင်. . . "

ဘေးဘီကကြားလျှင် အပြစ်ဒဏ်ကျနေမည်စိုးသဖြင့် တိုးတိုး ပြောရန် ဟန့်တားလိုက်ရသည်။

"အေး. . . ပြည်သူ့လုပ်စာစားတဲ့ဘုရင်က ပြည်သူတွေ အေးချမ်းစွာနေနိုင်အောင်၊ စားဝတ်နေရေးအဆင်ပြေအောင် စောင့်ရှောက်ရမယ်။ မင်းနားလည်အောင်ပြောရရင် ပြည်သူတွေ ကောင်းကောင်းအိပ်ရအောင် ကင်းစောင့်၊ ပြည်သူတွေစားဝတ်နေရေးပြေလည်အောင် စီးပွားရေးအလုပ်အကိုင်တွေ ရှာပေး၊ စီးပွားရေးတိုးတက်အောင် လုပ်ပေးရမှာ သူ့တာဝန်"

"ရော်. . . "

"ဟ၊ ငါပြောတာ တကယ့်လုပ်ငန်း။ နိုင်ငံတကာက အုပ်ချုပ်သူတွေ ဒီလိုပဲလုပ်ရတာလေ. . . တိုင်းပြည်မငြိမ်းချမ်းရင် ဘုရင့်တာဝန်၊ တိုင်းပြည်မဖွံ့ဖြိုးရင် ဘုရင့်တာဝန်၊ အေး. . . စီးပွားရေး



အဆင်မပြေလို့ ပြည်သူတွေ ကြွေးတင်နေရင် ဆပ်ပေးရမှာဘုရင့်တာဝန်၊ ဒါပဲ"

"ဩော်. . . တာဝန်တွေခွဲလိုက်တော့ တော့်တာဝန်မရှိသလိုပဲ။ ဒီအိမ်မှာ ဝဝလင်လင်စားရဖို့ တော့်မှာ အလုပ်လုပ်ဖို့ တာဝန်မရှိဘူးလား. . . "

ငြိမ်းမြင့်စကားကို သဘောကျဟန်ဖြင့် ဟက်ဟက်ပက်ပက် ထရယ်လိုက်ပြီး ထိုင်ရာမှထသည်။ အိတ်ထဲ၌ ငွေရှိမရှိ ပြန်စမ်းသည်။

"အဲဒါလည်း ဘုရင့်မှာတာဝန်ရှိတယ်. . . "

"ဘယ်လိုတော့"

"တိုင်းပြည်အုပ်ချုပ်တဲ့ဘုရင်ဟာ ပြည်သူပြည်သားတွေ အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်အောင် ဖန်တီးပေးရမယ်။ အံဝင်ခွင်ကျ နေရာချပေးရမယ်။ လယ်သမားကို အလုပ်ရုံစက်ရုံမှာ တာဝန်မပေးရဘူး။ ရေကျွမ်းတဲ့သူကို တောင်ပေါ်တင်လို့ ခွင်မကျဘူး။ အရာမရောက်ဘူး။ ကျွမ်းကျင်ရာတာဝန်ပေးမှ လုပ်အားအပြည့်အဝရမယ်၊ ဒါပဲ"

သောက်ဖို့စားဖို့ ငွေရသည်နှင့် ပြောချင်ရာပြောပြီး အိမ်ပေါ်မှ ဆင်းသွားသောချစ်လင်ကို ငေးကြည့်ရင်း မေးလိုက်ချင်သည်။

"တော့်ကိုရော ဘယ်လိုနေရာမျိုး အလုပ်ပေးရမလဲ"

ဤသို့မေးလျှင် ပညာရှိကဝိတစ်ဆူဖြစ်သော ကိုလှမောင်က ကမ္ဘာ့စီးပွားရေး၊ မြန်မာ့စီးပွားရေးတွေ တွက်ချက်ပြနေဦးမည်။ နားဒုက္ခအဖြစ်မခံနိုင်၍ မေးမနေတော့။ ကြွေးတွေလည်းပင်းခိုက်

နေသည့်ဘဝမှ လွတ်မြောက်အောင် လင်တော်မောင်ပြောသည့် ရှင်ဘုရင်ကိုဆပ်ခိုင်းဖို့ ကျန်းမာစေကြောင်း၊ သက်တော်ရာကျော် ရှည်စေကြောင်းသာ မေတ္တာပို့လိုက်ရတော့သည်။

* * * * *

## ဘုန်းကြီးအော့လို့ရိုက်လိမ့်မယ်

မောင်ထင်ဆိုတဲ့ကျုပ်ကို အမေက ငထင်လို့ခေါ်လေ့ရှိသည်။ ပုံမှန်စကားပြောရင်ပင် အမေ့အသံက ကျယ်လွန်းတော့ "ဟော့ငထင်ရေ. . ." တို့ရွာထိပ်ကအော်လျှင် ရွာနောက်ဖျားက ကြားရတယ်။ ရွာကြိုရွာကြားဆော့နေတဲ့ကျုပ်နားထဲ ဆောင့်ဝင် လာတဲ့အသံကြားရင် ငြိမ်ကုတ်နေလို့မဖြစ်ဘူး။ "ဗျို့. . . ကျုပ်ဒီမှာ ဗျ" လို့ ထအော်ရတယ်။ မအော်လို့များကတော့ အမေ့လက်ဝါး ကြမ်းကြီးနဲ့ရိုက်လို့ ကျောကော့သွားမယ်၊ သားရေကွာသွားမယ်။

အမေလုပ်ပုံက ကျုပ်အကြောင်းကို တစ်ရွာလုံးသိတယ်။ အသိဘဲနေမလား. . . အမေ့အော်သံ၊ အမေ့ဆဲသံ၊ အမေ့ရိုက်သံ တွေက သက်သောင့်သက်သာမှမဟုတ်တာ. . .။ ကျုပ်ကိုရှာရလို့ မောပြီဆိုရင် ပိုဆိုးတယ်။ "ဒီမသာလေး အိမ်မှာနေပါဆို ရွာရိုးကိုးပေါက် လည်နေတယ်၊ လာစမ်း" ဆိုပြီး ရိုက်တာ ကျွဲရိုက်၊ နွားရိုက်။ ကျုပ်လည်း ဘယ်နေမလဲ၊ အမေ့ကိုတုပြီး အာပြဲအာလံ အော်ငိုတယ်။ အမေ့ဆဲသံနဲ့ ကျုပ်ငိုသံတွေက တစ်ရွာလုံး

ကျွတ်ကျွတ်ညံရော. . . ငရဲပြည်စစ်ဖြစ်နေသလား အောက်မေ့ရတယ်။

ကျုပ်ဆိုတဲ့ကျုပ်ကလည်း ဆိုးသဗျ။ အမေနဲ့အဖေက လယ်ထဲယာထဲ သွားတော့ ညီလေးကို ကျုပ်အပ်ခဲ့တယ်။ "ညီလေးကို သေသေချာချာထိန်းထား၊ ဆော့မနေနဲ့" လို့မှာတယ်။ ကျုပ်က ခဏပဲ၊ အမေနဲ့အဖေ ရွာပြင်ရောက်တာနဲ့ ညီငယ်ဖိုးဆင်ကို ပုခက်ထဲထည့်၊ မအိပ်ချင်လို့ငိုလည်း မရဘူး။ အမေ့အတုယူပြီး တင်ပါးကို ဖျန်းခနဲ. . . ဖျန်းခနဲဆော်ပစ်တယ်။ ပုခက်ကို အသားကုန်လွှဲပစ်တယ်။ မူးနောက်ပြီး အိပ်ပျော်သွားအောင်လုပ်တာ. . . ။ ဖိုးဆင်က ငိုရင်းရှိုက်ရင်း အိပ်ပျော်သွားတာနဲ့ လောက်စလုံးအိတ်ကိုဆွဲ၊ အိမ်ပေါ်က ခုန်ဆင်းပြီး ရွာလယ်ပြေးတာပဲ။

ရွာလယ်မှာ နီတွတ်တို့၊ ဒိုးလုံးတို့၊ ကြာခွက်တို့ ရှိတယ်လေ. . . ။ ဒီကောင်တွေကလည်း လောက်စလုံးအိတ်ကိုယ်စီနဲ့။ ခေါင်းကဲမလား . . . ကဲ၊ ကျင်းစိမ်မလား. . . စိမ်၊ စုံမဖွက်မလား. . . ဖွက်။ ခေါင်ကဲတယ်ဆိုတာ လောက်စလုံးကို နှစ်လုံးပူးပြီး ငါးတွဲဆိုငါးတွဲ၊ ဆယ်တွဲဆိုဆယ်တွဲစီပြီး ထိအောင်ပစ်ရတာ။ ခေါင်းထိအကုန်သိမ်းပဲ။ ဒါပေမယ့် ဘယ်ကောင်မှ ဒီလောက်မစွန့်စားဘူး။ ခေါင်းကို မှန်းပစ်ရင် လွဲနိုင်တယ်။ ဒီတော့ ခါးတစ်ဝက်လောက်မှန်းပစ်တယ်။ ငှက်အုပ်ကို နှစ်လုံးပြူးနဲ့ ရမ်းပစ်သလို ထိချင်ရာထိ ခေါင်ထိအောင် ကြိုးစားတာထက် ပိုသေချာတယ်။

အလောင်းအစား၊ အရှုံးအနိုင်ဆိုတော့ စိတ်ဝင်စားတယ်။ အားပါတယ်။ ရှုံးများရှုံးလို့ကတော့ ရှုံးမဲမဲပြီး အိမ်မှာကျန်ခဲ့တဲ့ ဖိုးဆင်ကို သတိမရတော့ဘူး။



မအိပ်ချင်ဘဲ အတင်းအိပ်ခိုင်းခံရတဲ့ ဖိုးဆင်က အိပ်ရာမှ နိုးတော့ အသံပေးတယ်။ ကျုပ်ကလာခေါ်မလားဆိုပြီး အသံပေးတာ၊ မလာတော့ စိတ်ဆိုးပြီး သေးတွေပေါက်၊ ချေးတွေပါချတယ်။ စောင်ပုခက်တစ်ခုလုံး ရွှဲလို့၊ ပေလို့။ နံစော်လို့။ ရုန်းရင်းကန်ရင်းနဲ့ ဖိုးဆင်ပုခက်ပေါ်က ပြုတ်ကျတယ်။ ငိုပြန်ရော. . . ။ အသံကုန်ဟစ်ငိုတဲ့အထိ ကျုပ်မလာတော့ ဖိုးဆင်က လေးဘက်ထောက်ထွက်တယ်။ တံခါးပေါက်ကထွက်၊ လှေကားအတိုင်းဆင်းတော့ ကျွမ်းပစ်ကျရော. . . ၊ နှုတ်ခမ်းတွေကွဲ၊ ခေါင်းတွေဖူ၊ နာကျင်လေတော့ အော်ငိုပြန်ရော. . . ။ ဒီအဖြစ်ကို လယ်တောကပြန်လာတဲ့ အမေကတွေ့တော့ ရင်ဆို့သွားရော. . . ထုံးစံအတိုင်း အာပြဲအာလံနဲ့အော်ပါရော. . . အော်တာကြားမှ ကစားတာကိုရပ်ပြီး အိမ်အပြေးအလွှားပြန်ခဲ့တယ်။ ဘာပြောကောင်းမလဲ၊ အမေ့ဒေါသက ယမ်းပုံကို မီးရှို့လိုက်သလို။ လာစမ်းဆိုပြီး ရိုက်လိုက်တာ. . . လူကို ငါးဖယ်ထင်သလားမသိဘူး။

"ကြောက်ပါပြီဗျ. . . နောက်မဆော့တော့ပါဘူး. . . ညီလေးကို ကောင်းကောင်းထိန်းပါ့မယ်. . . မလည်တော့ပါဘူး အမေရဲ့"

ကျုပ်က ပြောမိပြောရာပြော. . . ပေးမိပေးရာ ကတိတွေ ပေးပေမယ့် အမေ့ဒေါသကို ပြေအောင်မဖြေနိုင်ဘူး။ တုတ်နှစ်ချောင်းကုန်မှပဲ အရိုက်ရပ်တယ်။

"မဖြစ်ဘူး၊ နင့်ကို ဒီလိုထားလို့တော့ မဖြစ်ဘူး။ ဘုန်းကြီးကျောင်းပို့တော့မယ်"

အမေက အခြားသူများ ကျင့်သုံးသည့်နည်းအတိုင်း မကောင်းကျောင်းပို့ အစီအစဉ်ကို အမြန်ဆုံး ရေးဆွဲအကောင်အထည်ဖော်ပါတော့တယ်. . .။

* * *

“ကကြီးခကွေး အိမ်ကိုပြေး၊
အပြေးမတတ် ထမင်းငတ်၊
မတ်တပ်ရပ်လို့ လမ်းမှာခို၊
ပုရွက်ဆိတ်ညို ကိုက်လို့ငို၊
ဆိုဆိုဆဲဆဲ အမေလဲ
ခဲလို့နေလိုက် အဖေရိုက်၊
မမိုက်သင့်ပေ တို့တစ်တွေ
ကျောင်းဆိုမသွေသွားစို့လေ. . . သွားစို့လေ။”

ကျုပ်က ဘာစာမှ မသင်ခင် ကိုရင်ကြီးသုမနသင်ပေးလို့ အဲဒီကဗျာလေးကို ဆိုတတ်သွားတယ်။ ကျုပ်စိတ်ထဲမှာ ဒီကဗျာလေးကို ကျုပ်တော်တော်ခံတွင်းတွေ့တယ်။

ဟုတ်တယ်လေ. . . အမေနဲ့အဖေက ကျောင်းထားမယ်ဆိုတော့ အကြောက်အကန်ငြင်းတာ ကျုပ်လေ. . . ဘာလဲ၊ စာမတတ်ချင်ဘူးလားလို့မေးရင် ဒီလိုတော့မဟုတ်ဘူး။ တတ်ခွင့်ရရင် တတ်ချင်တယ်။ ဒါပေမယ့် စာတတ်လည်း ဘာထူးမှာလဲဆိုတဲ့ အသိကြောင့် လိုလိုလားလားမသင်ချင်ဘူး။ မတတ်ချင်ဘူး။ ဒါက အကြောင်းတစ်ခု။ အဓိကကျောင်းမနေချင်တာကတော့ ဘုန်းကြီးအိုကြီးကိုကြောက်လို့။



မျက်ခုံးမွေးထူထူ၊ နှာခေါင်းကကြီးကြီး၊ ပါးစပ်က ပြဲပြဲ၊ အသားကမည်းမည်း၊ ရယ်လိုက်ရင် ကျားဟိန်းသလိုအသံထွက်တဲ့ ဘုန်းကြီးအိုကြီးကို မြင်ရုံနဲ့ လန့်တယ်။ ဘုန်းကြီးလက်ထဲ အမြဲကိုင်ထားတဲ့ တောင်ဝှေးကို ပိုကြောက်တယ်။ အဲဒီဘုန်းကြီးအိုကြီးက အမေနဲ့အဖေရဲ့ ငယ်ဆရာဆိုလား. . . ကြောက်တာတုန်လို့။

“ဟဲ့ ငကြွက်နဲ့ မိလုံးတင်. . . ဘာလာလုပ်လဲ”

ဆွမ်းအုပ်လေးချ၊ ဝတ်ပြုရုံရှိသေး ဘုန်းကြီးမေးသံက ဟိန်းသွားတယ်။ ကျုပ်အဖေ ဦးကြွက်က ဦးချရင်း “တပည့်တော်သား ဆရာတော်ထံ လာအပ်တာပါဘုရား” လို့ လျှောက်တယ်။ အမြဲတမ်းပူညံပူညံလုပ်တဲ့ ကျုပ်အမေက ဘုန်းကြီးအိုကြီးရှေ့ကျတော့ ကြောင်ရှေ့ရောက်နေတဲ့ ကြွက်ပေါက်လေးကျနေတာပဲ။ ငြိမ်လို့၊ ကုတ်လို့။

“လူပုံကြည့်ရတာတော့ ဆိုးမဲ့ပေမဲ့ကောင်”

ကျုပ်ဥပဓိရုပ်ကိုကြည့်ပြီး အကဲဖြတ်လိုက်တဲ့စကားကြောင့် ကျုပ်လည်း မလှုပ်ရဲဘူး။ ဒီလောက် သားသားနားနားဝတ်ဖူးတာ တစ်ခါမှမရှိဘူး။ အမေဈေးကဝယ်လာတဲ့ ဖျင်ကြမ်းပုဆိုးနဲ့ ဖျင်ကြမ်းအင်္ကျီက အသစ်ကျပ်ချွတ်။ ကော်တောင်မကျသေးဘူး။ နတ်ဝတ်တန်ဆာလို တောက်ပြောင်နေတာ. . . အဖေက ကတုံးပြောင်အောင်ရိတ်ပေးထားပြီး အမေက သနပ်ခါးလူးပေးထားသေးတယ်။ အဲဒါကြည့်ပြီး ဆိုးမယ်လို့ပြောတော့ ကျုပ်စိတ်ညစ်သွားတယ်။ ရွာကြိုရွာကြားနေတုန်းကများတွေ့ရင် ဘာပြောမလဲ မသိဘူး။

“ဘယ်နှယ်နှစ်ရှိပလဲ”

"ခြောက်နှစ်ကျော်ခုနစ်နှစ်ထဲမှာပါဘုရား"

"ကျောင်းထားနောက်ကျလိုက်တာ. . . အရင်တုန်းက ဘယ်အလေလိုက်နေလို့လဲ"

"ခိုင်းစရာတော့မရှိပါဘူးဘုရား၊ အိမ်မှာ ကလေးထိန်းပေါ့ဘုရား"

"အေး. . . ငါ့အပ်တယ်ဆိုထားခဲ့ပေါ့။ ဟဲ့ကိုရင်သုမန"

ဘုန်းကြီးအိုကြီးက အဖေနှင့်ပြောရင်း မနီးမဝေးမှာရှိနေတဲ့ကိုရင်ကြီးကို လှမ်းခေါ်တယ်။ အခေါ်ခံရတဲ့ကိုရင်က ဘုရား. . . လို့ထူးပြီး ရိုရိုကျိုးကျိုးထွက်လာတယ်။ သူတို့လည်း ကြောက်တာပဲကိုးဟု စိတ်ထဲက အဖော်ညှိလိုက်မိတယ်။

"ဆွမ်းအုပ်လှယ်ထား၊ ဒီကောင်ကို နေရာချပေးလိုက်။ ဝလုံးတန်းပေါ့။ ဟဲ့ မောင်ကျောင်းသား. . . အဲဘယ်သူ"

"ငထင်. . . အဲမောင်ဖိုးထင်ပါဘုရား"

"အေး. . . တပည့်က ကိုရင်ကြီးနဲ့လိုက်သွား၊ စာသေချာလိုက်. . . မဆော့နဲ့"

ဒီလိုနဲ့ ဘုန်းကြီးကျောင်းသားဖြစ်လာပြီး၊ ကိုရင်ကြီးသုမနရဲ့တပည့်အဖြစ် ခံယူခဲ့ရတယ်။ ကိုရင်ကြီးသင်သမျှ နာယူခဲ့ရပါတယ်။

* * *

ဘုန်းကြီးကျောင်းရောက်စက ကျုပ်အဖြစ်ဟာ ဖမ်းမိတဲ့ထဘီသူခိုးတစ်ယောက်လိုပဲ မြင်မြင်သမျှကို လန့်နေတယ်။ ကျောင်းအထာမသိသေးတော့ အားလုံးက ဆရာဖြစ်နေတယ်။

"ဟော့ငထင်"



ရင်းရင်းနှီးနှီးခေါ်လိုက်တဲ့အသံကြောင့် ကျုပ်လှည့်ကြည့်လိုက်တယ်။ ကျုပ်ဘယ်လောက်ဝမ်းသာသွားတယ်ဆိုတာ ပြန်တောင်မပြောတတ်ဘူး။ ကျုပ်နဲ့ဆော့ဖော်ဆော့ဖက် နီတွတ်က ကျုပ်အရင်ကျောင်းရောက်နေတာကိုး။

"ဟာ. . . ဟော့ကောင်နီတွတ်။ မင်းဘယ်နေ့ကကျောင်းအပ်တာလဲ"

"မနေ့က၊ မင်းထက်တစ်ရက်ပဲစောတယ်။ အဟေး. . . မင်းနဲ့ငါနဲ့ တစ်တန်းတည်းတက်ရမှာကွ"

"ငါက ဝလုံးတန်းတဲ့"

"ငါလည်းအတူတူပဲလေ. . . ဝလုံးတန်းပဲ။ တို့အတန်းမှာသုံးယောက်ရှိတယ်။ မင်းပါဆို လေးယောက်ဖြစ်သွားပြီ. . . သူရဲကောင်းလေးယောက်ပေါ့"

နီတွတ်ပြောလိုက်တဲ့ သူရဲကောင်းလေးယောက်ဆိုတာ သိပ်သဘောကျသွားတယ်။ သူရဲကောင်းဆိုတာ ဘာမှန်းညာမှန်းမသိဘူး။ ဓားခုတ်၊ လှံထိုး၊ စက်ကြိုးယန္တရားတွေတတ်တဲ့လူစွမ်းကောင်းဖြစ်လိမ့်မယ်လို့ထင်တယ်။

ကျုပ်က နီတွတ်နဲ့တွေ့တော့ တော်တော်အားရှိသွားတယ်။ သူ့ပခုံးကို တင်းတင်းကျပ်ကျပ်ဖက်ထားပြီး အားတင်းမိတယ်။

"မင်းတို့ပြန်လို့ရပြီ" လို့ ဘုန်းကြီးအိုကြီးကပြောလို့ အဖေနဲ့အမေပြန်သွားပြီ။ ကျောင်းမှာ ကျုပ်တစ်ယောက်တည်း ထားခဲ့လို့ဝမ်းနည်းပေမဲ့ နီတွတ်နဲ့တွေ့တော့ အားရှိသွားပြီ။ အဖေနဲ့အမေမရှိလည်း ပူမနေတော့ဘူး။

ကျောင်းတက်ဖို့အချက်ပေးတော့ နီတွတ်က ကျုပ်လက်ကို ဆွဲပြီး ခေါ်သွားတယ်။ ကျုပ်ထိုင်ရမယ့်နေရာကို နီတွတ်ကပဲ စီစဉ်ပေးတယ်။ ကိုရင်ကြီးသုမနက ကျုပ်နားလာပြီး "မင်းက သူတို့ တိုင်ပေးတာ လိုက်ဆို၊ အရင်လူတွေလိုက်မီအောင်ကြိုးစား၊ မဆော့နဲ့နော်" ဟု လမ်းညွှန်ချက်ပေးသွားသည်။

ကျုပ်တို့ဝလုံးတန်းက ကျောင်းမကြီးအောက်ထပ် အနောက်မြောက်ထောင့်မှာပါ။ တိုင်မှာ သင်ပုန်းတစ်ချပ်ကပ်ထားတယ်။ အဲဒီသင်ပုန်းပေါ်မှာ ဇယားကွက်တွေချပြီး ကကြီးခခွေးတွေ ရေးထားတယ်။ ကျုပ်တို့လေးယောက်ထဲက အရင်ရောက်နေတဲ့ ကျောင်းသားက ရှေ့ကတိုင်ပေးတယ်။ ကျုပ်တို့က သူတိုင်ပေးတာကို အသားကုန်လိုက်အော်ရတယ်။

ကကြီးလို့တိုင်ရင် ကျုပ်တို့က ကကြီးလို့လိုက်ဆိုရတယ်။ ခကွေးဆိုခကွေး၊ ဂငယ်ဆိုဂငယ်။ ရှေ့ကတိုင်တာကို နောက်ကလိုက်ဆိုတာ စာသင်တာပဲလို့သိလိုက်တော့ ဒါလေးများလို့တွေးပြီး ပြုံးမိတယ်။ စာသင်ရမှာလည်း မကြောက်တော့ဘူး။ လိုက်အော်နေရတာကိုပဲ ပျော်စရာလိုဖြစ်သွားတယ်ဗျာ. . .။

* * *

ကျုပ်တို့ကို ကိုရင်ကြီးသုမန စာသင်ပေးတော့ အိမ်မှာ အဖေသင်ပေးတာနဲ့ ကွဲလွဲနေတာ သတိပြုမိတယ်။ အဖေသင်ပေးသလို ဆိုရမလား. . . ကိုရင်ကြီးသင်ပေးတဲ့အတိုင်း ပြောင်းဆိုရမလား စဉ်းစားရင်း တွေးနေမိတယ်။ အထူးကွဲလွဲတာကတော့ ငှတလင်းချိတ်ကို ငှသံလျှင်းချိတ်လို့ဆိုရတာ. . . ဥတင်ကောက်ကို



ဥရင်ကောက်လို့ဆိုရတာ. . . ဓ-ဝချိုက်လို့ဆိုရတာ တော်တော်ပြောင်းမှတ်ရတယ်။ နှုတ်ကစွဲနေပြီ၊ အကျင့်ပါနေပြီ။

"မင်းတို့ အခုသင်ရတဲ့သင်ပုန်းကြီးကို ပေါ့သေးသေးမထင်နဲ့၊ ကျစ္စာမင်းလက်ထက် ဒိသာပါမောက္ခဘွဲ့ရတဲ့ဆရာတော်ရေးတဲ့ ကျမ်းစာ။ ခုချိန်ထိ အသုံးဝင်နေတာကြည့်"

ကိုရင်ကြီး ဒီလိုပြောတာ ကျုပ်တို့ဘယ်နားလည်မှာလဲ။ ကိုရင်ကြီးကို ကြောက်လို့ပြန်မမေးမိဘူး။ ဒါပေမဲ့ ကိုရင်ကြီးက ဆရာတော်ကြီးပြောပြခဲ့တဲ့ ဦးကျည်ပွေ့အကြောင်း ဖောက်သည်ချတယ်။

"ဒီကျမ်းစာရေးတဲ့ ဆရာတော်ကြီးက မင်းတို့လို ငယ်ငယ်ကတည်းက စာသင်ခဲ့တာမဟုတ်ဘူး။ အသက်ခြောက်ဆယ်ကျော်မှ စာစသင်တာ. . ."

ကျုပ်တို့ပါးစပ်ဟောင်းလောင်းဖြစ်အောင် အံ့သြတယ်။ ဟုတ်တယ်လေ. . . ကျုပ်အဖေဦးကြွက်နဲ့ ဒေါ်လုံးတင်ထက် အနှစ်နှစ်ဆယ်လောက်ကြီးတယ်။ ဒါဆို အဖေနဲ့အမေလည်း စာသင်ရင်တတ်သေးတယ်လို့ တွေးမိတယ်။

"ဒီလိုကွ၊ တစ်နေ့တော့ ဆရာတော်ကြီးက ကျိန်းစက်ရာကထ၊ တန်ပူနဲ့သွားတိုက်၊ သုံးပြီးတဲ့တန်ပူကို ကျောင်းအောက်ကကျင်းထဲ ပစ်ချတယ်။ ပစ်ချရင် ကျင်းကို အမှတ်မထင် ငုံ့ကြည့်မိတယ်။ အဲလိုကြည့်တော့ ပစ်ချထားတဲ့တန်ပူတွေက ကျင်းနဲ့အပြည့်။ သြော်. . . ငါနေ့စဉ်သွားတိုက်ထားတဲ့ တန်ပူတောင် ကြာတော့ ကျင်းပြည့်နေပါလား။ ငါဟာ အချည်းနှီးမဲ့ နေခဲ့မိတယ်။ တစ်နေ့တစ်နေ့ ဒီတန်ပူတစ်ထောက်စာလောက် စာကျက်ရင် ကျမ်းတတ်ပုဂ္ဂိုလ်ဖြစ်ပြီလို ဆင်ခြင်မိသတဲ့"

"တန်ပူဆိုတာ ဘာကိုပြောတာလဲဘုရား"

နီတွတ်က ကိုရင်ကြီးပြန်မေးတယ်။ ဒီအခါ ကိုရင်ကြီးက တန်ပူဆိုတာ သွားတိုက်တံတုတ်ချောင်း။ အဖျားပိုင်းကိုမွနေအောင် ထုချေထားတယ်။ ကိုရင်စိတ္တ သွားတိုက်တဲ့ တမာချောင်းလိုဟာမျိုးလို့ မြင်သာအောင် ဥပမာပေးရှင်းပြပါတယ်။ ပြီးတော့ ဦးကျည်ပွေ့အကြောင်း ဆက်ပြောတယ်။

"အေး. . . အဲလိုဆင်ခြင်မိတော့ စာသင်ဖို့ ဘုရင့်ထံဝင်ပြီး ကံ့ကူဆံအလှူခံတယ်။ ကံ့ကူဆံဆိုတာ ခပ်မွမွကျောက်တစ်မျိုးပဲ။ သင်ပုန်းပေါ် ကံ့ကူဆံနဲ့စာရေးရတယ်။ အဲဒါအလှူခံတော့ ဘုရင်က ရယ်တယ်။ ဒီအရွယ်မှာစာသင်ရင် ကျည်ပွေ့အတက်ပေါက်မှ စာတတ်မယ်လို့ နောက်သတဲ့။ ကျည်ပွေ့ဆိုတာ ငရုတ်ကျည်ပွေ့လိုဟာမျိုး ကျည်ပွေ့က သစ်ပင်မှမဟုတ်တာ. . . ဘယ်မှာအတက်အညွှန့်ထွက်မလဲ။ မဖြစ်နိုင်တာ ကြံဆတယ်လို့ပြောတာ . . . ဒါကို အမှတ်သညာပြုပြီး အားကြိုးမာန်တက်သင်လိုက်တာ တကယ်စာတတ်သွားသတဲ့"

အသက်ခြောက်ဆယ်ကျော် ဘုန်းကြီးအိုကြီးတောင် စာတတ်ရင် တို့ဘာလို့မတတ်ရမလဲလို့ ကိုယ့်ကိုယ်ကို အားပေးလိုက်တယ်။

ကိုရင်ကြီးပြောပြတဲ့ ဦးကျည်ပွေ့ကို အားကျတယ်ဆိုပေမယ့် သိပ်တော့ အထင်မကြီးမိဘူး။ ဟုတ်ချင်မှဟုတ်မှာပါလို့ ပေါ့ပေါ့ဆဆတွေးခဲ့တယ်။ ဒါပေမယ့် ကကြီးခခွေးတန်းကတက် . . . သင်ပုန်းကြီးသင်ရတော့မှ ဦးကျည်ပွေ့ကို အထင်ကြီးလာတယ် ပိုလေးစားလာတယ်။



ကျုပ်တို့သင်ရတဲ့သင်ပုန်းကြီးမှာ က-ကမချသင်ပုန်းကြီး၊ ကက်-သင်ပုန်းကြီး၊ ကိတ်-သင်ပုန်းကြီးလို့ သုံးမျိုးရှိတယ်ဗျ။

က-ကမချသင်ပုန်းကြီးမှာလည်း ဆယ်မျိုးခွဲထားတယ်။ က-သင်ပုန်းကြီး၊ ကျ-သင်ပုန်းကြီး၊ ကြ-သင်ပုန်းကြီး၊ ငှ-သင်ပုန်းကြီး၊ မျှ-သင်ပုန်းကြီး၊ ငြှ-သင်ပုန်းကြီး၊ ကွ-သင်ပုန်းကြီး၊ ကျွ-သင်ပုန်းကြီး၊ ကြွ-သင်ပုန်းကြီး၊ ဝှ-သင်ပုန်းကြီးလို့ ဆယ်မျိုးခွဲထားတယ်။ ကကြီးခကွေးသင်ရတုန်းကလောက်တော့ မလွယ်တော့ဘူး။

ကျုပ်တို့ဝလုံးတန်းက လေးယောက်ကို သင်ပုန်းကြီးစတက်ပေးတော့ ကိုရင်ကြီးသုမနကိုယ်တိုင် စာချပေးတယ်။ အတန်းလည်း တစ်ဆင့်တက်သွားတော့ လက်ဝဲဘက်ကတိုင်ကို ပြောင်းရတယ်။ အဲဒီတိုင်ကို မှီထားတဲ့သင်ပုန်းကြီးပေါ်မှာ ကိုရင်ကြီးက စာတွေရေးထားပြီး၊ တုတ်တစ်ချောင်းနဲ့ ထောက်ပြတိုင်ပေးတယ်။ ကျုပ်တို့ကလည်း အတန်းတက်ရပြီဆိုတော့ ဘဝင်တွေမြင့်နေတာ။

က-ကာ-ကိ-ကီ၊ ကု-ကူး၊ ကေး-ကဲ၊ ကော့-ကော်၊ ကံ-ကား စသဖြင့် ရေးထားတဲ့စာလုံးတွေကို တုတ်နဲ့ထောက်ပြီး ရှေ့က တိုင်ပေးတယ်။

ကကြီးရေးကတဲ့။ ကကြီးခကွေးသင်ရတုန်းကဆိုသလို ကကြီးလို့ဆိုမရတော့ဘူး။ ကကြီးရေးတာကို ကကြီးရေးကလို့ ဆိုရတယ်။

ကကြီးရေးချကာတဲ့။ အဲဒီကကြီးကို ရေးချလေးထည့်လိုက်တာနဲ့ ကာလို့အသံထွက်ရမှန်းသိသွားတယ်။ နီတွတ်အဘိုး ဦးကာဆိုရင် ကကြီးရေးချကာနဲ့ ရေးရမယ်ဆိုတာ သိသွားပြီ။

ကကြီးရေးလုံးကြီးတင်ကိ၊
ကကြီရေးလုံးကြီးတင်ဆံခပ်ကီ၊
အောက်ကမြစ်ကို့၊
ရှေ့ကနှစ်လုံးပေါက်ကီး။
ကကြီးရေးတစ်ချောင်းငင်ကု၊
ကကြီးရေးနှစ်ချောင်းငင်ကူ။

က-ကမချသင်ပုန်းကြီးစတက်ချိန်မှာပဲ အခက်အခဲတချို့ကြုံရတယ်။ အရင်တုန်းကလို မျက်လုံးမှိတ် ကုန်းအော်နေလို့ မရတော့ဘူး။

ကကြီးခကွေးသင်တုန်းက တစ်ယောက်တစ်လှည့်ထွက်တိုင်။ တိုင်တဲ့လူက ကကြီးကို ထောက်ပြပြီး ရှေ့ကဆိုတယ်။ ကျုပ်တို့က သူဆိုပြတဲ့အတိုင်း လိုက်ဆိုတယ်။ ဒါက တစ်ရက်နဲ့ အလွတ်ရသွားတယ်။ နောက်ရက်တွေ သင်ပုန်းပေါ်မကြည့်ဘဲ မျက်နှာလွှဲဆိုကြတယ်။ ရတယ်ပေါ့။ လွယ်လွယ်လေးပေါ့။ တစ်ခါတရံကျတော့ ပါးစပ်ကသာဆိုနေတယ်။ လက်ကဆော့နေတာ. . . ဝှက်ယူလာတဲ့ လောက်စလုံးတွေနဲ့ စုံမဖွက်ချင်ဖွက်၊ မန်ကျည်းစေ့ကို ဇယ်လုပ်ပြီး ခုတ်ကစားလိုက ကစား။ အသံသာအဝေးကနားထောင်ရင် ကျုပ်တို့စာအံနေတယ်ပေါ့။ ကျုပ်တို့က မျက်နှာလွှဲလိုက်အော်နေသလို စာထောက်တိုင်တဲ့လူကလည်း ထောက်ချင်ရာထောက်နေတာ. . .။ ပါးစပ်က ကကြီးလို့ဆိုပေမယ့် သူထောက်တာက စလုံးဖြစ်ချင်ဖြစ်နေတာ. . . တစ်ခါတလေကျတော့ သင်ပုန်းကြီးတစ်ချပ်လုံး ကျော်ပြီး လေထဲထောက်ရင်လည်း ထောက်တာဗျ။ အားလုံးကတော့ ဟုတ်နေတာပဲ။



က-ဗျည်းနဲ့သရတွဲပုံသင်ပြီးတော့ ကျ-သင်ပုန်းကြီးဆက်တက်ရတယ်။ နောက် ကြ-သင်ပုန်း။ ပြီးတော့ ငှ-သင်ပုန်း။ အဲလို တစ်ဆင့်ချင်းတစ်ဆင့်ချင်း သင်လိုက်တာ နှစ်ကုန်တော့ သင်ပုန်းကြီးကုန်ရော. . .။

မှန်တာပြောရရင် သင်ပုန်းကြီးကုန်ပြီဆိုပေမယ့် ဟုတ်တိပတ်တိ တတ်သလားဆိုတော့ သိပ်မဟုတ်လှဘူး။ ကိုယ့်အကြောင်းကို သိတာပေါ့။ ကိုရင်ကြီးက ခေါင်းခေါက်၊ ကျောပုတ်၊ နားရွက်လိမ်ပြီး သင်ပေးလို့ ကြောက်ကြောက်နဲ့သင်ခဲ့ပေမယ့် စိတ်ဝင်စားလှတယ်တော့ မဟုတ်ဘူး။

စာတွေခက်လာလေလေ. . . ဦးကျည်ပွေ့ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကို အထင်ကြီးလေလေပါ။ ဘယ့်နှယ်ဗျာ. . . ကြံကြံဖန်ဖန်တွေးတတ်ပ၊ စဉ်းစားတတ်ပ။ ကျုပ်တို့စာဖတ်တတ်အောင် အခြေခံသင်ရိုးရေးတုန်းက ဘယ်လောက်ထောင့်စေ့အောင် စဉ်းစားခဲ့သလဲမသိဘူး။ တော်ရုံတန်ရုံပုဂ္ဂိုလ် အဲလိုတွေးမလား၊ ဘယ်တွေးမှာလဲ။

* * *

ကျုပ်ဘုန်းကြီးကျောင်းမှာ စာသင်ခဲ့ပုံပြောပြတော့ စင်းလုံးချောပြေပြစ်နေတာပဲလို့ တွက်ကောင်းတွက်ကြမယ်။ ဘယ်မှာ စင်းလုံးချောမလဲ။ ကျုပ်ကို ကမ်းကုန်ရေကုန်ဆိုးတဲ့ ကျောင်းသားမျိုးက ငါးဖယ်တေသလို အတေမခံရဘဲ ဘယ်နေမလဲ။

ဘုန်းကြီးကျောင်းအပ်တဲ့နေ့မှစပြီး ကျောင်းမှာအိပ်ရတယ်။ ကိုးနာရီထိုးတာနဲ့ အိပ်ရာဝင်။ မနက်လေးနာရီ အုန်းမောင်းခေါက်ရင် အားလုံးအိပ်ရာထ။ ကိုယ့်အိပ်ရာကိုယ်သိမ်း။ ရေတွင်းနားမှာရှိတဲ့

အုတ်ကန်မှာ မျက်နှာသစ်။ နောက်ဘုရားဆောင်မှာ နေရာယူ။ ဆရာတော်ကြီးမှစပြီး ကျောင်းရှိလူကုန်ဘုရားဝတ်တက်ရတယ်. . . ဘုရားရှိခိုး၊ သီလယူ၊ မေတ္တာပို့၊ အမျှဝေ။ ပြီးလျှင် ကျောင်းသား တချို့က အရုဏ်ဆွမ်းအတွက် ရွာထဲဆွမ်းဝတ်ယူ၊ ကျောင်းသားတချို့ နဲ့ ကိုရင်တချို့က ပန်းကန်ခွက်ယောက်တွေ ဆေး၊ ခန်းနေကိုယ်တော် က ဆွမ်းပွဲတွေပြင်၊ ကျောင်းသားတွေက ဆွမ်းကပ်၊ ဆရာတော် ဆွမ်းဘုဉ်းပေးနေချိန်မှာ ကျုပ်တို့အားလုံးက စာပြန်ရတယ်။ ကကြီး၊ ခကွေးသမားက ကကြီးခကွေးတိုင်၊ အားလုံးလိုက်ဆို။ ပြီးတော့ တန်းစဉ်အလိုက် စာတွေတိုင်ရတယ်။ ဘယ်အတန်းဘယ်စာဝါ လိုက်နေလိုက်နေ အားလုံးလိုက်ဆိုရတယ်။ ဆရာတော်နဲ့ ဦးပဉ္ဇင်း တွေ ဆွမ်းဘုဉ်းပေးပြီးတော့ ကိုရင်တွေ. . . ကိုရင်တွေဆွမ်းစားပြီး ပိုပိုလျှံလျှံကျန်သေးရင် ကျောင်းသာတွေမျှစား။ များသောအားဖြင့် တော့ ကျောင်းသားတွေမစားရပါဘူး။ အရုဏ်ဆွမ်းက နည်းလည်း နည်းတာကိုး။

ဆွမ်းစားပြီးရင် ခဏတစ်ဖြုတ်နားကြရတယ်။ နားတယ် ဆိုတာကတော့ စကားအရပါ။ ကျောင်းဝန်းသန့်ရှင်းရတာ. . . သောက်ရေ၊ သုံးရေ၊ ချိုးရေ ခပ်သူကခပ်၊ အားလပ်တယ်မရှိပါဘူး။

နံနက် (၇) နာရီထိုးတော့ မနက်ပိုင်းစာအံ။ (၉) နာရီမှာ စာအံဖြုတ်။ စာအံဖြုတ်ပြီးရင် ဆွမ်းခံထွက်ဖို့ ပြင်ရတယ်။ ကိုရင်လေးငါးပါး ဦးဆောင်ပြီး ကျောင်းသားသုံးလေးယောက် တစ်ဆိုင်း။ ဆွမ်းဆိုင်း သုံးဖွဲ့ထွက်တယ်။ ရွာအရှေ့ခြမ်း၊ အလယ်ခြမ်း၊ အနောက်ခြမ်း သုံးခြမ်း သုံးပိုင်းပိုင်းပြီး ဆွမ်းခံကြတယ်။ အဲဒီ အချိန်တော့ ကျုပ်အတွက်ပျော်စရာပဲ။ ရွာထဲလာခွင့်၊ လည်ခွင့်ရတဲ့



အချိန်လေ. . . ဗန်းစကောကြီးကို ကြိုးနဲ့သိုင်း၊ ကျောင်းသား နှစ်ယောက်ထမ်းလိုက်ရတယ်။ ကျုပ်လို ငယ်သူက ကြေးစည်ထု၊ ဆွမ်းတော်ဗျို့လို့ ရှေ့ကအော်ရတယ်။ ကြေးစည်သံကို နောင်ခနဲ အသံမြည်အောင်ထု၊ ဆွမ်းတော်ဗျို့. . . လို့ အော်ရတာ သိပ်အရသာရှိတယ်. . . ကျုပ်တို့အော်လို့ ဆွမ်းထွက်လောင်းတာ မြင်ရင် တော်တော်ဟုတ်တဲ့ငါပါလားလို့ ဘဝမြင့်ပါတယ်။

နေ့လယ် (၁၁) နာရီမှာ နေ့ဆွမ်းကပ်တယ်။ အဲဒီအချိန်မှာ မနက်က စာတိုင်ဖို့ကျန်သူတွေက ဆက်တိုင်။ အားလုံးလိုက်ဆို။ ကျုပ်တို့မရောက်သေးတဲ့စာတွေဆိုရတော့ သင်သာမသင်ရသေးတာ၊ နားရည်ဝနေပြီ။ အတန်းကြီးသူတွေက ကျုပ်တို့စာတွေပြန်ဆိုတော့ စာကျေတာပေါ့။ အချိန်ရတိုင်း စာနဲ့နပန်းလုံးနေရလို့ စာသင်ရမှာ မကြောက်တော့ဘူး။ နေ့ဆွမ်းကတော့ ပိုပိုလျှံလျှံရှိတယ်။ ဝိုင်းသိမ်း အဖြစ် မျက်နှာချင်းဆိုင်၊ လက်ချင်းဆိုင် စားကြရတယ်။ ဆွမ်းဗန်းကြီးထဲ ထမင်းတွေပုံ၊ ဟင်းတွေပုံပေးတာကို လုယက်စားရတာ ပျော်စရာလည်းကောင်းမှကောင်းပဲ။

ထမင်းစားပြီးလို့ ဆရာတော်ကြီး အချိုပွဲအချဉ်ပွဲ ဘုဉ်းပေးပြီးရင် ကျုပ်တို့ကို ဝေငှပေးလေ့ရှိတယ်။ ဝေငှလောက် အောင် ပိုပိုလျှံလျှံရတာက ငှက်ပျော်သီး၊ သရက်သီး၊ မာလကာသီး၊ သြဇာသီး။ တစ်ခါတလေ ထန်းလျက်တစ်လုံးစီစားရလေ့ရှိတယ်။ အလှူတွေ၊ ကထိန်တွေရှိရင်တော့ မုန့်ပဲသရေစာက စိတ်ကြိုက်။

ထမင်းစားပြီး တအောင့်တနား နားခွင့်ရတယ်။ အိပ်ချင် အိပ်၊ ကစားချင်ကစား။ ညနေစာဝါမတက်ခင် တစ်နာရီထိုးထိ နားနားနေနေ။ နေ့လယ်တစ်နာရီက လေးနာရီထိ စာပြန်အံရပြန်

တယ်။ လေးနာရီကျောင်းဆင်းရင်တော့ သစ်ပင်ရေလောင်း၊ မြက်နှုတ်၊ သန့်ရှင်းရေးလုပ်ရတယ်။ ငါးနာရီထိုးရင် ကျောင်းသားကြီးတွေ ဆွမ်းချိုင့်ပို့ဖို့ ရွာထဲသွားကြတယ်။ အလုပ်မရှိတဲ့ ကျောင်းသားတွေ ရွာပြန်ချင်ရင် ဆရာတော်ကို လျှောက်ပြီး ခွင့်တောင်းရတယ်။ ဒါပေမယ့် ခြောက်နာရီထိုးရင်တော့ ကျောင်းပြန်လာ. . .။ ခုနစ်နာရီမှာ ဘုရားဝတ်တက်။ ရှစ်နာရီထိုးရင် ညစာဝါတက်။ ကိုးနာရီထိုးတော့ အိပ်ရာဝင်ကြရတယ်။

နိစ္စဓူဝအလုပ်။ မိုးလင်းကမိုးချုပ် အချိန်အားလပ်မှုမရှိအောင် နေရတော့ ကစားချိန်လျော့သွားတယ်။ အရင်ကလို တေလို့ပေလို့လည်းမရတော့ဘူး။

ကျောင်းနေစဉ် ဆရာတော်ကြီးကို အပ်နှံပေမယ့် ဆရာတော်ကြီးက စာမသင်ပါဘူး။ အဆင့်မြင့်စာတွေသင်နေတဲ့ ကိုရင်တွေကိုပဲ ဆရာတော်ကြီးကိုယ်တိုင် စာဝါချပေးတယ်။ ကျောင်းသားငယ်၊ ကိုရင်ငယ်တွေကို ဦးပဥ္ဇင်းတိက္ခနဲ့ ကိုရင်သုမနတို့က စာချပေးတယ်။ စာသင်သားတစ်ပိုင်း၊ စာပြတစ်ပိုင်းပေါ့။

ကျောင်းနေကတည်းက ကျုပ်ကိုရိုက်တာက ကိုရင်ကြီးသုမနပါ။ စာမအံလို့၊ စာမကျက်လို့၊ စာမရလို့ ရိုက်သင်တာ. . . ခန်းနေကိုယ်တော် ဦးသောမရိုက်တာကိုတော့ မှတ်မှတ်ရရ နှစ်ကြိမ်ခံရဖူးတယ်။ ကျောင်းစည်းကမ်းဖောက်ပြီး ကန့်သတ်နယ်ကို သွားလို့ကတစ်ကြိမ်၊ ရေချိုးခွင့်မပြုတဲ့အချိန် ရေချိုးလို့ကတစ်ကြိမ်။ ခန်းနေကိုယ်တော်နဲ့ အထိအစပ်နည်းတော့ ဒီနှစ်ကြိမ်ပါပဲ။ စာသင်တာနဲ့ ပတ်သက်ပြီး တာဝန်ယူထားတဲ့ ဂန္ထဝါစကာပုဂ္ဂိုလ်တွေရိုက်တာကတော့ နေ့စဉ်လိုလို ကြုံရတွေ့ရတယ်။



ကျုပ်အင်မတန်ကြောက်တဲ့ ဆရာတော်ကြီးရဲ့ အရိုက်အပုတ်ကို တစ်ခါမှမခံရဖူးဘူး။ အော်တာ ငေါက်တာကတော့ ရှိတယ်။ ဆရာတော်ကြီးအော်ရင် ရိုက်တာထက်ပိုကြောက်တယ်။ ဆိုးသွမ်းတဲ့ ကျောင်းသားဆိုရင် ဆရာတော်ကြီးက ရိုက်တတ်တယ်။ ကျုပ်က ဆရာတော်ကြီးကိုကြောက်လို့ အပြစ်မဖြစ်အောင်နေတော့ အရိုက်အပုတ်တော့မခံရဘူး။ ဘုန်းကြီးအော့ကြောလန်တဲ့သူကလည်း ရှိတော့ရှိခဲ့ပါတယ်။

ကျုပ်ဘုန်းကြီးကျောင်းမှာ သုံးနှစ်စာသင်ခဲ့တယ်။ စာတတ်တာမတတ်တာအပထား၊ စည်းကမ်းကျနလာတာတော့အမှန်ပဲ။ မကောင်းကျောင်းပို့ဆိုတဲ့ ရှေးလူကြီးတွေစကား အဲဒီအချိန်ကျမှ နားလည်လာတယ်။ ကျုပ်လိမ္မာယဉ်ကျေးလာအောင် သင်ပေးလိုက်တာ ဘုန်းကြီးကျောင်းကပါ။ ခုတော့ အမေ့အော်သံဆူသံတွေလည်း မကြားရတော့ဘူး။ ဘယ်ကြားရမလဲ ကျုပ်ကလိမ္မာသွားပြီကိုး။

* * * * *

## ပုစွန်ငါးပိချက်

သံလုံးကောက်လာသည့် ပုစွန်လုံးတွေက ရေပုံးစုတ်ထဲ ယောက်ယက်ခတ်နေသည်။ တစ်ကောင်ကို တစ်ကောင်က နင်းခြေ ကန်ကျောက်လျက် လွတ်မြောက်ရေးအတွက် ရုန်းကန်နေသည်။

သံလုံးကတော့ သူ့စွမ်းပကားဖြင့် ရှာဖွေလာသော ပုစွန်တွေကို တစိမ့်စိမ့်ကြည့်လျက် ကြည်နူးနေသည်။

“အမေ. . . ပုစွန်ငါးပိချက်ချက်ဗျာ. . . ”

ဆီနည်းနည်းနှင့် လျှာရင်းမြက်အောင် အရသာရှိသည်က ပုစွန်ငါးပိချက်သာ။ ဆီပေါပေါများများရှိလျှင် ရင်အုပ်တွေခွာ. . . ဆန်မှုန့်ကိုဖျော်. . . ပုစွန်ရင်အုပ်ကို နယ်ပြီး ကြော်လျှင်တော့ ကိုဘသာအကြိုက်။ ပုစွန်လုံးကြော်ကို ရေနွေးကြမ်းကျကျလေးနှင့် မြည်းရလျှင် ကိုဘသာက နတ်သုဒ္ဓါမှီဝဲနေရသည့်အလား။ ငါ့မိန်းမ လုပ်ကျွေးသမျှထဲမှာတော့ ပုစွန်လုံးကြော်က ရှယ်ပဲ” ဟု ပင်ပန်းသူ ဝမ်းသာအောင် ချီးမွမ်းတတ်သည်။

အစားကောင်းကြိုက်သည့် ကိုဘသာက ထမင်းပွဲအသားဟင်း မပါလျှင် ဂနာမငြိမ်။ ဖင်ကိုကြမ်းပိုးထိုးသည့်အလား ရွစိရွစိ။ ဖင်တကြွကြွ။

"ဒါဘိတ်ငါးပိထောင်း ကိုရင်. . . ဘယ်ဈေးများမှတ်နေလဲ။ တစ်ဆယ်သားလေးရာ. . . ငါးပိဖုတ်ဆီဆမ်းနဲ့စားရင်တောင် ထမင်းတစ်နပ်ဖြစ်တယ်"

အသားဟင်းလျာမပါသဖြင့် ဂနာမငြိမ်ဖြစ်နေသောကိုဘသာ ငြိမ်သွားအောင် ငါးပိထောင်းပန်းကန် ထိုးပေးလိုက်ရသည်။

"တောမှာနေပြီး တောကောင်လေး၊ ဘာလေးတောင်မစားရ တာ ငါညံ့လို့ပဲ။ ဒီနေ့တော့ ရှိပစေ. . ."

ကိုဘသာ ဤသို့ကြိမ်းမောင်းပြီဆိုလျှင် ဟင်းကောင်းဟင်းမွန် စားရပြီမှတ်။ ချိုးလား. . . ရေစစ္စလီလား. . . တောဘဲလား. . . တစ်မျိုးမျိုးတော့ ပါလာမှာသေချာသည်။ လေးခွတွေ၊ မှိန်းတွေ. . . စူးတွေ သယ်သွားပြီဆိုလျှင် ဖွတ်လား. . . ပဒပ်လား. . . ပွေးလား . . . ယုန်လား တစ်ကောင်ကောင်တော့ ရလာမှာသေချာသည်။ အုံနှင့်ကျင်းနှင့် အဖော်တွေခေါ်ထွက်သွားပြီဆိုလျှင် ဝက်ကျင်းတွေ့ ထားသလား. . . ချေစားကျက်တွေ့ထားလား တစ်ခုခု။ ပြန်လာလျှင် အချိန်သုံးလေးဆယ်ထွက် ဝက်တစ်ကောင်ကောင် တော့ ထမ်းလာမှာသေချာသည်။

ရသာတဏှာမက်သည့် ကိုဘသာသည် အသားဟင်းလျာ မက်မက်စက်စက်ရှိသကဲ့သို့ ရအောင်လည်းရှာတတ်သည်။ ဘမျိုး ဘိုးတူ ချိုကလေးနှင့်ဆိုရမည့်အလား ကိုဘသာသား သံလုံးကလည်း ဖအေ့ခြေရာတစ်ထပ်တည်းနင်းသည်။



နံနက်ပိုင်း မိုးလေးဖွဲစုတ်ဖွဲစုတ်ရွာနေသည်ကိုမြင်ပြီး အကြံ ပေါက်သွားဟန်တူသည်။ အိမ်နောက်ဖေး ရေသွန်တွင် မှောက်ထား သော ရေပုံးစုတ်ကို ဆွဲထွက်သွားသည်။ တစ်နာရီသာသာကြာတော့ သံလုံးပြန်ရောက်သည်။ တစ်ကိုယ်လုံး မိုးရေတွေ ရွှဲ၊ ရွှံ့တွေလူး နေသည်။ ရွှံ့တွေပေကျံနေသည့်မျက်နှာက ပြုံးလျက်၊ ရွှင်လျက်။ သူစားချင်သည့် ပုစွန်ငါးပိချက်ချက်ပေးဖို့ မိခင်ကိုပူဆာသည်။ အင်းပေါ့။ တောသူတောင်သားဆိုတာ ဈေးအားကိုးလေ့မှမရှိတာ။ ကိုယ်တိုင်ရှာ. . . ကိုယ်တိုင်စား။

* * *

ပုစွန်ငါးပိချက်ဖြစ်အောင် ပုစွန်လုံးကိုခွာ. . . အနှစ်ကိုခြစ်ပြီး ဟင်းသောက်ပန်းကန်ထဲထည့်၊ ပုစွန်ရင်အုပ်နှင့် ခြေချောင်းလေး တွေ ငရုတ်ဆုံထဲထည့်ထောင်း၊ ပုစွန်လက်မကိုခွဲပြီး အသားကိုထုတ် . . . မန်ကျည်းသီးအစိမ်းကို ညက်အောင်ထောင်း၊ ဆားသင့်ရုံထည့်၊ ဆီကိုပါသည်ဆိုရုံထည့်ချက်ရုံဖြင့် နှုတ်မြိန်သည့် ဟင်းတစ်ခွက် ဖြစ်လာသည်။ ပုစွန်ညှီနံ့မထွက်အောင် ချင်းလေးကြက်သွန်ဖြူလေး ထောင်းထည့်နိုင်လျှင်တော့ ပြောစရာပင်မလို။ အတို့အမြုပ်သာ များများရှာထား။ သားအဖနှစ်ယောက်က ခေါင်းမဖော်ဘဲ စားလိုက် မည့်ဖြစ်ခြင်း။

"ငါ့မိန်းမက ဟင်းချက်တော့ နံပါတ်တစ်ပဲ"

ကိုဘသာက ပလုတ်ပလောင်းစားရင်း ချီးမွမ်းသည်။

"ကျုပ်ကောင်းတာမဟုတ်ပါဘူးတော်. . . ပုစွန်အရသာက ကောင်းတာပါ"

"ချက်တတ်မှကောင်းတာကွ၊ မင်းက ဒီဟင်းချက်ကတော့ နံပါတ်တစ်ပဲ"

"ပုစွန်ချဉ့်ချက်ရင် စားအီတယ် ကိုဘသာရဲ့။ အခုလို မန်ကျည်းသီးနုလေးတွေ ထောင်းထည့်တော့ အအီလေးပြေ၊ ခံတွင်းလည်းရှင်း. . . ငရုတ်သီးစိမ်းလေးပါ ထောင်းထည့် ပေးထားတော့ နှုတ်မြိန်သွားတာပေါ့"

"အဲဒါပြောတာ. . . အချိုးအစားကျတဲ့ ဟင်းတစ်ခွက်ဖြစ်ဖို့က ဟင်းအမယ်စုံဖို့လိုတယ်"

"အဲဒါတော့ မှန်တယ်. . . တချို့က ပုစွန်ဆီထုတ်ပြီးတော့ ချက်တယ်။ ရင်အုံတွေကို မထောင်းမထုဘဲ ထည့်ချက်တော့ အနှစ်မရဘူးပေါ့"

"ဒါကြောင့် ငါ့မိန်းမကိုပြောတာ. . . ငွေအရင်းအနှီးလေးများ ရှိရင်တော့ မြို့တက်ပြီး ထမင်းဆိုင်ဖွင့်မကွာ. . . "

"စိတ်ကူးယဉ်ပြန်ပြီ"

"မင်းချက်တဲ့ ပုစွန်ငါးပိချက်. . . ငါကြိုက်တဲ့ ပဲကုလားဟင်း . . . မင်းသားသံလုံး သဘောကျတဲ့ ဝက်သားနီချက်၊ အဲဒီ သုံးမျိုး စပါယ်ရှယ်ချက်"

"တော်တို့သားအဖကြိုက်ပေမဲ့ စားတဲ့လူကြိုက်ဦးမှဖြစ်မှာ ကိုဘသာရဲ့"

"အောင်မလေး ပူမနေစမ်းပါနဲ့။ ငါ့လိုအကောင်းကြိုက်တဲ့လူ လက်ခံရင် စားသုံးသူလည်း ကြိုက်မှာပါ. . . ဩော်. . . ဒါထက်၊ မင်းကိုပြောဖို့မေ့နေတာ. . . မနေ့က ဘကြီး သာညဏ်နဲ့တွေ့တယ်"

ဘကြီးသာညဏ်ဟုဆိုလိုက်သဖြင့် ခွံ့ရန်ဟန်ပြင်နေသည့် ထမင်းလုတ်ကိုပြန်ချပြီး "ဘာပြောလဲ" ဟု မေးလိုက်သည်။



ဘကြီးသာညဏ်ဆိုသည်မှာ မအေးမြ၏ဦးလေးအရင်း။ အေးမြဖခင် ဦးမွန်း၏ညီအငယ်ဆုံး။ ရွာအရှေ့မြောက် တစ်ခေါ်သာသာတွင် ဥယျာဉ်ခြံမြေစိုက်ပြီး သီးခြားနေသူ။ သားထောက်သမီးခံလည်း မကျန်၊ ဇနီးသည်ဒေါ်ဖွားသုန် ဆုံးကတည်းက ရွာမှခွာပြီး ဥယျာဉ်ထဲတစ်ယောက်တည်းနေသူ။

ဆွေမျိုးသားချင်းထဲ အသက်အကြီးဆုံးဆို၍ ဘကြီးသာညဏ်သာ ကျန်ရစ်သော်လည်း မိဘလက်ထက်ကတည်းက ရန်ငြိုးရန်စကြောင့် အခေါ်အပြောအဆက်အဆံမရှိ။

အဘိုးအဘွားများရှိစဉ်က ညီအစ်ကိုနှစ်ယောက် စည်းစည်းလုံးလုံးရှိသည်။ ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင်လုပ်သည်။ အိမ်ထောင်ကျတော့လည်း မိဘများနှင့်မခွဲခြားဘဲ တစ်စီးပွားတည်း လုပ်သည်။

ညီအစ်ကိုချင်းက ဘာမျှမဖြစ်သော်လည်း တစ်စိမ်းဖက်လာတော့ သဘောမညီမျှတာတွေဖြစ်လာသည်။ တစ်ယောက်ကို တစ်ယောက် တွက်ကပ်လာသည်။ မယားစကားတွေနားထောင်ပြီး ညီအစ်ကိုချင်းစကားများလျက် ဘကြီးသာညဏ်တို့ လင်မယား အိမ်ခွဲသွားသည်။

ဤသည်မှာ အေးမြမီလိုက်သည့် အတိတ်ဇာတ်လမ်း။

အေးမြ လူမှန်းသူမှန်းသိချိန် အဘိုးနှင့်အဘွားဆုံးပါးချိန်တွင် အမွေကိစ္စနှင့်ပြဿနာဖြစ်သည်။ ဘကြီးသာညဏ်က လုပ်နေသည့် လယ်နှင့်ယာယူမည်။ ဖခင်ဦးမွန်းကို ခြံနှင့်အိမ်ယူဟုဆိုလာသည်။ အိမ်က နေဖို့သက်သက်သာရသဖြင့် လယ်နှင့်ယာကိုသာ ယူချင်သည်။ လယ်တစ်ဝက်ပေးဖို့ ဖခင်ကပြောသည်ကို ဘကြီးသာညဏ်က

လက်မခံ။ လက်မခံသည်မှာ ဘကြီးသာညဏ်သဘောမဟုတ်။ အရီးဆန္ဒ။ တစ်ခြမ်းတစ်ဖဲ့မှ ခွဲမပေးနိုင်ဘူးဟု မာမာတင်းတင်း ပြောရာမှ တုတ်တပြက် ဓားတပြက်ဖြစ်ခဲ့သည်။

ထိုစဉ်ကတည်းက မိသားစုချင်း စကားမပြော၊ အဆက်အဆံ မလုပ်ခဲ့သည်မှာ ယနေ့ထိ။

"တော့်ကို ဘာပြောလဲ. . ."

"နောင်တရတဲ့သဘော၊ သံဝေဂဖြစ်တဲ့သဘောပေါ့ကွာ. . . အသက်အရွယ်တွေလည်းကြီးပြီ၊ အရင်းအချာဆိုလို့ ပြေးကြည့်မှ ဒီဦးလေး၊ ဒီတူမပဲရှိတယ်. . . စည်းစည်းလုံးလုံးနေချင်တယ်တဲ့"

ကိုဘသာက ဦးကြီးသာညဏ်၏ သဘောထား၊ သူ့အမြင်၊ ဖြစ်သင့်ဖြစ်ထိုက်သည့်အခြေအနေကို တွက်ချက်ပြသည်။

လောဘကြောင့် ညီအစ်ကိုအရင်းချင်း စကားမပြောနိုင်၊ နှုတ်မဆက်နိုင်။ သွေးချင်းခွဲလျက် တစိမ်းပြင်ပြင်ပမာနေခဲ့သည်မှာ ကြာပြီ။ သေခန်းရှင်ခန်းပြတ်သည်ထိ ဒေါသတရားပြင်းထန်ခဲ့သည်။ ဘယ်လောက်ပင်လောဘကြီးကြီး၊ ဘယ်လိုပင် ဒေါသ ထွက်ထွက်၊ အချိန်ကြာတော့ လောဘတက်ခဲ့သမျှသည် ဘာမျှ မဟုတ်ပါလားဟု သိလာသည်။

"တော့်သဘောထားက ဘယ်လိုလဲ ကိုဘသာ"

"ငါ့အမြင်မပြောချင်ပါဘူး။ နင်တို့ကိစ္စမဟုတ်ဘူးလား"

"မယားနဲ့ပတ်သက်တာ လင်နဲ့မဆိုင်ဘူးလား. . ."

"ပတ်သက်မှုတော့ရှိတာပေါ့"

"ရှိရင် ထင်မြင်ချက်တော့ ပေးနိုင်ရမှာပေါ့"



"ဒီလိုလား. . . ငါ့ထင်မြင်ချက်ပြောရရင်တော့ မင်းချက်တဲ့ ပုစွန်ငါးပိချက်လောက် ဘယ်ဟင်းမှ ကောင်းတယ်မထင်ဘူး။ ရှိသေးရင် သွားကော်စမ်းပါဦး"

သံလုံးလက်ချက်ဖြင့် ပြောင်တလင်းခါနေသည့် ပန်းကန်ကို ထိုးပြသဖြင့် ပုစွန်ငါးပိချက်ထည့်သော ပန်းကန်ကို ကောက်ယူလျက် မီးဖိုထဲဝင်သွားခဲ့ပေသည်။

* * *

"ပုစွန်ငါးပိချက်ဆိုပေမဲ့ မန်ကျည်းသီးအစိမ်းလေးထောင့် ထည့်မှ၊ ကုလားအော်သီးအစိမ်းလေးထောင်းထည့်မှ အရသာရှိတာ အေးမြရဲ့"

"ဘာဖြစ်လဲ. . ."

"ဝက်သားချက်ရင် သရက်သီးခြောက်လေးထည့်ချက်တော့ အဆီအဆိမ့်ပြေတာပေါ့"

"ဟုတ်ပါပြီ. . ."

"ကြက်သားချက်ရင် သူ့ချည်းချက်တာထက် အာလူးလေး ဘာလေးရောတာ ပိုကောင်းတယ်မို့လား"

ကိုဘသာ လေကြောရှည်နေသည်ကို မအေးမြသဘောမကျ ဟန်ဖြင့် မျက်စောင်းတစ်ချက်ထိုးလိုက်သည်။

"တို့ရွာကို သူကြီးပုအုပ်ချုပ်တုန်းက ပြောဖူးတဲ့စကားတစ်ခွန်း ရှိပါတယ်"

"ဘာပြောလဲ" ဟူသောအဓိပ္ပာယ်ဖြင့် မအေးမြလှမ်းကြည့်သည်။

"ဒီရွာသာယာတာ. . . ဒီရွာတိုးတက်တာ. . . ဒီရွာလှပတာ ငါတော်လို့၊ ငါစီမံတာကောင်းလို့ချည်း မဟုတ်ဘူး။ ရွာသူရွာသား

တွေ ညီညွတ်တာ. . . ချစ်ချစ်ခင်ခင်ရှိတာ. . . ပြီးတော့ ကိုယ့်ရွာအပေါ် ချစ်စိတ်၊ သံယောဇဉ်စိတ်ရှိတာလည်း အခရာကျတယ်တဲ့”

“နေစမ်းပါဦးကိုဘသာ. . . တော်ဘာပြောချင်တာလဲ။ ဘကြီးသာညဏ်နဲ့တွေ့ခဲ့တော့ သူက ဘာပြောတယ်ဆိုတာ ဘာတွေ ဝေ့ပတ်နေတာလဲ”

ကိုဘသာက ဇနီးသည်အေးမြကိုကြည့်လျက် ခပ်ပေါ့ပေါ့ရယ်လိုက်သည်။

“ငါနဲ့က တစိမ်းဆိုလို့ပြောရင်လည်း ရတယ်. . . နင်နဲ့ဘကြီးသာညဏ်နဲ့က တူအရီးအရင်း။ မခေါ်လည်း သွေးသားချင်းပြတ်လို့မရဘူးအေးမြ။ ပြီးတော့ ဒီကိစ္စထဲမှာ နင်လည်းပါတာမဟုတ်ဘူး”

“ကဲ လိုရင်းပြောစမ်းပါကိုဘသာရယ်. . .”

“ဩော်အေး. . . လိုရင်းပြောရရင် ဘကြီးသာညဏ်က နင်ချက်ကျွေးတဲ့ ပုစွန်ငါးပိချက်အကြောင်း ပြောပြတော့ စားချင်လိုက်တာကွာတဲ့။ အိမ်မှာ သခွားသီးနုနုလေးတွေလည်း ရှိတယ်. . . မျှစ်ပြုတ်ထားတာလည်းရှိတယ်။ မျှစ်ပြုတ်လေးမြှုပ်ပြီး ပုစွန်ငါးပိချက်ဆမ်းစားရရင် မြိန်လိုက်မယ့်အမျိုးလို့ ပြောသွားတယ်. . .”

ပုစွန်ငါးပိချက်ကောင်းသည်မှာ ပုစွန်တစ်ခုတည်းကောင်းသည်မဟုတ်။ မန်ကျည်းသီး၊ ငရုတ်သီး၊ ဆားစသည့် အမယ်များပေါင်းစပ်၍ ကောင်းခြင်းပင်။ တစ်ခုခုလစ်ဟာလျှင် အရသာကပေါ့ပျက်ပျက်၊ လိုအပ်ချက်ဖြစ်သည်မှာမမွတာ. . . ခုလည်း ဘကြီးသာညဏ်တစ်ယောက်တည်းနှင့် ပြည့်စုံသည့်ဘဝ မဖြစ်နိုင်။ ဆွေမျိုးအသိုင်းအဝိုင်းတွေ ညီညွတ်စည်းလုံးမှ ပြီးပြည့်စုံပေလိမ့်မည်။

* * * * *

# လူတစ်ကိုယ် တိုက်တစ်လုံး

“ဟဲ့. . . မုန်းအောင် မြန်မြန်လာ. . . ဝိုင်းစုခိုင်သိန်းနဲ့ ချောသက်ပိုင်ရော. . . လာလေ. . . သူကြီးအိမ်သွားမယ်။ ဟေး. . . ဟိုဘက်အိမ်က မိဦးနဲ့ မိပေါက်စ၊ နင်တို့မသွားကြဘူးလား”

အိပ်ရာကနိုးသည်နှင့် မဖွားတင်အသံက နံနက်ချိန်ခါ တေးသံသာနှင့်အပြိုင် ပေါ်လာသည်။ သူ့သားမုန်းအောင်က ဘယ်အချိန်အိပ်ရာထပြီး ဘယ်သွားဘာလုပ်နေသည်မသိ။ အော်လည်းအော်. . . ရှာလည်း ရှာ၊ မရှာလို့မဖြစ်။ မအေ့မျက်နှာမတွေ့လျှင် ဂျီကျတတ်၊ ငိုတတ်သည်။ ငိုပြန်တော့လည်း တော်တော်နဲ့မရပ်။ ဆီမထည့်ထားသော အညာက လှည်းဘီးသံနှယ်တအီအီ။

မပွားတင်လောနေသည်မှာ အခြားအကြောင်းမဟုတ်။ နံနက်ချိန်ခါ တေးသံသာနားထောင်ဖို့ သူကြီးအိမ်သွားရမည်။ အုပ်စုတစ်စုတစ်လုံးနှုန်းရောင်းပေးထားသည့်ရေဒီယိုကို သူကြီးအိမ်မှာထားသည်။ တစ်အိမ်ထောင်တစ်ကျပ်ကောက်ပြီး နှစ်ရာခုနှစ်ဆယ့်ငါးကျပ်တိတိ ပေးထားသော ရေဒီယို။ သူကြီးခေါ်သကဲ့သို့ ခေါ်ရလျှင် ကြံ့ခိုင်ရေးရေဒီယို။

အိမ်ခြေသုံးရာကျော်ရှိသော စီပိုင်းအုပ်စုကို သူကြီးသောင်းက အုပ်ချုပ်သည်။ သူကြီးနေသည့် သာယာကုန်းရွာ အိမ်ခြေ ၁၂၁ လုံး၊ စီပိုင်းရွာက ၁၄၀၊ ချင်းစုရွာက ၆၈ လုံး။ သုံးရွာပေါင်းလျှင် ၃၂၉ အိမ်ရှိသည်။ ထိုအိမ်ထောင်စုတစ်စုကို ငွေတစ်ရာစီ ခွဲတမ်း သတ်မှတ်လိုက်သည်။ အစိုးရသတ်မှတ်ရောင်းချသည့် ကြံ့ခိုင်ရေး ရေဒီယိုဝယ်သည်။ ပိုငွေက စရိတ်စက။ ဘယ်ပုဂ္ဂိုလ်တွေ ပေးရ ကမ်းရသည်တော့မသိ။ ပိုငွေဘယ်ရောက်သွားလဲဟု ဘယ်သူကမှ အမုန်းခံမမေး။ ငွေတစ်ရာတည်း ထည့်ရတာပဲဟု ယောနိသော မနသိကာယ။

သူကြီးရေဒီယိုဝယ်လာစက တစ်ရွာလုံး လာကြည့်ကြသည်။ ရှေးရှေးက မမြင်ဖူးမတွေ့ဖူး။ တစ်ပေသာသာသေတ္တာပုံးလေးထဲမှ သီချင်းဆိုသံတွေ ထွက်လာတယ်. . . အဲဒီထဲမှာလူဝင်ပြီး စကားပြော နေသလား အောက်မေ့ရအောင် ပြောဆိုနေသံတွေကြားရတယ်. . ဟူသော သတင်းစကားကြောင့် အထူးအဆန်းလုပ် လာကြည့်ကြ သည်။ သူကြီးက စားပွဲပေါ်တွင် ပိတ်ဖြူစခင်းပြီး တင်ထားသော ရေဒီယိုခလုတ်လေးများ လှည့်ပြီးဖွင့်ပြသည်။ အားလုံးအံ့သြကုန် သည်။ ကလေးတွေက သဘောကျလွန်းလို့ လက်ခုပ်တီး၊ လက်ကွင်း ထိုး ဂုဏ်ပြုကြသည်။

ဤကြံ့ခိုင်ရေးရေဒီယိုသည် အုပ်စုပိုင်။ အများနားထောင် နိုင်အောင် သူကြီးအိမ်တွင်ထားသည်။ သူကြီးက သက်ငယ်၊ ထရံကာ၊ တစ်ဖက်ရပ်မြေစိုက်တဲတစ်လုံးဆောက်သည်။ တဲအလယ် တွင် စားပွဲခုံမြင့်တစ်ခုချသည်။ ထိုစားပွဲပေါ်တွင် ရေဒီယိုတင် ထားသည်။ လာ နားထောင်သူရှိလျှင် ရေဒီယိုကို သူကြီးကတော်က ဖွင့်ပေးသည်။



ရေဒီယိုလာချိန်ကို မှတ်ထားသော မဖွားတင်က နံနက်ချိန်ခါ တေးသံသာ နားထောင်ဖို့ အမြဲလာလေ့ရှိသည်။ သူလာလျှင် ပုစုခရု တွေ အကုန်ပါလာသည်။ ဆူညံဆူညံ ရုတ်စုရုတ်စုဖြစ်နေသော လူအုပ်က သူကြီးအိမ်တံခါးဝရောက်သည်နှင့် အားလုံးငြိမ်ကျသွား သည်။ မငြိမ်လို့လည်းမရ။ အသံဗလံတွေ ဆူညံနေလျှင် သူကြီး ကတော်က မောင်းထုတ်မှာ အသေအချာ။ "ဆူမှာပူမှာဆိုပြန်ကြ၊ ရေဒီယိုကောင်းကောင်း နားမထောင်ကြဘူး။ တကယ်ပဲ နည်းနည်းမှ အဆင့်အတန်းမရှိတဲ့ဟာတွေ" ဟု အော်တတ်သည်။

သာယာကုန်းကပဲဖြစ်ဖြစ်၊ စီပိုင်းနှင့်ချင်းစုရွာကပဲလာလာ၊ သူကြီးအိမ်ရှေ့ကွက်သာတွင် ဖိနပ်လေးတွေ ဖင်ခုထိုင်ပြီး နားထောင်ကြသည်။ ရပ်ရွာလူကြီးတွေကိုတော့ သူကြီးက ဖျာကြမ်း ခင်းပေးထားသည်။ ရေနွေးကြမ်းအိုးချပေးထားသည်။ သဘော မနောကောင်းသည့်နေ့မျိုးဆိုလျှင် လက်ဖက်ပွဲလေးပင် တည်ခင်း တတ်သေးသည်။

ဦးဘမောင်၊ ဦးကျော့၊ ဦးသာဖန်၊ ဦးလှတင်တို့က တကယ့် ပွဲနေ့ပွဲထိုင်လူကြီးတွေ. . .။ ရပ်ရွာမှာ အလှူ ကထိန်၊ ဆွမ်းကျွေး၊ သာရေး၊ နာရေးရှိလျှင် အိမ်ဦးခန်းမှာ ဝိုင်းဖွဲ့နေကြ။ ထိုအဖွဲ့က ရေဒီယိုသရဲတွေ ဖြစ်နေပြီ။ ရေနွေးကြမ်းသောက်၊ လက်ဖက်စားရင်း နားထောင်ကြ၊ ဆွေးနွေးကြ၊ ငြင်းခုန်ကြနှင့်။ နံနက်ချိန်ခါတေးသံသာ မှအစပြုပြီး နံနက်ပိုင်းအစီအစဉ် ဤတွင်ပြီးဆုံးပါပြီအထိ နားထောင်ကြသည်။ အစီအစဉ် ပြီးပြီဆိုမှ "သွားဦးမယ်သူကြီး ကတော်ရေ" ဟု နှုတ်ဆက်ပြန်တတ်သည်။

ဦးသာဖန်က "တို့နားထောင်တာ ဖေတော့မောင်တော့က အဓိကမဟုတ်ဘူး၊ ပြည်တွင်းသတင်း နားထောင်တာ. . . အဲဒါမှ

ဘယ်နေရာမှာ ဘာဖြစ်တယ်၊ ဘယ်အမတ်က ဘာစကားပြောတယ် ဆိုတာ သိရမှာ” ဟု ဟိတ်ဟန်တစ်ခွဲသားနှင့် ပြောတတ်သည်။ ဦးလှတင်ကတော့ ကုန်သည်ပွဲစားပီပီ ဆန်ဈေး၊ စပါးဈေး ကြားချင်လို့ဟု ပြောတတ်သည်။ ဘယ်ဟာပဲစိတ်ဝင်စားတယ်ဟုပြောပြော ရေဒီယိုအသံရပ်မှ ထပြန်တတ်သည်ကို သိပြီးသားပင်။

* * *

မြန်မာနိုင်ငံရှိ လူဦးရေ ဆယ်သန်းကျော်၊ အဲဒီလူအားလုံး လူတစ်ကိုယ် တိုက်တစ်လုံး၊ ကားတစ်စီး၊ ဝင်ငွေရှစ်ရာရစေမည် ဟူသော စီမံကိန်း၊ ပြည်တော်သာစီမံကိန်း။ မစားရဝခမန်း။ လွှတ်တော်တွင် အချေအတင်ဆွေးနွေးသည်။ လူတစ်ကိုယ်တိုက် တစ်လုံးဆိုတော့ သက္ကယ်တဲနှင့် နေရသူတွေ သဘောကျကုန်သည်။ စိတ်ကူးယဉ်စရာ ဖြစ်ကုန်သည်။

“ဟဲ့မယ်ရှင်. . . ဒီနှစ်သက္ကယ်မကောက်တော့နဲ့”

ထိုစီမံကိန်းကြားစတွင် ဦးကျော့က ဇနီးသည်ကိုလှမ်းပြောသည်။ သက္ကယ်ကောက်ဖို့ ခပ်ကွင်းပြင်နေသော ဒေါ်ရှင်က နားမလည်ဟန်ဖြင့် မျက်လုံးလှန်ကြည့်သည်။ ဘာစကားလဲ. . . ဟူသောအမေးကြောင့် ဦးကျော့က ပြည်တော်သာစီမံကိန်းကို ဖောက်သည်ချသည်။ ဒေါ်ရှင်က တဟင်းဟင်းဖြင့် လှောင်ရယ်ရယ်တော့ ဦးကျော့က စိတ်ဆိုးသည်။

“နင်ဘာနားလည်လို့လဲ။ ဒီစီမံကိန်းကို တို့ဆီက ပညာရှင်တွေတောင် ရေးဆွဲတာမဟုတ်ဘူး။ နိုင်ငံခြားက ပညာရှင်တွေခေါ်၊ ဒေါ်လာတွေပုံပေးပြီး ရေးဆွဲထားတာ. . .”



“အဲလိုရေးဆွဲတော့ ဖြစ်ရောလား. . . လူတစ်ကိုယ် တိုက်တစ်လုံး၊ ကားတစ်စီး၊ ငွေရှစ်ရာဆိုတာ ဖြစ်နိုင်မလားတော့။ တကယ်ဖြစ်ရင် ကျုပ်တို့အားလုံး အရှင်လတ်လတ် နတ်ပြည်ရောက်တာ. . . နတ်သမီးနတ်သားတောင် အဲသလောက်ချမ်းသာမှာ မဟုတ်ဘူး”

ဦးကျော့စကားကို ဒေါ်ရှင်က မယုံသော်လည်း လတ်တလော ကြံ့ခိုင်ရေးရေဒီယိုတစ်အုပ်စု တစ်လုံးနှုန်း ရောင်းချပေးသဖြင့် ဝမ်းသာနေကြသည်။ တစ်အုပ်စုတစ်လုံးပေးတာထက် တစ်အိမ်ထောင် တစ်လုံးရောင်းပေးကောင်းသားဟု တောင့်တသူတွေပင်ရှိသည်။

“တကယ်တော့ ဒီရေဒီယိုက အရေးမကြီးပါဘူးဗျာ၊ ကျုပ်တို့ ကလေးတွေ စာသင်နိုင်အောင် မူလတန်းကျောင်းတွေ များများ ဖွင့်ပေးသင့်တယ်. . .”

လက်ဝဲယောင်ယောင်၊ လက်ယာယောင်ယောင်၊ လီနင်လိုလို၊ မော်စီတုန်းလိုလို၊ သခင်သန်းထွန်း တပည့်လိုလို၊ ဂိုရှယ်တပည့်လိုလို စကားလုံးကြီးကြီးကျယ်ကျယ် ပြောတတ်သည့် ကိုဘလှကဝေဖန်သည်။ ကိုဘလှနှင့် စကားယှဉ်မပြောလိုသော်လည်း သူတို့စွဲလမ်းနေသည့် ရေဒီယိုကို ထိပါးသဖြင့် ဦးဘမောင်က မျက်လုံးလှန်ကြည့်သည်။

“မင်းကျောင်းက နောက်ထားပါ။ ရွာဦးကျောင်းမှာ စာသင်လည်းရတာ. . . ဒီရေဒီယိုရှိလို့ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်း ကြားရတာကွ”

“ကြားရတော့ ဘာဖြစ်မှာလဲ၊ လက်တွေ့ကျတာမှမဟုတ်တာ . . .။ ရမှရတယ်ပြော”

“ဟ၊ ဘာကြောင့် လက်တွေ့မကျဘူးပြောရတာလဲ”

"ကျုပ်တို့ဗမာနိုင်ငံမှာ အဓိကစီးပွားရေးက ဆန်စပါး၊ အဲဒါ လုပ်တာက တောင်သူလယ်သမား၊ လယ်သမားတွေဘဝမြင့်မားမှ လိုချင်တဲ့စီးပွားရေးရမှာပေါ့"

"ဟ၊ အဲဒီလိုဖြစ်အောင် စလုပ်တာလေ. . . မင်းရေဒီယို နားမထောင်ဘဲ မပြောနဲ့။ ဒီမှာ လယ်ယာကဏ္ဍလည်းပါတယ်။ လွှတ်တော်မှာလည်း အချေအတင်တွေပြောကြတယ်. . . "

"အဲလိုပြောတဲ့လူတွေ ပိုမယုံသေး။ စီမံကိန်းအကြောင်းပြပြီး ငွေလုံးငွေရင်းချပေးတာ ဘုံးတဲ့လူက ဘုံးသွားတယ်ဆိုတာ ကြားပြီး ပလား"

"ကြားတာပေါ့၊ ဘုံးတဲ့လူကို တရားဥပဒေအရ အရေးယူ လိမ့်မယ်။ ဒါတို့နဲ့မဆိုင်ဘူး"

"ပြည်သူ့ဘဏ္ဍာဘုံးတာ ကျုပ်တို့နဲ့မဆိုင်ဘဲရှိမလား. . . အဲဒါ ကျုပ်တို့ငွေတွေလေ. . . သယံဇာတပစ္စည်းတွေရောင်းထားတဲ့ ငွေ၊ ကျုပ်တို့ဆီကကောက်ထားတဲ့ အခွန်ငွေတွေ"

"တော်တော် ဘလှ၊ မင်းက အဖျက်သမား၊ မင်းလိုလူနဲ့ ကြာကြာစကားပြောရင် ငါတို့ပါရာဇဝတ်မှုသင့်မယ်"

ရေဒီယိုကိစ္စ၊ ပြည်တော်သာကိစ္စအကြောင်းပြုပြီး လူကြီး လူငယ်တွေ အချင်းများကြသည်။ စကားအခြေအတင်ပြောရသည်။ နိုင်ငံတော်အဆင့်အထိ ဝေဖန်တိုက်ခိုက်သည့် ဘလှတို့လို လူငယ် တွေကို အဖျက်သမားဟုပုတ်ခတ်သည်။ ဘလှတို့ကလည်း သမရိုးစွဲ ယုံကြည်သူတွေကို နလပိန်းတုံးတွေဟု သမုတ်သည်။ ကြာတော့ တစ်ယောက်နှင့်တစ်ယောက် ကြည့်မရ၊ စကားပြောမရဖြစ်ကုန်သည်။

* * *



လူတစ်ကိုယ်တိုက်တစ်လုံး၊ ကားတစ်စီးပိုင်ဆိုင်စေရမည် ဟူသော ပြည်တော်သာ စီမံကိန်းခေတ်တွင် အသက်ရှစ်နှစ်သာ ရှိသောဖိုးသံချောင်းပင် ခုနစ်ဆယ်နားနီးပြီ။ ထိုစီမံကိန်းကြီးသည် လည်း ဗေဒါပင်လေးရေစုန်တွင်မျောပြီး ပျောက်သွားသကဲ့သို့ ပျောက်သွားပြီ။ စီမံကိန်းချခဲ့သော ပုဂ္ဂိုလ်ကြီးလည်း ကွယ်လွန်ပြီ။ ပြည်သူ့ဘဏ္ဍာငွေသိန်းလေးဆယ်ဘုံးသွားသည့် ပုဂ္ဂိုလ်ကြီးလည်း ဆုံးသွားပြီ။ ပြည်တော်သာ စီမံကိန်းအယောင်ပြ၊ ပြည်သူတွေကို ဝမ်းချသည့်အနေဖြင့် ထုတ်ပေးသည့် ကြံ့ခိုင်ရေးရေဒီယိုလည်း ဘယ်ပျောက်သွားသည်မသိ။ တစ်အိမ်ထောင်တစ်ရာကျပ်စုထည့်ရ သည်။ တို့လည်းတန်အောင်နားထောင်မည်ဟု အားခဲသူတွေ ကြာရှည်နားမထောင်နိုင်။ လက်ဖက်ရည်ကြမ်းဝိုင်းနှင့် စတိုင်ကျခဲ့ သော ဘကြီးဘမောင်၊ ဘကြီးကျော့တို့လည်းမရှိတော့။ နားထောင်သူမရှိတော့ချိန်တွင် ရေဒီယိုကို အိမ်အောက်ပင် မချ တော့။ နောက်တော့ လုံးလုံးပျောက်သွားသည်။ အနိစ္စ၊ အမြဲမရှိ ဟူသော တရားသဘော၊ အနတ္တ၊ ငါ့ဥစ္စာငါ့ပိုင်မဟုတ်ဟူသော တရားသဘော လက်ကိုင်ထားကြသူတွေပီပီ ကြာတော့မေ့ပျောက် သွားသည်။ ရေဒီယိုတစ်လုံး အပိုင်ဘုံးသွားသည့် သူကြီးကိုယ်တိုင်ပင် မြေကျင်းထဲ ဘုံးဘုံးလဲကျသွားခဲ့ပြီ။

ပြည်တော်သာစီမံကိန်းချမှတ်၊ အချေအတင်ဆွေးနွေးခဲ့သည့် လွှတ်တော်အမတ်များ သဘောထားကွဲကြ၊ အချင်းများကြ၊ ပဋိပက္ခ ဖြစ်ရာမှ ပြည်ထောင်စုကြီးပင် ပြိုကွဲတော့မယောင်ယောင်။ ဤတွင် တိုင်းပြည်ချောက်ထဲကျဖို့ လက်နှစ်လုံးသာလိုတော့ချိန် တိုင်းပြည်ကို ကယ်တင်သည့်အနေဖြင့် ထိန်းသိမ်းလိုက်ပြီဟု ကြေညာသည်။

ကယ်တင်ရှင်ကြီးတွေက ကိုယ်စိတ်ကြိုက်အုပ်ချုပ်လိုက်သည်မှာ ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်ဘဝရောက်ရသည်။ လူတစ်ကိုယ်၊ တိုက်တစ်လုံး၊ ကားတစ်စီး၊ ငွေရှစ်ရာစီမံကိန်းက ဆောင်းလယ်ည သန်းခေါင်ယံအိပ်မက်ပမာ ပျက်ပြယ်သွားသည်။ အိပ်ရာက လန့်နိုးချိန်တွင် အိပ်မက်လေလား. . . တကယ့်အဖြစ်အပျက်လေလားပင် ဝေခွဲမရတော့။

ခေတ်အဆက်ဆက်ကို ခက်ခဲစွာကျော်ဖြတ်လာရပြီး ဝမ်းရေးပင် အနိုင်နိုင်ရှာစားလာရသော ဖိုးသံချောင်းသည် ခုတော့ အရွယ်ကျပြီ။ ဇရာပိုင်းရောက်ပြီ။ မစားရဝခမန်းပြောခဲ့သည့် ပုဂ္ဂိုလ်ထူးတွေ စကားကို ခုထက်ထိ ကြားယောင်နေတုန်း။ အိပ်မက်မက်ချင်နေတုန်း။

"အေးလေ. . . ခုအချိန် တိုက်တစ်လုံး၊ ကားတစ်စီး ရချင်လည်းရ၊ မရရင်လည်း သေတဲ့အခါမှာတော့ နိဗ္ဗာန်ယာဉ်ကားကြီး စီးရမှာပါ။ ကျယ်ကျယ်ဝန်းဝန်းမဟုတ်တောင် လူတစ်ကိုယ်ဆံ့တဲ့ တိုက်နဲ့တော့ နေရမှာပါ"

ဖိုးသံချောင်းသည် ဗုဒ္ဓဘာသာဝင်ပီပီ ခန္တီစတရားလက်ကိုင်ထားလျက် ကံကံ၏အကျိုးပေးကို ယုံကြည်အားထားရင်း ဖြေသိမ့်တွေးလေး တွေးလိုက်မိပေတော့သည်။

* * * * *

## မိုးတွေရွာနေပြီအခ်ကို

တောင်ဆီမှ မိုးတွေညိုလာလျှင် ရေတွင်းချိုကုန်း၌ မိုးရွာဖို့ သေချာနေပြီ။

တောင်နှင့်မြောက် နှစ်မိုင်သာသာ. . . အရှေ့နှင့် အနောက် ပေသုံးထောင်မရှိတရှိ အမြင့်ပေ ခြောက်ရာခန့်ရှိသော တောင်တန်းလေးပေါ် ရေအိုးမှောက်ချသည့်အလား မိုးလုံးကြီးကျလာတော့မည်။ တောင်ခြေရှိလယ်တွေ ရေဖွေးနေတော့မည်။ ဖားလက်တက်လေးတွေ၏ မြူးမြူးကြွကြွ အော်မြည်သံက ဂီတပညာရှင်ဖန်တီးသည့် မိုးဦးဂီတသံအလား. . . ရွှင်မြူးအားတက်ဖွယ်ပင်။ လယ်ကန်သင်းထက်တွင် ကမ္ဘဋ္ဌာန်းတရားအားထုတ်နေသည့် ငွေလှိုင်းဖြူတို့ကား ကြန္နေကြီးပါဘိ။ တွင်းအောင်းနေသည့် ပုစွန်လုံးတို့က မိုးနံ့ရသည်နှင့် တွင်းဖောက်ထွက်လာသည်။ ကန်သင်းခုံပေါ် ကိုရိုးကားရား လမ်းလျှောက်ပုံက ဟစ်ဟော့။

တောင်၏အနောက်ဘက်ခြမ်းရှိ တလုတ်ပင်၊ သရက်ကုန်း၊ ကြာစွယ်၊ ပိတ်တန်း စသည့် လယ်သမားတွေ လယ်ကွင်းထဲမြင်ရ

တော့မည်။ ပေါက်တူးတွေထမ်းလာပြီး ရေအခြေအနေ လေ့လာမည်။ ပေါက်ပြဲပြိုကျနေသည့် ကန်သင်းကို ပြန်ဆယ်. . . ရေထွက်ပေါက်တွေ ပြန်ပိတ်၊ လယ်ကွင်းထဲရေတင်အောင် လုပ်ကြမည်။ ရေက သူတို့အတွက်ရွှေ. . .။

တောင်၏အရှေ့ဘက်ခြမ်းရှိ စည်ပိုင်း၊ ဝက်လက်၊ ချင်းစု၊ သာယာကုန်းရွာများက လယ်သမားတွေလည်း ပုလွေချောင်းကို ဖြတ်လာကြမည်။ မိုးကျသည်နှင့် ရွာမှတောသို့ဝင်နိုင်ရန် ရေတွင်းချိုကုန်းတွင် လယ်တဲတွေဆောက်ကြတော့မည်။ ပိုင်သူမဲ့သည် ရေတွင်းချိုကုန်းခြေတွင် လယ်စောင့်တဲတွေ အပြိုင်အဆိုင် ထိုးကြမည်။ အငြင်းပွားစရာတော့မရှိ၊ ယခင့်ယခင်နှစ်က ဆောက်ဖူးသည့်နေရာဟောင်း ပြန်ဆောက်ခြင်းသာ။ နောက်လာသည့်လူကလည်း စုံစမ်းပြီးမှ ဆောက်သဖြင့် ပိုင်နက်ကျူးကျော်သူ မဖြစ်။

ရေတွင်းချိုတောင်ခြေကို ကျောချင်းကပ်တဲထိုးကြသော်လည်း တဲချင်းနီးသည်တော့မဟုတ်။ အနောက်ဘက်တဲတွေဆီသွားချင်လျှင် တောင်ထိပ်ထိတက်ပြီးမှ တောင်အောက်ဆင်းရသည်။ သူတို့ဘက်ကလာလျှင်လည်း တောင်ထိပ်ထိတက်ပြီးမှ ဆင်းလာရသည်။ တောင်ထိပ်က နယ်ခြားမျဉ်း။

နယ်ခြားမျဉ်းပေါ်တွင် တောထွက်ရဟန်းကြီး ဦးဓမ္မသီတင်းသုံးသည့်ကျောင်းရှိသည်။ ဝါးကျောင်းလေး။ ထိုကျောင်းထိပ်တွင် လယ်တဲရှင်တွေ ကောင်းမှုစေတီလေးတစ်ဆူရှိသည်။ စေတီဆိုငြားလည်း အုတ်တွေ၊ အင်္ဂတေတွေနှင့် သပ်သပ်ရပ်ရပ် တည်ထားသည့်စေတီမဟုတ်။ ဂဝံကျောက်တုံးတွေကို ပြုပြင်၊ စေတီပုံပေါက်အောင်



တည်ထားခြင်းဖြစ်သည်။ အနောက်ဘက်ခြမ်းမှ ဦးဘကျော်က ထုံးသင်္ကန်းကပ်ပြီး ဦးတိုးလူက ထီးတော်တင်လှူသည်။ ထီးတော်ဆို၍ မန္တလေး၊ ရန်ကုန်က ထီးမှာယူပြီး တင်လှူသည်မဟုတ်။ သံဖြူပုံးတစ်လုံးဝယ်၊ ကိုယ်တိုင်ညှပ်၊ ကိုယ်တိုင်ပန်းဖောက်၊ ကိုယ်တိုင်တီထွင်ထားသည့်ပုံဆန်း။ သံချေးမတက်အောင် ဆေးနီသုတ်ထားသဖြင့် ထင်းထင်းကြီးဖြစ်နေသည်။ ကိုးကွယ်ရာအထိမ်းအမှတ် အဖြစ် ဖြစ်ကတတ်ဆန်းတည်ထားသော်လည်း ဘယ်သူကမှ အပြစ်မတင်။ ဘယ်သူကမှ ရှုတ်ချစကားမဆို။ စေတီနှင့် ကျောင်းနှင့် ရဟန်းသံဃာရှိနေခြင်းသည်ပင် ပြီးပြည့်စုံသော လူနေရပ်ဝန်းလေး တစ်ခုဖြစ်နေသည်။

တစ်မိုး၊ တစ်ဆောင်းနီးပါး လယ်တဲမှာနေပြီး နွေဦးပေါက်မှ ရွာထဲပြန်ဝင်ကြသဖြင့် သူတို့အုပ်စုသည် ရွာနှင့်ကင်းလွတ်သလို ဖြစ်နေသည်။ သာရေးနာရေးရှိမှ တစ်ခေါက်တစ်ကျင်းရွာ ပြန်ရောက်သည်။ သီးခြားနေသည့်အလေ့အကျင့်ကြောင့် ကလေးတွေလည်း ရွာပြန်ခဲသည်။ သေစာရှင်စာဖတ်တတ်ရုံ စာသင်ဖို့ကလည်း ပူစရာမလို။ ဦးဓမ္မ၏တောင်ပေါ်တက္ကသိုလ်တွင် ပရိတ်ကြီးအထိ သင်ယူနိုင်သည်။

ရေတွင်းချိုကုန်းနေသူတွေက ရွာကြားဈေးသည်မလုံးကို အားကိုးနေရသည်။ ဟိုရွာဒီရွာ လှည့်ရောင်းပြီးလျှင် ရေတွင်းချိုဘက် ကူးလာတတ်သည်။ တောင်းတစ်လုံးနှင့် ပစ္စည်းအစုံ သယ်လာတတ်သည်။ ငါးပိ၊ ငါးခြောက်၊ အချိုမှုန့်၊ လက်ဖက်ခြောက်မှအစ ဝက်သား၊ အမဲသားအထိ အစုံပါသည်။ နယ်လှည့်ကုန်စုံဆိုင်ကြီး အလား. . . များများစားစားတော့မဟုတ်။ ငါးဆယ်ဖိုး၊ တစ်ရာဖိုး

အထုပ်လေးတွေ ထုပ်ထားသည်။ အဆင့်အတန်းမြင့်မြင့်နေချင်သူများအတွက် ကော်ဖီမစ်ထုပ်လေးများပင် ပါတတ်သေး။ အစားမက်သူတွေအတွက် ဝက်သား၊ အမဲသားပါသေး. . .။ လယ်တောနေသူတွေအကျင့်က မစားလျှင် လုံးလုံး၊ စားပြီဆိုလျှင်ပိသာလုံး။ ဝက်တစ်ပိဿာပေးခဲ့ဟာ. . . စပါးပေါ်မှယူဆိုသူက မရှား။ လယ်တောထွက် ဘူးသီး၊ ခရမ်းသီး၊ ပဲတိုင်ထောင်တွေကိုလည်း ဈေးသည်တွေက ပြန်ဝယ်သွားတတ်သည်။

သာမန်ကြည့်လျှင် အနေအစားချို့တဲ့မည်ထင်ရသော်လည်း ကိုယ်စားချင်သည့်အပင် ကိုယ်တိုင်စိုက်စားကြသဖြင့် ရွာထဲနေသူထက်ပင် ပေါ်များသည်။ သူတို့အတွက် အရေးကြီးသည်က လက်ဖက်ခြောက်၊ အချိုမှုန့်၊ ငါးခြောက်ငါးခြမ်းသာ။ ကျန်တာလက်ဖြစ်။

ရုပ်နာမ်နှစ်ပါးဖြင့် ဖွဲ့စည်းထားသော ခန္ဓာပိုင်ရှင်များဖြစ်သဖြင့် နာဖျားမကျန်းမာသည်မျိုး ရှိတတ်သည်။ ယင်းအတွက်လည်း ပူစရာမလို။ ဆရာလေးဦးကျော်မြင့်က ဒုက္ခခံပြီး လာကုပေးတတ်သည်။ အပ်ပုန်းလို့ပဲခေါ်ခေါ်၊ ဒေါက်တာရမ်းကုလို့ပဲပြောပြော. . . သူတို့အတွက်တော့ သမားတော်ကြီးဇီဝက။ အပ်တစ်ချက်စိုက်လျှင် ငွေနှစ်ထောင်ပေးရပြားလည်း ရောဂါပျောက်သည့်အတွက် ကျေနပ်သည်။ ပေးရသည်ဟုမထင်။ ရပ်ဝေးရွာဝေးအရ ကျင်လည်ရာဘဝတွင် ပျော်နေရသည်ပင် သုခဟုဆိုလျှင် သူတို့တစ်တွေ သုခဘုံရောက်နေခြင်းပင်။

* * *



တောင်၏အရှေ့ခြမ်းတွင် တဲအလုံးနှစ်ဆယ်ရှိသည်။ စည်ပိုင်းရွာမှ တဲဆယ့်တစ်လုံး၊ ချင်းစုရွာမှ နှစ်လုံး၊ သာယာကုန်းရွာမှ လေးလုံး၊ ဝက်လက်မှသုံးလုံးဖြစ်သည်။ တစ်ရွာစီမှ လာကြသော်လည်း ရေတွင်းချိုကုန်းရောက်လျှင် ရွာစိတ်တွေ ပျောက်ကုန်သည်။ သူ့ရွာ၊ ငါ့ရွာဟု အမြင်တွေမရှိတော့ဘဲ တဲတိုက်စိတ်ဖြင့် ညီညီညွတ်ညွတ်ရှိကြသည်။

အရှေ့ဘက်တဲတိုက်တွင် ဘကြီးစံဖြိုးက အကြီးအမှူး၊ အများက ညီညီညွတ်ညွတ်နှင့် ရွေးချယ်ထားခြင်း ဖြစ်သည်။ အပြိုင်အဆိုင်စည်းရုံးရေးဆင်း၊ အများဆန္ဒခံယူ၊ မဲအရေအတွက်အနည်းအများတွက်ချက်ရွေးထားသည်တော့ မဟုတ်။ အသက်အကြီးဆုံးပုဂ္ဂိုလ်မို့ "အဘက ကျုပ်တို့ကို အုပ်ချုပ်ဗျာ. . . " ဟု ရွေးချယ်တာဝန်ပေးခြင်း ဖြစ်သည်။ ဘကြီးစံဖြိုးက "အေး. . . တာဝန်ပေးတော့လည်း လုပ်ရတာပေါ့၊ ငါ့စကားကိုတော့ နားထောင်ကြ" ဟု အာဏာတွေ၊ ပါဝါတွေ ထုတ်ပြောမနေ။ ဘာစကားမှလည်း မပြော။ ရှေးကနှယ်သူ့တဲတွင် ကုတ်ကုတ်လေးထိုင်မြဲထိုင်နေသည်။ အမှန်တော့ သူ့စည်းကိုယ့်စည်းမကျော်ဘဲ ညီညီညွတ်ညွတ်နေကြသဖြင့် ဖြေရှင်းစရာလည်း မရှိပေ။

တောင်၏အနောက်ခြမ်းတွင် တဲဆယ့်ကိုးလုံးရှိသည်။ ဘယ်ရွာက ဘယ်နှယ်လုံးဟု တိတိကျကျတော့မသိ။ ကိုလူလေးတို့သားအဖက တလုတ်ပင်၊ ဒေါ်စိန်မြတို့မိသားစုက သရက်ကုန်း၊ ဦးကြက်ဖက ကြာစွယ်၊ ကိုပန်းမြိုင်က ပိတ်တန်းကမှန်းသိသည်။ ကျန်လူတွေကိုတော့ ဟိုလိုလိုဒီလိုလို။ အနောက်ခြမ်းသားဟုသာမှတ်ထားသည်။ အနောက်ခြမ်းသားတို့က ဦးဘလှိုင်ကို ခန့်ထားသည်။

လယ်ယာကိစ္စအတွက် ယာယီရွှေ့ပြောင်းနေသော်ငြားလည်း ယာတောဝင်ပြီဆိုသည်နှင့် တစ်မိသားစုလုံး ရွှေ့လာခြင်းပင်။ အိမ်ရှိလူကုန်ရွှေ့လာသဖြင့် ရွာထဲမှအိမ်ကို သော့ခတ်ထားပစ်သည်။ အိမ်တွင် လူမရှိမှန်းသိ၍ သော့ဖျက်ဝင်မှာလည်း မစိုးရိမ်ရ။ အုန်းပင်၊ ငှက်ပျောပင်တွေ ကျန်ရစ်သော်လည်း ခူးစား၊ ခိုးစားမည့်သူမရှိ။ အုန်းသီးဝယ်ချင်လျှင် ဈေးဝယ်မည့်သူက ယာတောထိ လာရောက်အကြောင်းကြားသည်။

ယာတောဝင်ပြီဆိုကတည်းက မွေးမြူထားသည့် ကြက်တွေ . . . ဝက်တွေ . . . ဘဲတွေပါ တစ်အုပ်တစ်မသယ်လာသည်။ ယာတောမှာပင် ဆက်မွေးထားသည်။ တစ်မိုးတစ်ဆောင်း ပေါက်ဖွားသည့် အကောင်တွေကို ရွာပြန်ဝင်တော့ ပြန်သယ်သွားပြန်သည်။

ရေတွင်းချိုကုန်း အမှီပြုနေသူများသည် ရွှေ့ပြောင်းအလုပ်သမားများနှင့်ပင် တူနေသည်။ အိုးနှင့်အိမ်နှင့် အတည်တကျမနေရသော်လည်း ထိုဘဝကိုပင် ကျေနပ်နှစ်သက်နေကြပေသည်။

* * *

ဝါလကင်းလွတ် သီတင်းကျွတ်ချိန်တွင် အရှေ့ခြမ်းမှ ဘိုးစံဖြိုးမြေး သောင်းထိုက်နှင့် အနောက်ခြမ်းမှ ကိုတောကျော်သမီး မနှင်းဆီတို့ မင်္ဂလာဆောင်ဖြစ်သည်။ ကိုယ့်ရွာကိုယ်ပြန်ရောက်မှ အေးအေးဆေးဆေး မင်္ဂလာဆောင်သည်မဟုတ်။ တလင်းသိမ်းပြီး ရွာမပြန်ခင် ရေတွင်းချိုကုန်း၌ပင် လူကြီးချင်းစကားပြောဆိုတောင်းရမ်းကြသည်။



"အေး. . . အဘိုးမြေက ပူဆာလို့လာကြောင်းလမ်းတာပဲ။ မောင်တောကျော်ရေ. . . တို့တစ်တွေ နေလာတာကြာပြီဆိုတော့ တစ်ဦးအကြောင်းတစ်ဦး သိနေတာပဲ။ ထွေထွေထူးထူးတော့ ပြောစရာမလိုပါဘူးနော့. . . "

"ကိုရင့်စေတနာ၊ သဘောထားသိပါတယ်။ စကားကိုပေါ့ပေါ့တန်တန်ပြောပေမဲ့ မင်္ဂလာကိစ္စကိုတော့ အလေးအနက်ထားမယ်ဆိုတာ သိပါတယ်။"

ဘကြီးစံဖြိုးစကားကို ဘကြီးဘလှိုင်က ထောက်မေးမေးလိုက်သဖြင့် ပရိသတ်တွေ ဟိုကြည့်ဒီကြည့် ဖြစ်ကုန်သည်။ ဘကြီးစံဖြိုးက ပေါ့ပေါ့ပါးပါးရယ်လိုက်ရင်း ဘကြီးဘလှိုင်ပေါင်ကို လှမ်းပုတ်သည်။

"ကျုပ်လေသံက ပေါ့ပေါ့တန်တန်ဖြစ်သွားရင် တောင်းပန်သဗျာ. . . မြေးလေးတစ်အိုးတစ်အိမ်ဖြစ်တော့မှာ ဝမ်းသာပြီးပြောမိတာပါ။ ကဲ. . . ကိုရင်ပန်းမြိုင်တို့သဘောထားပြောပါဦး"

"မရှိပါဘူးဘကြီးရဲ့"

"မင်္ဂလာပွဲအစီအစဉ်ကရော. . . "

"ဘကြီးဆန္ဒပြောပါ။ မောင်သောင်းထိုက်ဆိုတာလည်း သားသမီးလိုဖြစ်နေတော့ ပြဿနာမရှိပါဘူး"

"ဒါဆို ကျုပ်အစီအစဉ်ပြောပြဦးမယ်. . . "

ဘကြီးစံဖြိုးက စကားစလိုက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ မပြေလည်စရာအကြောင်းမရှိဟု တွက်လိုက်သည်။

"ကလေးတွေက မင်္ဂလာပွဲကို ဒီမှာပဲ လုပ်ချင်တယ်. . . သူတို့ရည်ရွယ်ချက်က လက်ထပ်ပြီးတာနဲ့ တစ်အိုးတစ်အိမ်ထူမယ်

. . . မိဘတွေနဲ့ရွာပြန်မလိုက်တော့ဘူး။ ရေတွင်းချိုမှာပဲ ရာသက်ပန်နေမယ်တဲ့။ အဲဒါသူတို့ပြောတဲ့စကားပါ"

"တစ်ခုတော့ရှိတယ်ကိုရင်. . . ဒီမှာလုပ်တော့ သွားရေးလာရေးတော့ခက်တယ်. . . "

"အိုဗျာ. . . ဘာခက်လဲ။ ရွာမှာပြန်လုပ်ရင် အနောက်ခြမ်းက လာရတာတွေ ဝေးသေး။ မိန်းကလေးရှင်က သူ့ရွာပြန်လုပ်ချင်တယ်ဆိုလည်း ဒီဘက်ခြမ်းက လာရသွားရတာခက်မှခက်။ ဟော. . . လယ်တောယာတောမှာပဲလုပ်တော့ ဟိုဘက်ဒီဘက်ကြားတောင်ကျသေးတယ်. . . "

"ကာယကံရှင်တွေ ကျေနပ်ရင်ပြီးတာပါပဲ"

ဤသို့ဖြင့် မောင်သောင်းထိုက်နှင့် မနှင်းဆီတို့သည် ယာတောမှာပင် တစ်အိုးတစ်အိမ် ထူထောင်ဖြစ်သည်။ မောင်သောင်းထိုက်က မိန်းကလေးဘက်ပါသွားသော်လည်း ယောက္ခမများနှင့် အတူမနေ။ မလှမ်းမကမ်းတွင် တဲတစ်လုံး ဆောက်ပြီး အိမ်ခွဲလိုက်သည်။ တောင်အနောက်ဘက်ခြမ်းတွင်လည်း တဲနှစ်ဆယ်ဖြစ်သွားသည်။ နွေဦးပေါက်ချိန် ယာတောမှ ရွာသို့ပြန်ဝင်ကုန်ကြသော်လည်း သောင်းထိုက်နှင့် နှင်းဆီတို့ကမူ ရေတွင်းချိုကုန်း၌သာ နေရစ်ခဲ့လေသည်။

ရေတွင်းချိုကုန်း၌ နေခဲ့သည်မှာ သူ့ရွာကိုယ့်ရွာ လွန်ဆွဲနေ၍ မဟုတ်။ ခုရွာထဲဝင်၊ ခုရွာပြင်ထွက်၊ ကူးချည်သန်းချည်လုပ်ရုံဖြင့် ဘာမျှထူးခြားမလာ. . .။ ရွာပြန်လျှင်လည်း ဘာအလုပ်မျှမရှိ။ ဟေးလေးဝါးလေးနှင့် အချိန်ကုန်သည်။ အိမ်ရှိသူက ရွာပြန်သည်မှာ အကြောင်းမဟုတ်။ သောင်းထိုက်တို့ပြန်လျှင် ယောက္ခမအိမ်တက်



နေရမည်။ ခွဲလက်စနှင့် ခွဲနေတာပဲကောင်းသည်ဟု လင်မယားချင်း တိုင်ပင်လျက် စိတ်တူကိုယ်တူ ဆုံးဖြတ်ပြီး နေခဲ့ခြင်းပင်။

ရေတွင်းချိုကုန်းတွင် သူတို့ချည်းနေခဲ့သည်ကို အဘိုးဦးစံဖြိုးကလည်း မကြိုက်။ ဖခင်ဦးတောကျော်ကလည်း သဘောမကျ။ "မင်းဟာ မဟုတ်သေးပါဘူး" ဟု စိတ်မချစကားဆိုသည်။ နှင်းဆီ၏ မိဘများကဆိုလျှင် အတင်းအကျပ်လာခေါ်သည်။

"ကျွန်တော်တို့ဒီမှာနေခဲ့တာ အကြောင်းမဲ့မဟုတ်ပါဘူး။ မြေလေးဘာလေး ထပ်တိုးချင်တာကြောင့်ပါ။ ရွာကလာလုပ်ဖို့ဆိုတာ မလွယ်ဘူး"

အကြောင်းပြချက်က သဘာဝကျတော့ ခေါ်သူတွေ လက်လျှော့သွားသည်။

သောင်းထိုက်စိတ်ထဲတွင် အဘက်ဘက်က မပြည့်စုံသည့် သူတို့အိမ်ထောင်ဦးဘဝကို ခိုင်မာအောင် ထူထောင်ချင်သည်။ ထူထောင်ဖို့အချိန်က သည်ကာလသာအကောင်းဆုံး။ နောင်တွင် သားတွဲလောင်း၊ သမီးတွဲလောင်းဖြစ်လျှင် ဘာမှလုပ်နိုင်တော့မည် မဟုတ်။

နှင်းဆီက တောသူတောင်သားပီပီ သန်မာသည်။ ကျန်းမာ ကြံ့ခိုင်သည်။ မောင်တစ်ထမ်း၊ မယ်တစ်ရွက်လုပ်နိုင်စွမ်းရှိသည်။ ပြီးတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်မည်ဟူသော မာန်က သောင်းထိုက်နှင့်တူသည်။

လင်မယားနှစ်ယောက် တစ်နွေလုံးဒုက္ခခံထားသည့် အကျိုးဆက်က အခြားသူတွေ လယ်တောပြန်ဝင်လာချိန်တွင် ကြွန်ရနေ သည်။ တဲနားနီးသည့် ကိုရင်ပြည့်စုံကပင် အားကျစကားဆိုလာ

သည်။ တို့လည်း နောင်နှစ်တော့ မင်းတို့အဖော်ရအောင်နေခဲ့မယ်ဟော့ ဟု အားကျစကားဆိုလာသည်။

သောင်းထိုက်တို့အိမ်ထောင်ကျပြီးနှစ်မှာပင် မိုးခေါင်သဖြင့် လယ်သမားတွေဒုက္ခရောက်ကြသည်။ ဝမ်းစာပင်အနိုင်နိုင်လုရသဖြင့် လယ်သမားတော်တော်များများ ရွာထဲပြန်မဝင်နိုင်တော့။

လက်ဆုပ်လက်ကိုင်ရှိသူများအဖို့ မထောင်းတာသော်လည်း ထူထောင်ခါစ သောင်းထိုက်တို့လင်မယား ဗျာဆိုက်သွားသည်။ ဖခင်ဦးတောကျော်က စပါးဆယ်တင်းချကျွေးသည်။ ယောက္ခမကလည်း လိုသလောက်ယူစားကြပေါ့ကွာ. . . ရှိတော့ပြန်ပေးချင်ပေးဟု ဆိုလာသည်။ မျက်နှာပူပူနှင့် ယူစားကြရသည်။ ခိုးစားတော့ ခွေးဟောင်၊ လုပ်စားတော့ မိုးခေါင်ကိန်းလားဟု တွေးမိသည်။ လက်မထပ်ခင်က စီမံကိန်းတွေချ၊ အနာဂတ်ဘဝ ကြိုတင်တွက်ချက်ပေမယ့် တွက်ရေးကစက်သူဌေး၊ တွက်ကြည့်တော့မှ စက်မရှိဆိုတာမျိုး၊ သောင်းထိုက်အော်ငိုပစ်လိုက်ချင်တော့သည်။

✳ ✳ ✳

“ဒီလိုနှစ်နှစ် သုံးနှစ်ဆက် မိုးခေါင်တာမျိုး တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးဘူး။”

ဘကြီးစံဖြိုးက လယ်သမားတွေဒုက္ခကို ကြည့်ပြီး ညည်းညူသည်။ ရေတွင်းချိုကုန်းသားများ တိုင်ပင်လျက် လွန်ဆွဲသည်။ ငရုံ့မင်းပရိတ်ရွတ်သည်။ ရွတ်သာရွတ်သော်လည်း မိုးရိပ်မိုးယောင်ပင်မမြင်။ မိုးတိမ်တောင်ပင်မတွေ့။ သဘာဝမိုးရေကို အားထားစိုက်ပျိုးသူများ ခေါင်းချင်းရိုက်တိုင်ပင်ကုန်ပြီ။ အချို့ကလည်း ရေတွင်းချိုကိုပစ်လျက် အောက်ပြည်အောက်ရွာဆင်းကုန်သည်။



“မနှင်းဆီ”

“ပြောပါအစ်ကို”

“ငုတ်တုတ်ထိုင်စားနေရင် ဒုက္ခဖြစ်လိမ့်မယ်. . . လောလောဆယ် မိဘတွေချကျွေးလို့ စားနေရပေမယ့် ကြာရင်သူတို့လည်း တတ်နိုင်မှာ မဟုတ်ဘူး။ တောင်မင်းမြောက်မင်း မကယ်နိုင်တဲ့ အဖြစ်မျိုးဆိုက်တော့မယ်. . .”

“အစ်ကိုဘာလုပ်ချင်လဲ. . . အစ်ကိုသွားတဲ့နောက် နှင်းဆီလည်း လိုက်မှာပေါ့”

“ဟုတ်တယ်. . . တို့တစ်နေရာမှာ သွားအလုပ်လုပ်မှရတော့မယ်။ ဒါပေမဲ့ လောလောဆယ်တော့ နှင်းဆီ ဒီမှာနေခဲ့ဦးမှာဖြစ်မှာ”

“ရှင်. . .”

သူ့ကိုထားပြီး တစ်နယ်တစ်ကျေးထွက်မည်ဆိုသဖြင့် နှင်းဆီ အထိတ်တလန့်ကြည့်သည်။

“ဘယ်ကိုသွားပြီး၊ ဘာလုပ်ရမှန်းမသိသေးဘဲနဲ့ စမ်းတဝါးဝါး သွားရမှာ နှင်းဆီ။ ဒီကသွားတဲ့လူတွေနဲ့ အဆက်အသွယ်ရရင်တော့ မဆိုးဘူး။ ခုကိစ္စက ဘယ်သွားရမယ် ဘာလုပ်ရမယ်မှန်း မသိသေးတော့ နှင်းဆီနေခဲ့တာ အကောင်းဆုံးပဲ”

“အို. . . ဒီမှာ နှင်းဆီတစ်ယောက်တည်းတော့ မနေဘူး”

“တစ်ယောက်တည်းနေဖို့လည်း မပြောပါဘူး။ အစ်ကိုသွားတုန်း မိဘနဲ့ပြန်နေ. . . ဟိုမှာ အခြေကျတာနဲ့လာခေါ်မယ်။ အလွန်ဆုံး ဆယ့်လေးငါးရက်ပေါ့။ လွန်ရောကျွံရော တစ်လကိုးသီတင်းပဲ ကြာမှာပါ”

သောင်းထိုက်က လွယ်လွယ်ကူကူပြောလိုက်သော်လည်း ဘယ်ကိုသွားပြီး ဘာလုပ်ရမှန်းမသိသေး။ သူတို့အရင် စွန့်စား

သွားသူတွေက ရန်ကုန်လိုလို. . . မြစ်ဝကျွန်းပေါ်လိုလို. . . ထားဝယ်ဘက်လိုလိုသာ ကြားရသည်။ သတင်းက ရေရေရာရာမရှိ။ လုပ်ငန်းအဆင်ပြေမှုန်းလည်း မသိ။

ယောကျ်ားသားတစ်ယောက်အနေနှင့်မူ ဒေါင်ကျကျ ပြားကျကျ။ လမ်းဘေးပလက်ဖောင်းပေါ် အိပ်ရလည်းအကြောင်း မဟုတ်။ ကိုယ့်ပြည်တွင်းမှာတော့ သည်လောက်လည်း အခက်အခဲ မရှိနိုင်။ ဘုန်းကြီးကျောင်းတစ်ကျောင်းကျောင်း ကပ်နေလည်း ဖြစ်သည်။ အလျှောက်ကောင်းလျှင် ဆွမ်းကျန် ကွမ်းကျန်ပင် စားရနိုင်သေးသည်။

အခြေအနေကို နှစ်ဖက်မိဘတွေပြောပြသည်။ "အင်း၊ ကောင်းတယ်. . . သွားပေ့ါ" ဟု မတိုက်တွန်းပေမဲ့ မသွားပါနဲ့ကွာ။ ကိုယ့်အရပ်မှာ ဖြစ်သလိုရှာစားတာပေ့ါဟုလည်း မတားမြစ်။ နှင်းဆီကိုတော့ လိုက်မသွားနှင့်ဟု ပြတ်ပြတ်သားသား တားမြစ်သည်။

"ကျွန်တော်လည်း ရရာအလုပ်လုပ်ပြီး နှင်းဆီကို အမြန်ဆုံး ပြန်ခေါ်နိုင်အောင် ကြိုးစားပါမယ်. . . "

"အေးလေ. . နောက်ပိုင်းအတွက် ပူမနေနဲ့။ အဆင်ပြေအောင်သာကြိုးစား"

မိဘများစုဆောင်းပေးလိုက်သည့် ငွေတစ်သောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး ကိုယ်မရောက်ဖူးသည့်အရပ်ကို စွန့်စားထွက်ခဲ့သည်။ ဘယ်လမ်းဘယ်စခန်းသွားရမည်မသိသေး။ ခရီးသွားရင်း အဖော်ကောင်းတွေ့ဖို့သာ အကြိမ်ကြိမ် ဆုတောင်းလိုက်ရတော့သည်။

* * *



"တစ်လကိုးသီတင်းထက် ပိုမကြာ အမြန်ဆုံးလာခေါ်မယ်" ဟူသော ကိုရင်သောင်းထိုက်စကားကို နှင်းဆီယုံသည်။

"မတတ်သာလို့ ခွဲရပေမယ့် နှင်းဆီလေးကို ဘယ်မှာခွဲချင်ပါ့မလဲ"ဟူသော နှစ်သိမ့်စကားကိုယုံသည်။

ယုံကြည်လို့လည်း အစ်ကိုနှင့်နှင်းဆီခုတ်ထွင်ထားသည့် တောင်ယာခင်းမှ နေ့စဉ်စောင့်နေမိသည်။ အစ်ကိုပြန်လာလျှင် ဤတောင်ယာခင်းလေးဆီ ဦးဆုံးရောက်လာလိမ့်မည်။ ထိုသို့ရောက်လာလျှင် နှင်းဆီမျက်နှာကို ဦးဆုံးမြင်လိုက်က ဝမ်းသာသွားလိမ့်မည်။ အစ်ကိုဝမ်းသာသကဲ့သို့ နှင်းဆီလည်း ဝမ်းသာအည်လည်းဖြစ်မိမှာအမှန်။ သို့သော်. . . နှစ်လသာကျော်သွားသည် သတင်းမကြားရ။ ဘယ်ရောက်နေမှုန်းလည်းမသိ။ နှင်းဆီဝမ်းနည်းလာသည်။ ငိုချင်လာသည်။

"အစ်ကိုရေ. . . အစ်ကိုဘယ်ရောက်နေလဲ။ ဘာတွေလုပ်နေလဲ။ နှင်းဆီကိုကော သတိရသေးရဲ့လား"

နှင်းဆီသည် လာလိမ့်နိုးနိုး မျှော်ကိုးလျက် နေ့စဉ်နေ့တိုင်း ယာတောဆီသွားသည်။ အစ်ကိုလက်စလက်နများကို အချောသတ်လုပ်ရင်း တစ်ယောက်တည်းကျိတ်ငိုသည်။

"အစ်ကိုရေ. . . အစ်ကို ဘယ်ရောက်နေမှုန်းမသိပေမဲ့ အစ်ကို့ကိုယ်ပွားရင်သွေးလေး မွေးဖွားနိုင်ဖို့ နှင်းဆီကြိုးစားရင်း စောင့်စားနေပါတယ်. . . "

သိသိသာသာ ရင့်မာလာပြီဖြစ်သည့် ကိုယ်ဝန်ကို ဂရုတစိုက် ထိန်းသိမ်းရင်း နှင်းဆီအားတင်းထားသည်။ နှင်းဆီ၏အပူက မိဘများကိုပင် လောင်မြိုက်စေခဲ့သည်။ နှင်းဆီသည် အသိမပေးဘဲ

ဗေဒင်မေးသည်။ ယတြာချေသည်။ ဓာတ်ရိုက်ဓာတ်ဆင်လုပ်သည်။ ဗေဒင်ဆရာက "ကျန်းကျန်းမာမာရှိပါတယ်. . . ပြန်လာဖို့ ကြိုးစားနေပါတယ်" ဟု စကားကြားရလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ လာနိုးလာနိုးဖြင့် ဝိုင်းကူမျှော်ပေးကြသည်။

ရက်မှလကူး၊ လမှ နှစ်ပြောင်းသော်လည်း သောင်းထိုက်သတင်းကတော့ စုံးစုံးမြုပ်နေသည်။ အောက်ပြည်အောက်ရွာမှ ပြန်လာသူများ စုံစမ်းသော်လည်း သတင်းပင်မကြားရချေ။

* * *

သောင်းထိုက်သည် အောက်ပြည်အောက်ရွာထွက်လာသော်လည်း ဘာတစ်ခုမှ ရေရေရာရာမရှိ။ အားကိုးရမည့် အဖော်ကောင်းရှာကြည့်သော်လည်း မတွေ့။ ဖြစ်ချင်ရာဖြစ်တော့ဟု စိတ်နှလုံးဒုန်းဒုန်းချလိုက်မှ ရင်ထဲ မွန်းကျပ်နေသမျှ အနည်းငယ် ပြေလျော့သွားသည်။

"ဒီက ဒကာ ဘယ်သွားမှာလဲ"

"တပည့်တော်. . . "

ရန်ကုန်ဘူတာကြီးတွင် ယောင်ချာချာဖြစ်နေချိန် ခရီးသွားဟန်တူသည့် ဦးပဉ္ဇင်းတစ်ပါးက မေးလာသည်။ သောင်းထိုက်ပုံသဏ္ဍာန်ကြည့်ပြီး အိပ်တန်းပျောက်နေသည့် ငှက်တစ်ကောင်ဖြစ်မှန်း တွက်မိပုံရသည်။ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ဟု တွေးလိုက်သည်။

"တပည့်တော် ဘယ်သွားရမလဲ စဉ်းစားနေတာ. . . "

"အင်း. . . ထင်တော့ ထင်သားပဲ။ အခု ဘယ်ကလာတာလဲ"

"ရေတွင်းချိုကုန်းပါ ဘုရား. . . "



"ဘယ်လို. . . ရေတွင်းချိုကုန်း ဟုတ်လား. . . အဲဒါက ဘယ်မြို့လဲ. . . "

သောင်းထိုက်သည် သူ့အမှားကို သတိပြုမိပြီး ရှက်ရယ်ရယ်လိုက်သည်။ ထို့နောက် အဖြစ်အပျက်အားလုံးကို လျှောက်ထားလိုက်သည်။

"သြော်. . . ဒကာ့အဖြစ်က မျောင်မိုက်နေတဲ့ လိုဏ်ဂူထဲ လမ်းစရှာနေသလိုကိုး။ အောက်ပြည်အောက်ရွာ ငွေရှာတယ်ဆိုပေမဲ့ အဆက်အသွယ်မရှိရင် အလုပ်ရဖို့မလွယ်ဘူးဒကာရဲ့"

"တပည့်တော်က ဘာပဲရရလုပ်မှာပါ။ ထမင်းတစ်နပ်စားရဖို့ဆိုရင် မြေတူးရရင်တူး။ ကူလီထမ်းရရင် ထမ်းရ၊ ကုန်ကုန်ပြောရရင် ချေးကြုံးခိုင်းရင်တောင် ကြုံးရမယ့်အခြေအနေပါ. . . "

ဦးပဉ္ဇင်းသည် သောင်းထိုက်ကို အတန်ကြာစိုက်ကြည့်နေပြီး တစ်စုံတစ်ခုစဉ်းစားဟန်ဖြင့် ငြိမ်နေသည်။

"ဒကာ၊ ကျုပ်နဲ့လိုက်ခဲ့မလား. . . "

"မှန်ပါ၊ ဘယ်ကိုလဲဘုရား"

"ဒကာက မြေတူးရရင်လည်း တူးနိုင်တယ်။ အလေးအပင်ထမ်းရင်လည်း ထမ်းနိုင်တယ်ဆို. . . "

"တင်ပါဘုရား. . . တောသားတစ်ယောက် ဒီအလုပ်မျိုး လုပ်ရတာ မကြောက်ပါဘူး"

"ဒါဆို ကျုပ်နဲ့လိုက်ခဲ့။ ဟောဟိုလက်မှတ်ရုံမှာ ကလောထိ လက်မှတ်သွားဖြတ်"

"တင်ပါ့ဘုရား. . . ဒါနဲ့ လက်မှတ်ခဘယ်လောက်ကျသလဲ မသိဘူး။ တပည့်တော်မှာက. . . "

"ကဲကဲ. . . ဒီလောက်ဆို ဦးပဥ္စင်းသဘောပေါက်ပြီ၊ ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပဲ ပို့ပေးပါမယ်"

ဦးပဥ္စင်းဦးကေသရနှင့်တွေ့ပြီး အောက်ပြည်အောက်ရွာ ဆင်းလာသော သောင်းထိုက်သည် ကလောမြို့ရောက်ခဲ့သည်။ ကလောမြို့ပေါ်တွင် နှစ်ရက်ခန့်နေပြီး ရွှေတွင်းတွေဆီဆင်းခဲ့သည်။

ကိုယ်လုပ်နိုင်လျှင် လုပ်နိုင်သလောက်. . . ရှာလျှင်ရှာနိုင်သလောက် ဝင်ငွေရနိုင်သည့် ရွှေတွင်းထဲရောက်လာသည်မှာ သောင်းထိုက်အဖို့ စူဋ္ဌလိပ်ရေထဲလွှတ်သည့်နှယ် ပျော်သွားသည်။

တစ်ရက်တစ်သောင်း၊ တစ်သောင်းခွဲ၊ နှစ်သောင်းမှ ကိုယ့်ကြိုးစားမှု၊ ကိုယ့်ကံကောင်းလျှင် လေးငါးခြောက်သောင်းထိ ဝင်ငွေရသည့်ရွှေရှာအလုပ်ကို အာရုံစိုက်နေသဖြင့် နှင်းဆီကိုပင် သတိမရ။ ရသမျှကုန်းရုန်းရှာပြီး ငွေထုပ်ကြီးပုံပေးလိုသဖြင့် အလုပ်ကိုသာ မဲလုပ်နေမိသည်။ တစ်နေကုန်တစ်နေခန်း လောဘနှင့်တွန်းလုပ်. . . မောမောနှင့်ထိုးအိပ်၊ နောက်တစ်နေ့တွင်းထဲ ပြန်ဆင်းနှင့် လုံးချာလည်နေသည်။ ဘဝတူအလုပ်သမားများနှင့် ပျော်နေမိသည်။

သို့သော် မျှော်လင့်မထားသော ကြမ္မာဆိုးက သူတို့ ရွှေလုပ်သားတွေဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

ဦးဆုံး ဝေါခနဲအော်မြည်သံကြီး ကြားလိုက်သဖြင့် ရွှေတွင်းတူး သမားများ ခေါင်းထောင်ကြည့်မိသည်။ အမြင်အာရုံတွင် အမှောင်ထုကြီးသာ စိုးမိုးနေသည်။ ထိခိုက်နာကျင်မှုတွေလည်း ခံစားရသည်။ အသက်ရှူမဝအောင် မွန်းကျပ်မှုခံစားရသဖြင့် တွင်းပြိုပြီဟု သိလိုက်သည်။



သောင်းထိုက်အာရုံတွင် ဦးဆုံးပေါ်လာသည်က နှင်းဆီ၏ မျက်နှာလေး. . .။ ဆယ့်လေးငါးရက်၊ လွန်ရောကျွံရော တစ်လ ကိုးသီတင်းပဲကြာမှာပါဟု ကတိစကားဆိုချိန် မျက်ရည်စတွေနှင့် ပြုံးယောင်သန်းနေသော မျက်နှာလေးကို မြင်ယောင်နေမိသည်။

* * *

ရေတွင်းချိုကုန်းကို အမှီပြုနေကြသော လယ်သမားများသည် အချိန်တန်လျှင် ရွာမှပြောင်းလာကြသည်။ တစ်နွေလုံးခြောက်သွေ့ နေသည့် တောင်ကုန်းတွင် လူသံ၊ ကြက်သံ၊ ငှက်သံတွေနှင့် ပြည်လည်စိုပြည်လာသည်။

"ဗျို့. . . ဘကြီးစံဖြိုးတို့ ရောက်လာပြီလား. . ." ဟု မေးသံ မကြားရ။ တဲထိုးနေသည့် ဦးတောကျော်၏ ခံစားမှုကို အစဖော် ပေးသလိုဖြစ်မှာစိုးသည်။ စာနာမိသည်၊ ဘကြီးစံဖြိုးက မနှစ်က ဆုံးပါးသွားသည်။ အကောင်းပကတိဆိုသော်လည်း ရင်ထဲမှ မြေးအတွက် ပူဆွေးသောက်ကရောက်နေသည်ကို မှန်းဆမိသည်။ လူကြီးဖြစ်၍ အော်ဟစ်ငိုမနေသော်လည်း ရင်ထဲဗလောင်ဆူနေ မည်ကို အကဲခတ်မိသည်။ မြေးချွေးမလေး၏ ညှိုးငယ်သောမျက်နှာ မြင်တော့ ရောဂါပိုတိုးခဲ့သည်။ ဤရောဂါဖြင့်ပင် ဆုံးပါးသည်ဟု မှတ်ချက်ချကြသည်။

အရှေ့ဘက်ခြမ်းမှ ဆုံးပါးသည့်တဲတွင် ဦးကြွက်နီတို့သားအဖ လည်း ပါသွားသည်။ ဝမ်းလျှောဝမ်းပျက်ရောဂါက သားအဖနှစ်ဦးကို ရှေ့ဆင့်နောက်ဆင့်ခေါ်သွားသည်။

သုံးနှစ်တိုင် ရာသီဥတုဖောက်ပြန်ခဲ့သဖြင့် ရေတွင်းချိုကုန်းကို စွန့်ခွာသွားသူက လေးငါးခြောက်ယောက်၊ မနှစ်ကဆုံးပါးသူက

သုံးယောက်။ ရှင်နည်းရာ အဂ္ဂလူထွက်ဆိုသည့်အလား. . . ရေတွင်းချိုကုန်းတွင် လယ်တဲတွေနည်းသွားသည်။ လက်ငုတ်လက်ရင်း မစွန့်နိုင်သူတွေသာ တောက်တဲ့တွယ် တွယ်ကပ်နေကြသည်။

"လယ်သိမ်းတော့မယ်၊ ရွာပြန်ဖို့ပြင်ကြစို့သမီး"

ဦးတောကျော်က နှင်းဆီကို အသိပေးသည်။

"သမီးဒီမှာပဲ ဆက်နေခဲ့မယ်အဖေ. . ."

"ဟဲ့၊ သမီးတစ်ယောက်တည်း နေခဲ့လို့ဘယ်ဖြစ်မလဲ. . . မောင်သောင်းထိုက်လည်းရှိတာမှ မဟုတ်တာ. ."

"သမီး ဒီကပဲစောင့်ချင်တယ်။ အစ်ကိုပြန်လာချိန်ထိ ဒီမှာ ရှိနေမှဖြစ်မယ်. . ."

"အိမ်ကစောင့်လဲ အတူတူပါပဲ သမီးရယ်. . ."

ဦးတောကျော်က ရွာပြန်ဝင်ရန် ခေါ်သော်လည်း နှင်းဆီက မလိုက်လိုသဖြင့် ဦးတောကျော်တို့ပါ ရေတွင်းချိုကုန်း၌ ဆက်နေဖြစ်သွားသည်။

တစ်နွေလုံးစောင့်မျှော်ပေမယ့် သောင်းထိုက်က ပေါ်မလာ. . .။ သတင်းစကားမကြားရ။ နှင်းဆီကတော့ အားမလျှော့။ သောင်းထိုက်ပြန်လာမည့်ရက်ကို ယာတောမှပင်စောင့်စားနေသည်။

အနောက်တောင်ဆီက တိမ်ညိုတွေအုပ်ဆိုင်းလာသည်။ မိုးငွေ့မိုးနံ့တွေပင် ရှူရှိုက်မိပြီ။ မိုးသံလေသံတွေလည်း ပြန်လည်ကြားစပြုလာပြီ။

နှင်းဆီ အားတက်သွားသည်။ သူတို့ဇနီးမောင်နှံ ကြိုးစားပမ်းစားဖော်ထုတ်ထားသည့် ယာခင်းဆီကို ပြေးတက်ခဲ့သည်။ အစ်ကိုထွက်သွားသည့်အရပ်ဆီကို မျှော်ကြည့်မိသည်။ အကယ်၍ မိုးလေပြန်မှန်လာလျှင် အစ်ကိုသည် ရေတွင်းချိုကုန်းသို့ အလျင်အမြန်ပြန်လာမည်ဟု ယုံကြည်သည်။



"အစ်ကိုရေ. . . မိုးတွေရွာတော့မယ်။ ယာခင်းဆီသို့ ပြန်ခဲ့ပါတော့. . ."

နှင်းဆီသည် တရွေ့ရွေ့လွင့်မျောနေသော မိုးတိမ်တိုက်များနှင့်အတူ သတင်းစကားပါးလိုက်သည်။

အနောက်တောင်ဆီမှ လွင့်မျောလာသော တိမ်တိုက်များသည် တဖြည်းဖြည်း စုစည်းလာသည်။ သိပ်သည်းလာသည်။ ကောင်းကင်ပြင်တစ်ခုလုံး ညိုမည်းလာသည်။ လျှပ်စီးတဖျပ်ဖျပ် လှုပ်ခတ်လာသည်။ မိုးကြိုးသံတွေက တဒိန်းဒိန်းတဒုန်းဒုန်း။ လေနှင့်အတူ မိုးစက်မိုးပေါက်များ တဖွဲဖွဲကျလာသည်။ ရေငတ်မွတ်နေသည့် ရေတွင်းချိုကုန်းပေါ်သို့ တဖျောဖျောကျလာသည်။

"မိုးတွေရွာနေပြီ အစ်ကို. . ."

နှင်းဆီသည် တဖွဲဖွဲကျနေသော မိုးစက်များကို လက်ဖဝါးဖြင့် ခံထားရင်း ရင်ထဲမှ တီးတိုးရေရွတ်လိုက်သည်။

ဆယ့်လေးငါးရက်ကြာရင် လာခေါ်မယ်. . . လွန်ရောကျွံရော တစ်လကိုးသီတင်းပေါ့။ အစ်ကို ပြန်လာခဲ့မယ်. . . ဟူသော အစ်ကို သောင်းထိုက်စကားကို နှင်းဆီမမေ့။ သို့သော် အစ်ကိုက ပေါ်မလာ . . . မျှော်သူသာလျှင် ရင်မောနေရသည်။ အကယ်၍ မိုးလေမှန်လျှင် အစ်ကိုသည် ရေတွင်းချိုကုန်းသို့ အပြေးပြန်လာလိမ့်မည်။ သူပြုစုခဲ့သော ယာတောကို အရောက်ပြန်လာမှာသေချာသည်။

"မိုးတွေ ရွာနေပြီအစ်ကို"

နှင်းဆီသည် သောင်းထိုက်လာမည့်လမ်းကို မျှော်နေသည်။ သို့သော်လည်း သောင်းထိုက်က ဘယ်တော့မျှလာနိုင်တော့မည် မဟုတ်။ အကယ်၍သာ ကလောနယ်မှရွှေတွင်းပိပြီး ရွှေလုပ်သား များသေသည့်သတင်းထဲ၌. . . သောင်းထိုက်သည် ရွှေတွင်းပြိုရာ၌ ဆုံးပါးခဲ့ပြီကိုသာသိလျှင်. . . ။

* * * * *

## အဘိုးပြောဖူးတဲ့ပုံပြင်တစ်ပုဒ်

ကျုပ်ငယ်ငယ်တုန်းက အဘိုးရင်ခွင်ထဲမှာ အိပ်လေ့ရှိတယ်။ အဲလိုအိပ်ရင် အဘိုးကအိပ်ရာဝင်ပုံပြင်တွေ ပြောပြလေ့ရှိတယ်။ အဘိုးပြောပြတဲ့ပုံပြင်တွေက မနည်းပါဘူး။ မှတ်မိတာလည်း ရှိတယ်။ မမှတ်မိတမိဖြစ်သွားတာတွေလည်း ရှိတယ်။ အဘိုးက အစပြန်ဖော်ပေးရင် ပုံပြင်တစ်ပုဒ်လုံး ပြန်မှတ်မိတာလဲရှိတယ်။ လုံးလုံးမေ့လျော့နေတာလဲရှိတယ်။ ပုံပြင်ပေါင်း မြောက်မြားစွာထဲက တစ်သက်လုံးမမေ့ဘဲ ခုချိန်ထိစွဲနေတဲ့ ပုံပြင်တစ်ပုဒ်ရှိတယ်။ အဲဒါ စပါးကုန်သည်နဲ့ သားရေကုန်သည်ပုံပြင်ပါ။

အဘိုးက ပုံပြင်ပြောရင် အသံတွေ၊ ဌာန်တွေ၊ ဟန်တွေပါ ထည့်ထည့်ပြောတတ်တယ်။ ဟိုးရှေးရှေးတုန်းကပေါ့. . လို လေသံလေး ဆွဲပြီးပြောရင် အဲဒီရှေးရှေးတုန်းက ကာလဆီကိုရောက်သွားသလို ခံစားရတယ်။

"ဟိုးရှေးရှေးတုန်းက စပါးကုန်သည်နဲ့ သားရေကုန်သည် ဆိုတာရှိတယ်။ သူတို့နှစ်ယောက်ဟာ ရောင်းကုန်ဝယ်ဖို့ ကျေးလက် ဘက်ကို ခရီးထွက်ခဲ့တယ်ကွဲ့."

အဘိုးက ဒီလိုပြောချိန်မှာ ရွာကို စပါးပေါ်ချိန်ရောက်ရောက်လာတဲ့ ပွဲစားကြီးဦးကျော်လှိုင်ကို ပြေးမြင်တယ်။ အဲဒီပွဲစားကြီး ရွာဘက်လာရင် ဘကြီးအိမ်မှာတည်းလေ့ရှိတယ်။ အသားညိုညို၊ အရပ်ထောင်ထောင်မောင်းမောင်း၊ ကွမ်းအမြဲဝါးလေ့ရှိတဲ့ ပွဲစားကြီးက သူသွားလေရာမှာ လွယ်အိတ်တစ်လုံးပါတယ်။ အဲဒီလွယ်အိတ်ထဲမှာ ယွန်းကွမ်းအစ်ကြီးပါတယ်။ အောက်ခံအစ်ထဲမှာ ကွမ်းအပြည့်၊ အပေါ်အံထဲမှာ ကွမ်းသီးအပြည့်၊ အလယ်အံမှာ ဆေး၊ လေးညှင်း၊ ဖာလာ၊ နွယ်ချို၊ ဂုံးခါးအပြည့်။ ဒါတွေက ထည့်သာထည့်လာတာပါ။ သူက ကွမ်းစားရင် ထုံး၊ ကွမ်းသီး၊ ဆေး ဒါပဲ။ အပိုဆာဒါးတွေ ထည့်စားလေ့မရှိဘူး။ ဝယ်ရင်း၊ ခြမ်းရင်း၊ ပြောဆိုရင်း ဧည့်ထောက်ခံတဲ့သဘောနဲ့ ချတည်တဲ့အခါ ကြိုက်တာထည့်စားနိုင်အောင် စီစဉ်လာတာ။

အဘိုးနဲ့တွေ့ရင် နှစ်ဦးသားစကားတွေပြောမကုန်ဘူး။ နိုင်ငံရေးအကြောင်းတွေလည်း ပါတယ်။ စီးပွားရေးအကြောင်းတွေလည်း ပါတယ်။ လူမှုရေးအကြောင်းတွေလည်း ပါတယ်။ သူရော အဘိုးပါ သိတဲ့ မိတ်ဆွေတွေအကြောင်းလည်း ပါတယ်။ ပြောအားတော့ တော်တော်ကောင်းတယ်။ ညဥ့်နက်သန်းခေါင်ထိ စကားမဆုံးဘူး။

အဲဒီ ပွဲစားကြီးဦးကျော်လှိုင်ကို ပြေးသတိရတယ်။ သားရေကုန်သည်ကိုတော့ ကျုပ်လည်း သိပ်မမြင်ဖူးဘူး။ "နွားသားရေ၊ ကျွဲသားရေ၊ ဆိတ်သားရေတွေ အရောင်းအဝယ်လုပ်တာပေါ့" လို့ အဘိုးပြောတာကိုပဲ မှတ်ထားလိုက်တယ်။



"အဲလိုကုန်သည်နှစ်ဦး တောရွာဆင်းအလာ၊ လမ်းတစ်ဝက်မှာ မိုးချုပ်သွား၊ ရွာက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ခွင့်တောင်းပြီး တည်းခိုတယ်. . . ဘုန်းကြီးကနာမည်မေး၊ ဘာလုပ်ကိုင်စားကြသလဲလို့မေးတော့ အမည်နဲ့အလုပ်အကိုင်တွေ လျှောက်ထားတယ်။ ဒီအခါ ဘုန်းကြီးက စပါးကုန်သည်ကို နေရာကောင်းပေးအိပ်ပြီး သားရေကုန်သည်ကိုတော့ သင့်တင့်ရုံနေရာသာပေးအိပ်တယ်"

အဘိုးပြောတဲ့ကုန်သည်နှစ်ဦးကို ဘုန်းကြီးဆက်ဆံပုံကြားရတော့ ဘယ်လိုလုပ်ပါလိမ့်၊ ဟိုသားရေကုန်သည်က အားနာစရာလို့ တွေးမိတယ်။

"နောက်တစ်နေ့ မိုးလင်းတော့ ကုန်သည်နှစ်ဦးဟာ ဘုန်းကြီးကိုနှုတ်ဆက်ပြီး ခရီးဆက်ကြတယ်။ နယ်လှည့်ဝယ်ခြမ်းပြီး ပြန်အလာမှာ အလာတုန်းက ဘုန်းကြီးကျောင်းမှာပဲ တည်းဖြစ်တယ်။ ဒီအခါကျတော့ သားရေကုန်သည်ကို နေရာကောင်းပေးပြီး စပါးကုန်သည်ကို သင့်တင့်ရုံနေရာပေးတယ်။ အသွားနဲ့အပြန်မတူတဲ့ ဆက်ဆံပုံကြောင့် ကုန်သည်နှစ်ဦးက ဘာကြောင့်အခုလိုဆက်ဆံပါသလဲဘုရားလို့ မေးလျှောက်တယ်"

"ဟုတ်တယ်နော်. . . မေးသင့်တာပေါ့" လို့ အဘိုးစကားကို ထောက်မေးတော့ အဘိုးက ကျုပ်ခေါင်းကို အသာအယာပွတ်ပြီး ဖြေတယ်။

"ဒီအခါ ဘုန်းကြီးဖြေပုံက "ပစ္စည်းဝယ်ဖို့လာစဉ် သင်တို့နှစ်ဦးလုံးဟာ ပစ္စည်းတွေပေါများပါစေ၊ ဈေးနှုန်းချိုသာပါစေလို့ ဆုတောင်းကြမယ်။ ဒီလိုဆုတောင်းတဲ့အခါ စပါးကုန်သည်က စပါးပေါများပါစေဆိုတဲ့စိတ်ရှိတော့ တောင်သူလယ်သမားတွေ

စီးပွားဖြစ်ဖို့၊ ပြည်သူတွေဈေးချိုချိုနဲ့ ဝယ်ယူစားသုံးနိုင်ဖို့ ဆုတောင်းသလိုဖြစ်နေတယ်။ အဲ. . . သားရေကုန်သည်က သားရေပေါပေါ၊ ဈေးချိုချိုနဲ့ရချင်တော့ သူ့ဆုတောင်းက ကျွဲနွားတွေ အမြောက်အမြားသေစေလိုတဲ့သဘော ဖြစ်နေတယ်။ ဒါကြောင့် သင်တို့ရဲ့ရည်ရွယ်ချက်၊ သင်တို့စိတ်ထားပေါ်မူတည်ပြီး နေရာပေးတာလို့ဖြေတယ်. . .”

အဘိုးပြောတဲ့ပုံပြင်က စိတ်ဝင်စားစရာပိုကောင်းလာတယ်။ သိချင်စိတ်ကလည်း ပိုများလာတယ်။ “ဒါဆိုအပြန်ကျတော့ အလာနဲ့မတူတဲ့ဆက်ဆံပုံက ဘာဖြစ်လို့လဲ” လို့မေးမိတယ်။

“အေး. . . ဘုန်းကြီးရှင်းပြတာက သဘာဝကျတယ်မြေးရဲ့။ အပြန်ကျတော့ ကုန်သည်ပီပီ အမြတ်အစွန်းရချင်တယ်။ ဒီတော့ ကိုယ်ဝတ်ထားတဲ့ပစ္စည်းတွေ ဈေးကြီးကြီးနဲ့ရောင်းရဖို့ စပါးတွေ ရှားပါးစေလို့ ဆုတောင်းမယ်။ ဒီဆုတောင်းကြောင့် လူအများဒုက္ခရောက်နိုင်တဲ့ဆုတောင်းဖြစ်နေတယ်။ သူထားတဲ့စေတနာကြောင့် သင့်တင့်ရုံပဲ နေရာပေးတယ်လို့ဖြေတယ်။ အဲ သားရေကုန်သည်က ပစ္စည်းတွေရှားပါးစေလို့ ဆုတောင်းမှုဟာ ကျွဲနွားတွေ အသေအပျောက်နည်းစေတဲ့ဆုတောင်းဖြစ်နေလို့ စေတနာမှန်တယ်။ ဒါကြောင့် နေရာကောင်းကောင်းပေးတာလို့ဖြေသတဲ့”

အဘိုးပြောပြတဲ့ပုံပြင်က ဒီမှာပြီးသွားပါပြီ။ ဒါပေမဲ့ အဘိုးက ပုံပြင်ရဲ့ အနှစ်ကိုကောက်ချက်ဆွဲပြတယ်။ အဲဒီအဘိုးရဲ့စကားက ကျုပ်စိတ်ထဲ တစ်သက်လုံးစွဲလမ်းစေခဲ့တယ်။

“ဗုဒ္ဓရှင်တော်ဘုရားက သမ္မာအာဇီဝကောင်းစွာအသက်မွေးဖို့ ဆုံးမတယ်။ သမ္မာအာဇီဝအလုပ်ဆိုတာ မိမိအကျိုးရှိပေမယ့်



တစ်ပါးသူ အကျိုးယုတ်မှု၊ ထိခိုက်နစ်နာမှုမရှိတဲ့အလုပ်မျိုးပဲတဲ့။ ဒါကြောင့် ငါ့မြေးဘာပဲလုပ်လုပ် အများအကျိုးရှိတဲ့အလုပ်မျိုးသာ လုပ်ပါတဲ့”

ကျုပ်ဟာ အဘိုးပြောတဲ့ပုံပြင်လေးသတိရတိုင်း “ဘာပဲလုပ်လုပ် စိတ်ထားကောင်းဖို့ပထမ” လို့ စိတ်ထဲကရေရွတ်မိတယ်။

* * *

ကျုပ်တို့ရွာက မြေလတ်ပိုင်းရှိ မြို့လေးတစ်မြို့ထဲမှာရှိတယ်။ မြို့နဲ့မိုင် ၂၀ နီးနီးဝေးတယ်။ မြို့နယ်အစပ်မှာရှိတဲ့ အင်မတန်အသွားအလာခေါင်တဲ့ရွာလေးပါ။

ကျုပ်တို့ရွာမှာ မူလတန်းကျောင်း မရှိဘူး။ ဆေးပေးခန်း မရှိဘူး။ စာကြည့်တိုက် မရှိဘူး။ လျှပ်စစ်မီး မရှိဘူး။ စက်ရေတွင်း မရှိဘူး။ ဘာဆိုဘာမှမရှိတဲ့ရွာလေးပါ။

ရွာမှာ ဘုန်းကြီးအိုကြီးတစ်ပါး သီတင်းသုံးတဲ့ကျောင်းအိုကြီး တစ်ကျောင်းရှိတယ်။ ကိုရင်လေး ငါးပါးရှိတယ်။ ဘုန်းကြီးအိုကြီးရဲ့ အရိပ်ကိုခိုနေတဲ့ ကပ္ပိယကြီးတစ်ယောက်ရှိတယ်။ ကျောင်းသား ငယ်လေးနှစ်ဆယ်အစိတ်ရှိတယ်။ ကျောင်းသားငယ်လေးတွေကို ဘုန်းကြီးကစာပြပေးတယ်။ စာပြပေးတယ်ဆိုပေမယ့် လာသင်ကြသူတွေက စာတတ်ချင်လို့ လိုလိုလားလား သင်ကြတာမဟုတ်ဘူး။ အိမ်မှာထားတော့ ကူဖော်လောင်ဖက်လည်းမရ၊ ထိန်းရသိမ်းရလည်း အလုပ်ပိုလို့ ကျောင်းပို့ထားတာ. . . နှစ်နှစ်လောက်နေတော့ ကျွဲကျောင်း၊ နွားကျောင်းခိုင်းနိုင်ပြီ။ ကျီးခြောက်စာခြောက်ခိုင်းရပြီ။ ဒီအခါ ကျောင်းကပြန်နုတ်ပြီး လုပ်ငန်းခွင်ဝင်ခိုင်းတော့တာပဲ။

အဲဒီကလေးတွေ အရွယ်ရောက်တော့ တောင်သူလယ်သမား အလုပ်လုပ်၊ အိမ်ထောင်တွေကျ၊ သားသမီးတွေထွန်းကား၊ ကလေးတွေလေးငါးနှစ်သားရှိတော့ ကျောင်းပို့။ အဲဒီလိုမပြောင်းမလဲ၊ ရှေးရိုးစွဲအတိုင်း ရှင်သန်ခဲ့တာ နှစ်ဘယ်လောက်ကြာသလဲ မသိဘူး။ စာပေတန်ဖိုးလည်းမသိ၊ ဗဟုသုတလည်း မရှိကြဘူး။

မြို့နဲ့အလှမ်းဝေးတော့ ရွာသူရွာသားတွေက မြို့ကိုလည်း ရောက်ခဲတယ်။ မြို့သွားမယ်ဆိုရင် (၇) မိုင်လောက်ဝေးတဲ့ ဝင်တဲကူးရွာထိ တောလမ်းအတိုင်း ခြေကျင်လျှောက်ရတယ်။ ဝင်တဲကူးရောက်တော့ ဘယ်အချိန်လာမယ်မှန်းမသိတဲ့ လိုကယ်ရထားကို စောင့်စီးရတယ်။ မိုင်နှစ်ဆယ်မလျှောက်ချင်ရင် အသက်သာဆုံးလမ်းက ဒီတစ်လမ်းပဲရှိတယ်။ မသေချာမရေရာတဲ့ ရထားကိုစောင့်ပြီး အချိန်မဖြုန်းချင်သူတွေကတော့ တောလမ်းအတိုင်း ခြေကျင်လျှောက်။ မြို့ရောက်ဖို့ခြောက်နာရီ၊ ခုနစ်နာရီ မနားတမ်းလျှောက်ရတော့ သာမန်ကိစ္စဆိုရင် အသွားအလာမရှိဘူး။

မြို့က တာဝန်ရှိသူတွေလည်း သွားရေးလာရေးခက်တော့ မလာကြဘူး။ ဌာနဆိုင်ရာအမိန့်တွေ ညွှန်ကြားချက်တွေဆိုရင် လက်ဆင့်ကမ်းပို့တော့ ရောက်ချင်တဲ့အချိန်ကျမှ ရောက်တယ်။ ကုန်ကုန်ပြောရရင် တရားဥပဒေစိုးမိုးဖို့ တာဝန်ယူရတဲ့ ဝန်ထမ်းတွေတောင် တစ်နှစ်နေလို့တစ်ခေါက်မရောက်ကြဘူး။ ရာဇဝတ်မှုကြီးကြီးမားမားဖြစ်လို့ မလာမဖြစ်လာရရင်တောင် လေးငါးရက်ကြာတယ်။

"ဒီလောက်အုပ်ချုပ်မှုနဲ့ကင်းကွာနေတာ ခင်ဗျားတို့ဘယ်လိုနေကြလဲ" လို့မေးရင် ကျုပ်တို့ဖြေစရာက တစ်ခုပဲရှိတယ်။ ဒီလိုပဲ



နေလာကြတာပဲလို့။ ဟုတ်တယ်. . . လူမှုရေးကိစ္စပေါ်ရင် ကျုပ်တို့ သဘောတူ အကြီးအကဲလို့သတ်မှတ်ထားတဲ့လူကြီးက ဆုံးဖြတ်လိုက်တာပဲ။ လစာတစ်ပြားမှမရဘဲ လူကြီးတာဝန်အပေးခံရတဲ့ သူကလည်း မဟုတ်တာမလုပ်ဘူး။ အဂတိမလိုက်စားဘူး။ အစိုးရအရာထမ်းဆိုတဲ့လူတွေထက်တောင် သာသေးတယ်။

* * *

"တို့ရွာမှာ စာသင်ကျောင်းတစ်ကျောင်းရှိဖို့ လိုလာပြီကွဲ့၊ ရွာမှာ ဟုတ်တိပတ်တိ တတ်တဲ့လူမရှိဘူး။ ကိုယ့်ရွာတိုးတက်စေချင်ရင် စာသင်ကျောင်းရအောင်လုပ်ကြစို့"

အဘိုးက ရပ်ရွာထဲမှ ဖိတ်သင့်သူတွေဖိတ်ပြီး သူ့ဆန္ဒကို ထုတ်ပြောလိုက်တယ်။ စာသင်ကျောင်းရှိဖို့လိုတယ်လို့ အဘိုးပြောခြင်းမှာ လောကဓာတ်ကျောင်းကို ပြောမှန်းသိကြတယ်။ စာသင်ကျောင်းဆိုတာ အစိုးရက ဖွင့်ပေးမှဖြစ်လာနိုင်တော့ မစွမ်းနိုင်ကြဘူး။ ဘာလုပ်ကြမယ်လို့ အကြံမပေးနိုင်ဘူး။ ငြိမ်နေကြတယ်။

"ကျောင်းဖွင့်အောင် အစိုးရလုပ်ပေးတာ စောင့်နေလို့ မရဘူး။ ကိုယ်ထူကိုယ်ထ ကြိုးစားကြရမယ်"

"ကြိုးစားရမယ်ဆိုတာ ဘယ်လိုလဲအဘိုးလေး. . ."

လူငယ်ခေါင်းဆောင်ကိုဉာဏ်ထွန်းက အဘိုးအကြံပြုချက်ကို သဘောကျဟန်ဖြင့် ထမေးသည်။

"ကိုယ်ထူကိုယ်ထလုပ်ဖို့ပေါ့။ တို့က အစိုးရဖွင့်ပေးတဲ့အထိ စောင့်ရင် တို့ကလေးတွေနာမယ်။ ငါ့ညီ ဘိုးထွန်းဆုံးတော့ သားသမီးတွေက သူ့အိမ်ကို စိတ်ကြိုက်စီမံဖို့ ငါ့အပ်ထားတယ်။ အဲဒီမှာ ကျောင်းဖွင့်မယ်"

"ကောင်းတာတပေါ့အဘိုး။ ဘိုးလေးခြံက ကျယ်လည်းကျယ်တယ်။ ရွာဖျားမှာ သီးခြားပုံသဏ္ဍာန်လည်းရှိတယ်။ အောက်ထပ်မှာ စာသင်လို့ရတာပဲ"

"အဲဒါပြောတာ. . . တို့လိုတာက ဆရာပဲ။ ဆယ်တန်းအောင်ကလေးတစ်ယောက်ရှာ. . . စပါးရှစ်ဆယ်လောက်ပေးရင် ရမှာပါ"

"ကျေးစာဥရွာမှာ အဲဒီလိုကျောင်းမျိုး လုပ်ထားတယ်"

"အေး၊ ငါလည်းကြားတယ်။ ဒါနဲ့ အကြံရပြီး တိုင်ပင်တာ . . . တစ်အိမ် စပါးတစ်တင်း၊ တတ်နိုင်သူက လေးငါးတင်းထောက်ပံ့ရင် အဆင်ပြေမှာပေါ့"

"စာသင်ခုံတွေ. . . သင်ပုန်းတွေလိုမယ်အဘိုးလေး"

"ဒီအတွက်မပူပါနဲ့၊ ငါလုပ်လှူမယ်။ ရွာထဲမှာ လက်သမားလေးငါးယောက်ရှိတာပဲ။ သူတို့က လုပ်အားလှူ၊ ဘိုးလေးက ပစ္စည်းလှူမယ်။ ခုံတွေဘာတွေမရှိလည်း ဘုန်းကြီးကျောင်းမှာလိုလက်ထောက်၊ လေးဘက်ကုန်း စာရေးစာဖတ်လို့ မရဘူးလား. . ."

အများ၏သဘောတူဆုံးဖြတ်ချက်ဖြင့် ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းလေး ပေါ်လာသည်။ သူငယ်တန်းမှ သုံးတန်းထိ ဆရာလေးကိုခင်မောင်မြင့်ကိုယ်တိုင်သင်၊ ကိုယ်တိုင်မေး၊ ကိုယ်တိုင်စစ်ပြီး အအောင်ပေး။ လေးတန်းကျောင်းသားတွေကို ဥသျှစ်လှိုင်းမူလတန်းကျောင်းတွင် အမည်စာရင်းသွင်း၊ ဖြေချိန်မှ ဝင်ဖြေရုံသာ။

ကျုပ်က အဲဒီမူလတန်းကျောင်းက လေးတန်းအောင်ခဲ့တယ်။ ငါးတန်းဆက်တက်ဖို့ အခက်အခဲရှိနေတော့ တစ်နှစ်ကျောင်းမနေရဘူး။ နောက်နှစ်ကျတော့ အဘိုးက ပွဲစားကြီးအိမ်ပို့ပြီး အဲဒီကတစ်ဆင့် ကျောင်းတက်စေတယ်။



"ငါ့မြေး၊ အခုလို ခက်ခက်ခဲခဲ၊ ချို့ချို့တဲ့တဲ့ ပညာသင်ရတာ တို့ရွာမှာကျောင်းမရှိလို့၊ အနီးအနားမှာ ကျောင်းမရှိလို့။ ကျောင်းဖြစ်လာအောင် တို့များကြိုးစားရမယ်"

အဘိုးက ရွာတိုးတက်ဖို့ ပညာတတ်တွေမွေးထုတ်ရမယ်. . . ဟူသောအသိကို ကျုပ်နှလုံးသားထဲ ထည့်ပေးလိုက်တယ်။ ဒီအတွေးနဲ့ စာကြိုးစားလိုက်တာ ကျုပ်ဆယ်တန်းအောင်ခဲ့တယ်။ ဒီတော့မှ ကျုပ်ရွာပြန်လာခဲ့တယ်။

* * *

အဘိုးဆုံးသွားတော့ အဘိုးအစပြုခဲ့တဲ့ စာသင်ကျောင်းကို အဖေက ဆက်လက်ဦးဆောင်တယ်။ ဖွင့်စက ကျောင်းသားနှစ်ဆယ်၊ အစိတ်ရှိဖို့ မနည်းစည်းရုံးခဲ့ရတာ၊ အခု ရှစ်ဆယ်နားနီးနေပြီ။ ဆရာနှစ်ယောက် ငှားထားရပြီ။ စပါးရှစ်ဆယ်ကနေ တစ်ရာထိ တိုးပေးရတော့ စုဆောင်းပေးရတာက တင်းနှစ်ရာဖြစ်နေပြီ။

ကျောင်းဖွင့်စက ခန့်လိုက်တဲ့ဆရာလေးတောင် ဘွဲ့ရပြီးအစိုးရအလုပ်ပြောင်းသွားပြီ။ နောက်ရောက်လာတဲ့ဆရာလေးတွေလည်း မကြာခင်ဘွဲ့ရဖို့ အလားအလာရှိတယ်။

ဘာပဲပြောပြော ကျုပ်တို့ရွာ တိုးတက်မှုရှိတာတော့ အမှန်ပဲ။ ရှေးက စာသင်ကျောင်းမနေဘူးလို့ ဘယ်နှစ်တန်းလဲလို့မေးရင် ရေးတတ်ဖတ်တတ်လို့ ပြောရသူတွေမရှိသလောက်ပဲ။ အနည်းဆုံးတော့ လေးတန်းရောက်ကြတယ်။ အောင်ကြတယ်။ အဆက်အသွယ်နဲ့ မြို့ကျောင်းလာတက်နေသူပင် လေးငါးရှစ်ယောက်ရှိပြီ။ အခြေအနေကအားရစရာပါ။

"မင်းဘာလုပ်မယ်စိတ်ကူးလဲလူလေး. . ."

ကျုပ်ပြန်ရောက်ပြီး နောက်နေ့မှာ အဖေက မေးလာတယ်။ အဲဒီအချိန်ထိ ဘာလုပ်ရမယ်မှန်း မသိသေးဘူး။

"တက္ကသိုလ်ဆက်တက်မယ်စိတ်ကူးလား. . ."

ကျုပ်က ခေါင်းခါတယ်ဆိုရုံလေး ခါလိုက်တယ်။ မှန်တာပြောရင် ကျုပ်ကို တက္ကသိုလ်ပို့နိုင်တဲ့အင်အား အဖေ့မှာမရှိဘူး။ ကျုပ်က တက်ချင်တယ်ဆိုရင် မဖြစ်ဖြစ်အောင် ပို့ပေးမှာပါ။ ဒါပေမဲ့ အဖေနဲ့အမေကို ဘေးကျပ်နံကျပ်မဖြစ်စေချင်ဘူး။

"လယ်ထဲလုပ်ဖို့တော့ စိတ်မကူးပါနဲ့"

ဘာဖြစ်လို့လဲအဖေ. . . လို့ မေးလိုက်ချင်ပေမယ့် မမေးဖြစ်ဘူး။ ဆယ်တန်းအောင်မှ လယ်ပြန်လုပ်တယ်ဆိုတာ သဘာဝမကျဘူးလို့ တွေးမှာတော့မဟုတ်ဘူး။ ဒီထက်အကျိုးများတဲ့ အလုပ်လုပ်စေချင်ပုံပါ။

"မင်းက စာရေးစာချီလုပ်ဖို့ စဉ်းစားလား. . ."

"မစဉ်းစားပါဘူး"

"ဒါဖြင့်. . ."

"ကျွန်တော်ဖြစ်ချင်တာတော့ ဆရာဝန်ပါ။ ဒါပေမဲ့ အမှတ်မမှီဘူး။ စက်မှုတက္ကသိုလ်နဲ့ ကွန်ပျူတာလည်း မမှီပြန်ဘူး။ ပြောရရင် ဂုဏ်သိက္ခာရှိတဲ့အလုပ်တွေတော့ မရနိုင်ဘူး"

"ဂုဏ်သိက္ခာ. . . သားက ဂုဏ်သိက္ခာဆိုတာ ဘာကိုဆိုလိုတာလဲ. . ."

အများအကျိုးသယ်ပိုးနိုင်ခြင်း၊ တင့်တယ်ခြင်း၊ လူရာဝင်ခြင်း၊ ငွေကြေးပြည့်စုံခြင်းက ဂုဏ်သိက္ခာမဟုတ်ကြောင်း အဘိုးပြောဖူး၍



သိနေတယ်။ ဒါပေမယ့် လွှတ်ခနဲပြောလိုက်တဲ့ ကျုပ်စကားက အဲဒီကို သိသိသာသာ ဦးတည်နေမှန်း သတိထားမိလိုက်တယ်။

"အများချစ်ခင်လေးစားမှုခံရတာမို့လားအဖေ"

အဖေက တစ်ချက်ပြုံးလိုက်တယ်။ ချောင်ပိတ်မိနေတဲ့ ကျုပ်က လူလည်လုပ်ပြီး ဝှေ့ဝိုက်ပြောလိုက်မှန်း အဖေသိတယ်။

"အများလေးစားခံချင်ရင် စစ်ဗိုလ်လုပ်။ နိုင်ငံတော်အန္တရာယ်ကာကွယ်ပေးတော့ လေးစားခံရမယ်၊ ချစ်ခင်ခံရမယ်"

ကျုပ်ခပ်သွက်သွက်ခေါင်းခါလိုက်တယ်။ စစ်ဗိုလ်စစ်သားတွေ လူလေးစားခံရပေမယ့် သတ်ရဖြတ်ရတဲ့အလုပ်ကို မလုပ်ချင်ဘူး။ ဘုရားရှင်က စစ်မလိုလားဘူး။ ငြိမ်းချမ်းရေးသမား။ ရောဟဏီမြစ်ရေကိစ္စနဲ့ ကပိလဝတ်ပြည်သားတွေနဲ့ ကောလိယတိုင်းသားတွေ စစ်ဖြစ်ဖို့ရင်ဆိုင်ချိန် ဘုရားရှင်က ငြိမ်းချမ်းရေးတရားဟောခဲ့တယ်။ ဒါကိုကြည့်ရင် ဘုရားမကြိုက်တာစစ်ပွဲ။ တစ်ဦးနဲ့တစ်ဦး ရန်လိုမုန်းတီးမှု။ ဒီတော့ လက်နက်ကိုင်ရတဲ့ဘယ်အလုပ်ကိုမှ မလုပ်ချင်ဘူး။

"မင်းက ဘာလုပ်မယ်စိတ်ကူးလဲ"

"ဒီရွာမှာ ကျောင်းဆရာပြန်လုပ်မယ်အဖေ"

"ဟေ. . ."

"ကျောင်းဆရာအလုပ်လောက် သမ္မာအာဇီဝရှိတဲ့အလုပ်. . . ကျုပ်မမြင်ဘူး။ ပြီးတော့ အနာဂတ်လူငယ်တွေ မြေတောင်မြှောက်ပေးရတဲ့အလုပ်။ ကိုယ့်ရွာတိုးတက်ဖို့ဆိုရင် ပညာတတ်တွေ မွေးထုတ်ပေးဖို့လိုတယ်. . ."

"အဲဒီကိစ္စ အဖေတို့လူကြီးတွေလုပ်နေတာပဲ။ မင်းက ဒီထက် ထိရောက်တဲ့နေရာမှာ လုပ်ဖို့လိုတယ်"

"ဒီထက်ပိုထိရောက်တဲ့အလုပ် ဟုတ်လားအဖေ. . . နေဦး အများအကျိုးရှိတဲ့အလုပ်ထက် ပိုကောင်းတဲ့အလုပ်က ဘာအလုပ်လဲအဖေ. . ."

ကျုပ်အမေးကြောင့် အဖေကငိုင်သွားတယ်။ ပြောစရာစကားတွေ ရှာကြံနေဟန်ဖြင့် အတန်ကြာစဉ်းစားပြီးမှ မိန့်မိန့်ကြီးပြုံးလျက် ဖြေတယ်။

"ကောင်းသားပဲ"

* * *

ကိုယ်ထူကိုယ်ထကျောင်းမှာ ဆရာဝင်လုပ်လို့ နှစ်နှစ်အကြာမှာ အစိုးရမူလတန်းကျောင်းဖွင့်တယ်။ ကျုပ်လည်း အစိုးရခန့် လက်ထောက်မူလတန်းပြဖြစ်လာတယ်။ အစိုးရက ကျောင်းချပေးတယ်ဆိုပေမယ့် ထူးထူးခြားခြားပြောင်းလဲတာတော့ မမြင်ရဘူး။ အစကတည်းက ကျောင်းရှိတယ်။ ကျုပ်စာပြနေတယ်။ ဒီပုံစံပဲ။ မထူးခြားဘူးဆိုနိုင်ပေမယ့် ရွာအတွက် တော်တော်ကို ထူးခြားသွားပါတယ်။

စာပြဖို့ ဆရာငှားရမ်းခ စပါးနှစ်ရာပေးစရာမလိုတော့ဘူး။ အစိုးရကျောင်းကိုး။ အစိုးရခန့်ဆရာကိုး။ ကျောင်းမှာ ပရိဘောဂလိုရင်လည်း အစိုးရက ပံ့ပိုးမှာပေါ့။

"ကျုပ်တို့ လိုအပ်နေတဲ့ကျောင်းရပြီ။ ဒါပေမဲ့ မရှိမဖြစ်လိုအပ်တဲ့ ဆေးပေးခန်း၊ ကျန်းမာရေး ဝန်ထမ်း၊ ဆေးဝါးတွေအတွက်



စဉ်းစားကြပါ။ ဆက်သွယ်ရေးညံ့တဲ့ ကျုပ်တို့ရွာအတွက် လမ်းဖောက်ဖို့ ကြိုးစားကြပါ"

ကျုပ်ဒီလိုပြောလိုက်တာနဲ့ အားလုံးက သဘောတူလိုက်တယ်။ "မင်းဘာလုပ်ချင်လဲ။ ကောင်းရာကောင်းကျိုးအတွက် စဉ်းစား၊ တစ်နှစ်နဲ့မဖြစ်ရင် လေးငါးနှစ်ကြိုးစားတာပေါ့၊ လုပ်ရမယ့်လမ်းစဉ်ကို မင်းကချပြ၊ တို့ကအကြံပေးမယ်. . ." လို့ သဘောတူလိုက်တယ်။

ကျုပ်မြို့မှာနေခဲ့တဲ့ လေးငါးနှစ်အတွင်း မြင်ခဲ့၊ သိခဲ့၊ ရခဲ့တဲ့ ဗဟုသုတကို အခြေခံပြီး လုပ်သင့်တာတွေ လုပ်ခဲ့တယ်။ ကျုပ်လို မြို့မှာ ပညာသင်ပြီး ရွာပြန်လာတဲ့ သူငယ်ချင်းတွေနဲ့တိုင်ပင်၊ သူတို့နဲ့ ညှိနှိုင်းလုပ်တယ်။

"ခုတော့ မူလတန်းကျောင်းလေးလည်း အခြေခိုင်မာလာပြီး ကျေးလက်စာကြည့်တိုက် တစ်တိုက်လည်း ပေါ်လာပြီ။ ကျေးလက်ဆေးပေးခန်းတစ်ခုလည်း ရှိလာပြီ"

ကျုပ်တို့စုဆောင်းထားတဲ့ ရန်ပုံငွေနဲ့ သူနာပြုဆရာမသင်တန်းတစ်ယောက်၊ သားဖွားဆရာမသင်တန်း နှစ်ယောက် ပို့နိုင်ခဲ့တယ်။ တောလမ်းခရီးကြမ်းကို နွေ၊ မိုး၊ ဆောင်းဥတုသုံးလီ ပတ်လုံး ကျေးစာဥရွာထိ သွားနိုင်မယ့်လမ်းဖောက်သည်။ ကျေးစာဥရောက်ရင် ကားနဲ့ဖြစ်ဖြစ်၊ ဆိုင်ကယ်ကယ်ရီနဲ့ဖြစ်ဖြစ်၊ မြင်းလှည်းနဲ့ဖြစ်ဖြစ် သွားနိုင်ပြီ။ လေးငါးမိုင်လောက်သာရှိတဲ့ ဒီလမ်းဖောက်နိုင်ဖို့ တချို့လယ်တွေ တောင်းပန်ဝယ်ရတယ်။ တချို့တောင်တွေဖြိုရတယ်။ တချို့ချောက်တွေကို တံတားထိုးရတယ်။ နောက်လေးငါးခြောက်နှစ်ဆိုရင် သွားလို့ရပါပြီ။ ရှေးကလို ဝင်တဲကူးသွား၊

ဘယ်တော့လာမှန်းမသိတဲ့ရထားကို စောင့်စီးစရာမလိုတော့ဘူး။ အဲဒါကျုပ်ရွာပြန်ပြီးနေတော့မှ ဖြစ်လာတာတွေပါ။ လွယ်လွယ်ကူကူ ဖြစ်လာတာတော့ မဟုတ်ပါဘူး။ ကျုပ်အစွမ်းချည်းကြောင့်လည်း မဟုတ်ဘူး။ အဘိုးခင်းပေးတဲ့လမ်းကို ညီညီညွတ်ညွတ်လိုက်တဲ့ ရွာသူရွာသားတွေကြောင့်ပဲ။

ကျုပ်ဟာ မြို့နဲ့အလွန်ဝေးတဲ့ ရွာလေးက လက်ထောက်မူလတန်းပြဆရာလေးပါ။ ကြီးကျယ်ထည်ဝါသူ မဟုတ်ပါဘူး။ အုပ်ချုပ်ပိုင်ခွင့်၊ စီရင်ပိုင်ခွင့်ရှိသူမဟုတ်ဘူး။ မက်မောလောက်တဲ့ ရာထူးမဟုတ်ပါဘူး။ ဒါပေမယ့် ကျုပ်ကတော့ ကျုပ်ဘဝကို ဂုဏ်ယူတယ်။ အားရနှစ်သက်တယ်။

ကျုပ်ဆယ်တန်းအောင်တုန်းက တက္ကသိုလ်ဆက်တက်ရင် ဘွဲ့ရမယ်၊ ဒီထက်ကောင်းတဲ့ရာထူးမျိုးရမယ်။ မြို့ကြီးပြကြီးမှာလည်း နေခွင့်ရတယ်။ ဒါပေမဲ့ အဲဒါကျုပ်တစ်ယောက်တည်းပဲ ဖြစ်မယ်။ ခုမူလတန်းကျောင်းလေးမှာ ဆရာလုပ်နေတော့ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ စစ်ဗိုလ်တွေအများကြီး မွေးထုတ်နိုင်တယ်။ ကျုပ်တို့ရွာကို ကျုပ်နဲ့အတူ လက်တွဲလုပ်ကိုင်မယ့်လူငယ်တွေ အများကြီး မွေးထုတ်ပေးနိုင်တယ်။ ပြီးတော့ ကျုပ်တို့ရွာတိုးတက်ဖို့ လုပ်ချင်ကိုင်ချင်သူတွေ အများကြီးမွေးထုတ်နိုင်အောင် ဖန်တီးနိုင်တယ်။ ကျုပ်လုပ်နိုင်တဲ့ ပရဟိတလုပ်ငန်းတွေ အများကြီးပါပဲ။

အဘိုးလိုချင်တဲ့ အများအကျိုးသယ်ပိုးဆောင်ရွက်သူအဖြစ် ရပ်တည်နိုင်တာ ကျုပ်ဂုဏ်ယူတယ်။ အဲဒါ အဘိုးပြောပြဖူးတဲ့ ပုံပြင်လေးကရလိုက်တဲ့ သင်ခန်းစာပါပဲ။

* * * * *

# ဟိုကောင်မလေးညို့တိုတို

"ငါ့ကို မနှောင့်ယှက်နဲ့ထွန်းရ၊ နင့်ကိုငါမကြိုက်ဘူး"

"ဒါဆိုနင်က ဘယ်သူ့ကြိုက်နေလို့တုန်း"

"အဲဒါ ငါ့ကိစ္စ"

မိဒေါင်းညို၏ ဘုဆတ်ဆတ်အပြောကို သဘောကျပြီး ထွန်းရရယ်လိုက်သည်။ မိဒေါင်းညိုကို ထွန်းရချစ်နေသည်မှာ ဤအပြောပင်။ စကားပြောလျှင် တိုတိုပြတ်ပြတ်၊ လိုရင်းပြောတတ်ခြင်း၊ မှန်သည့်စကားသာပြောတတ်ခြင်းသည် ထွန်းရ၏ချစ်သူတွင်ရှိရမည့် အရည်အချင်းဟု ခံယူထားသည်။ မိဒေါင်းညိုက ထိုအရည်အချင်းနှင့် ပြည့်စုံနေသူ။

"ငါကတော့ နင့်ကို ကြိုက်တယ်ဟ"

"အဲဒါ နင့်ကိစ္စ"

"အေးလေ. . . ငါ့ကိစ္စ ငါလုပ်တာပါပဲ။ ငါက နင့်ကို ချစ်နေတယ်။ ဒါကြောင့် ချစ်ခွင့်ပန်တယ်။ နင်က ငါ့ကို မကြိုက်ဘူး။ တောင်းဆိုတာ မလိုက်လျောနိုင်ဘူးလို့ ပြောတယ်။ ငါ စဉ်းစား

သွားရပြီ။ ငါ့ကို မကြိုက်တာဟာ နဂိုကြိုက်နေတဲ့ လူရှိလို့လား . . . မရှိရင်တော့ တစ်ချိန်ချိန်မှာ ကြိုက်လာစရာ အကြောင်း ရှိတယ်။ ဆက်ကြိုးစားရမယ်။ ဒီအတွေးနဲ့ နင့်မှာ ကြိုက်ရမယ့် လူရှိပြီးသားလားလို့ မေးတာ"

"ဒါ ငါ့ကိုယ်ရေးကိုယ်တာ. . . နင်နဲ့မဆိုင်ဘူး။ ကိုယ့်အလုပ် ကိုယ်လုပ် ထွန်းရ"

"ဟုတ်တယ်လေ. . . ငါလည်း ငါ့ကိစ္စ ငါလုပ်တာပါပဲ။ နင့်ကို ငါကကြိုက်နေတယ်ဟာ. . . အဲဒါ နင်သိအောင်ပြောရမှာ ငါ့အလုပ်။ ငါ့အရင်ကြိုက်တဲ့လူရှိလို့လား"

"ရှိတယ်"

"အဟဲဟဲ. . . ဒီစကားတော့ ငါမယုံဘူး။ လက်မခံဘူး။ ရှိတယ်လို့ပြောလိုက်တာမှာ ဖုံးကွယ်မှုတွေ လိမ်လည်မှုတွေပါတယ်လို့ ငါခံစားလိုက်ရတယ်။ ဒီမယ်မိဒေါင်းညို. . . "

"ဘာလဲ"

"နင်ဟာ ပွင့်လင်းတဲ့မိန်းကလေး. . . အမှန်အကန်ပြောတတ် သူဆိုပြီး နင့်ကိုသဘောကျတာ. . . ငါကလည်း ပွင့်ပွင့်လင်းလင်း သမား၊ ရွာမှာနင့်ထက်ချောတဲ့ မိန်းကလေးတွေရှိတယ်"

"အဲဒီကောင်မတွေ သွားကြိုက်ပါလား"

"ဟ၊ ငါက ချောရုံလှရုံနဲ့ ကြိုက်တတ်တာမှ မဟုတ်တာ၊ ရုပ်မလှချင်နေပစေ၊ စိတ်လှရင်သဘောကျတယ်၊ ဥပမာ နင့်လိုပေါ့"

"သေလိုက်ပါလား. . . "

ထွန်းရ အလွန့်အလွန် သဘောကျပြီး ဟားတိုက်ရယ်ပစ် သည်။ ဘေးလူက မကြည့်ကြည့်အောင် ရုပ်ပျက်ဆင်းပျက်



ရယ်လိုက်သဖြင့် မိဒေါင်းညို စိုးရိမ်သွားသည်။ အနီးအနားမှာ ဘယ်သူရှိနေမလဲဟူသောအတွေးနှင့် ဘေးဘီကြည့်မိသည်။ မရှိမှ ရင်အေးသွားသည်။ အလိုက်ကန်းဆိုးမသိသည့် ထွန်းရကိုဒေါပွပြီး ရေအိုးကို စွေ့ခနဲကောက်မပြီး ခြေဆောင့်လျက် သူ့အပါးမှ ထွက်ခဲ့သည်။ ဤပုံကိုကြည့်ပြီး ထွန်းရသဘောကျနေပြန်တော့သည်။

* * *

ညောင်ချဉ်ကုန်းရွာတွင် ထွန်းရကို မသိသူမရှိ၊ လယ်ပိုင်ရှင် သူဌေးဦးရွှေရ၊ ကျောင်းအစ်မ ဒေါ်တင်နုတို့သားဟု လူတိုင်း သိသည်။ ညောင်ချဉ်ကုန်းရွာသာမက အိုးပေါက်၊ ကုလားမ၊ စလောင်း၊ မောင်းရမ်းရွာများထိပင် ထွန်းရသတင်းက မွှေးပျံ့ နေသည်။

ဖခင်ပိုင်သည့် လယ်ဧကများစွာကို ကိုယ်တိုင်ထွန်ရှင်းကိုင် လုပ်သည်။ သူရင်ငှားလေးငါးယောက်ကို ထောင့်စေ့အောင် ဦးဆောင်ခိုင်းသည်။ ပျိုးထောင်ချိန်မှစပြီး စပါးကျီထဲရောက်သည်ထိ မိဘနှစ်ပါး လှည့်ကြည့်စရာမလို။ ဘယ်ဟာလေးတော့ လုပ်လိုက် ဦးဟု ပြောစရာ ညွှန်စရာမလို။ သို့မို့ကြောင့်လည်း ပတ်ဝန်းကျင်က ချီးမွမ်းခြင်းပင်။

အမှန်တော့ ထွန်းရက ချီးမွမ်းခံချင်၍ လုပ်ပြနေသည်မဟုတ်။ မိဘနှစ်ပါး စုဆောင်းထားသည့် ပစ္စည်းကို အရန်သင့် လုပ်ရသူမို့ ရှိပြီးသားစီးပွားရေးထက် ပိုမိုတိုးပွားအောင် ကြိုးစားခြင်းပင်။

"ထွန်းရလိုကလေးမျိုးရရင် နွားတောင်မလိုဘူး။ ထွန်ကို ကိုယ်တိုင်ရုန်းပြီး လုပ်ကျွေးမယ့်လူမျိုး"

ဤကား မိန်းကလေးရှင်များအမြင်။ မိမိတို့သမီးကို လာကြောင်းလှမ်းလျှင် အလွယ်တကူ ခေါင်းညိတ်ချင်သူတွေချည်း။

လူပုံက ဒေါင်ကောင်းကောင်း၊ အသားညိုညို၊ ကိုယ်လုံးကိုယ်ထည်ပြည့်ပြည့်။ မြန်မာပီသသည့် ရုပ်ရည်။

"ထွန်းရရင်အုံက ခေါင်းအုံးမလိုဘူးဟဲ့"

မိန်းမချင်းဆုံလို့ ဟိုအကြောင်း၊ ဒီအကြောင်းပြောရင်း ထွန်းရထံစကားရောက်သွားလျှင် တီးတိုးစကားဆိုတတ်သည်။

"ရုပ်ကလည်း မဆိုးပါဘူး။ နေပူမရှောင် မိုးရွာမရှောင် အလုပ်လုပ်လို့ အသားလေးညိုတာပဲရှိတယ်"

"ကောင်မရယ်၊ အသားကပြုတ်စားရတာမှ မဟုတ်တာ"

"အသားပြုတ်မစားတော့ တော်ကဘာပြုတ်စားချင်တာလဲ"

အချင်းချင်းသတင်းဖလှယ်ရင်း အတင်းအဖျင်းစကားတွေ ပြောဖြစ်ကြသည်။ ရွာမှ ကာလသားလူပျိုပေါက်နှစ်ဆယ်၊ အစိတ်ထက်မနည်းရှိပေမယ့် ထွန်းရအကြောင်းပဲ ပြောဖြစ်ကြသည်။ သူတို့ကို ရည်စားစကားလာပြောသူရှိလျှင်လည်း ထွန်းရနှင့် စံထိုးအကဲဖြတ်တတ်ကြသည်။

ဤရွေ့ဤမျှ သမီးရှင်တွေ. . . မိန်းမပျိုလေးတွေ နှုတ်ဖျားရေပန်းစားနေသော ထွန်းရက မိဒေါင်းညိုကို ချစ်စကားဆိုသည်။ "နင့်ကိုငါချစ်တယ်ဟာ. . . " ဟု ထွန်းရစပြောတော့ မိဒေါင်းညို ခေါင်းခါသည်။ ထွန်းရလက်မလျှော့။ အခွင့်သာတိုင်း ဒီစကားသာ ပြောသည်။ တစ်ခါတစ်ရံ လူကြားမရှောင်၊ သူကြားမရှောင် မျက်နှာပြောင်တိုက်ပြီး လာပြောသည်။ မိဒေါင်းညိုသည် မျက်နှာအပျက်ပျက်နှင့် လူအုပ်ကြားမှ ပြေးခဲ့ရသည်။ နောက်တစ်ခါထပ်ပြောတော့



အနှောင့်အယှက်မပေးရန်ပင် ဟန့်တားတော့သည်။ ထွန်းရသည် အဖြေမထွက်သည့် ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်သော ကလေးငယ်တစ်ဦးပမာ စိတ်ညစ်သွားရသည်။

✳ ✳ ✳

"ဟဲ့ မိဒေါင်း"

"ရှင်. . . အရီးလေး"

"နင့်ကို ထွန်းရက ရည်စားစကားပြောဆို"

"ဟုတ်တယ်အရီး"

"ဒီတော့ နင်ကမကြိုက်ဘူးလို့ဖြေဆို"

"ဟုတ်တယ်လေ. . . ကျုပ်ကမှမကြိုက်တာ. . . "

"ဟော. . . ညည်းက မကြိုက်ဘူးဟုတ်စ၊ နေပါဦးမိဒေါင်းရဲ့၊ ညည်းက ဘယ်လိုလူမျိုးကိုမှ ကြိုက်မှာလဲ။ ရှင်ဘုရင့်သားလို အာဏာရော စီးပွားရေးဥစ္စာရောရှိတဲ့လူမျိုးရှာနေတာလား. . . ဒါမှမဟုတ် ရုပ်ရှင်မင်းသားညွန့်ဝင်းလို လူမျိုးရှာနေတာလား. . . "

အရီးလေးဒေါ်သွယ်က မိဒေါင်းညိုကို မျက်စောင်းတစ်ချက်ထိုးပြီး နှုတ်ခမ်းထူကြီးကို ရွဲ့ကာစောင်းကာဖြင့် အားပါးတရ ပြောနေသည်။ အရီးလေးအမူအရာကြည့်ပြီး မိဒေါင်းညိုရယ်ချင်သည်။ သူရယ်သလို လိုက်ရယ်လျှင် လှောင်သည်၊ ခနဲ့သည်၊ ရွဲ့သည်ဟု ပြောနေဦးမည်။ မိဒေါင်းညိုစိတ်ထိန်းထားရသည်။

"ဒီမယ်မိဒေါင်း၊ ရွာတောင်ပိုင်းက မမြစ်သမီးဆို ထွန်းရကို လိုချင်လို့ ပုစွန်ဆိတ်ခုန် ခုန်နေသတဲ့"

"ရွှေဥမယ်မကြိုက်တဲ့ ကာလသားရှိလို့လား. . . "

"စလောင်းမောင်ရမ်းက ဟိုကလေးမဆို အကြောင်းရှာလာနေတာ ချောင်းပေါက်မတတ်"

"အရီးလေး ဘယ်တုန်းက စာရင်းကောက်ထားသလဲ"

"အေး. . . ကောက်ရတယ်။ လေ့လာရတယ်။ အဲဒါ ညည်းအတွက် မိဒေါင်းညို၊ ကိုယ့်တူမလေးအရွယ်ရောက်ပြီ၊ သီးချိန်တန် သီးသင့်တယ်၊ ပွင့်ချိန်တန် ပွင့်သင့်တယ်။ အဲဒီအချိန် မှန်မှန်ကန်ကန်ရွေးမိဖို့လိုတယ်ဆိုပြီး လူပျိုကာလသားတွေ မျက်လုံးဒေါက်ထောက်ကြည့်နေရတယ်. . ."

မိဒေါင်းညိုသည် အဖေ့ညီမ ဒေါ်သွယ်ကိုကြည့်ပြီး စိတ်မောလူမောဖြစ်ရပြန်သည်။ ကာယကံရှင်ကိုယ်တိုင်က အရေးမထား၊ အလေးအနက်မစဉ်းစားသည့်ကိစ္စကို အရီးလေးက အာရုံစိုက်နေသည်။ စိတ်ပူနေသည်။

မိဒေါင်းညိုကတော့ တစ်ခါတရံတွေးဖြစ်လိုက်သည်ကလွဲပြီး ဘယ်ယောကျ်ားလေးအကြောင်းမှ မစဉ်းစားမိ။ လတ်တလောစားဝတ်နေရေး ဘယ်ပုံဖြေရှင်းရမည်၊ နောင်မိဘနှစ်ပါးမရှိတော့လျှင် ဘဝရှင်သန်ဖို့ ဘယ်ပုံရပ်တည်ရမည်၊ ပိုလျှံတာလေးရှိလျှင် ဘယ်မှာလှူရမည်သာ စဉ်းစားမိသည်။

ကိုယ့်သောကနှင့်ကိုယ် မအေးချမ်းအောင်ရှိနေချိန် ထွန်းရကကြောင်ဟိုဒင်းပူသည့်နှယ် တညောင်ညောင်လုပ်နေသည်။ အိမ်ထောင်ရေးမစဉ်းစားနိုင်သေးသဖြင့် ခေါင်းခါလိုက်ပြီးဖြစ်သည်။ မိန်းကလေးက ခေါင်းခါလျှင် အလိုက်တသိခွာနေဖို့သင့်သည်။ မရအရဖွဲ့နပ်ကြီးနေသော ယောကျ်ားမျိုးကို မိဒေါင်းညိုသဘောမကျ။ တလွဲဆံပင်ကောင်းသည့်လူစားဟုသာ တွေးလိုက်သည်။



"ထွန်းရ၊ မင်းက မိဒေါင်းညိုကို ကြိုက်နေတယ်ဆို"

"အေး. . ."

"အသားကညို၊ နှုတ်မချိုတဲ့မိဒေါင်းညိုများ ကြိုက်ရတယ်လို့ကွာ. . ."

"အန်. . ."

"မိန်းမသားဆိုတာ ဖြူဖြူနွဲ့နွဲ့လေးမျိုးမှ ချစ်စရာကောင်းတာ. . . ရှာလယ်ကခင်မှုံဆို ဂျပန်မကော်ရုပ်လေးလိုပဲ၊ ဘယ်လောက်ချစ်စရာကောင်းလဲ"

"အဲလိုဂျပန်နဲ့တူနေလို့ကို မချစ်တာ. . . မြန်မာမဆိုရင် မြန်မာလိုလှတာပဲ နှစ်သက်တယ်။ မိဒေါင်းညိုက ငါသဘောကျတဲ့အနေအထားလေ. . ."

လယ်တောမှပြန်လာသည့် ထွန်းရနှင့်ဖိုးမောင်သည် ငါးဖယ်မရိုးချောင်းအကူးတွင် ဆုံသည်။ ဖိုးမောင်က ကျောင်းနေဘက်ထွန်းရကို လက်ဖမ်းကိုင်ပြီး "ထွန်းရ မင်းနဲ့စကားပြောစရာရှိတယ်" ဟု ပြောလိုက်သဖြင့် ထွန်းရက စူးစမ်းတဲ့အကြည့်ဖြင့် ကြည့်သည်။ တစ်ဦးနှင့်တစ်ဦး ပြောမနာဆိုမနာ သူငယ်ချင်းတွေဆိုတော့ သွယ်ဝိုက်မနေဘဲ တဲ့တိုးမေးလိုက်သည်။ ထွန်းရက မထူးဆန်းသည့်စကားကြားရဟန်ဖြင့် တစ်ချက်ပြုံးသည်။ ဟန်မပျက်ဖြေသည်။

"မင်းသဘောကျပေမယ့် ဟိုကမကြိုက်ဘူးမို့လား"

"အေး. . ."

"ဘယ်ကြိုက်မလဲ၊ သူက ဟိုကောင်နဲ့ကြိုက်နေတာကိုး"

"ဘယ်ကောင်လဲ"

"ကျေးစာဥရွာမှာ ဟာလာစက်ထောင်ထားတဲ့ စက်ဆရာလေ. . . ခုတလော၊ ဒီရွာကို တစ်ရက်ခြား နှစ်ရက်ခြား လာလာနေတဲ့ကောင်"

"ဟုတ်ရဲ့လား. . ."

"စက်ဆရာနဲ့မိဒေါင်းညို တွဲတွဲသွားနေတာ ငါကိုယ်တိုင်မြင်ခဲ့တယ်။ တစ်ဖက်လှည့်က စုံစမ်းကြည့်တော့ ကြိုက်နေကြတာမသိဘူးလားလို့ ပြန်မေးခံရတယ်. . ."

ထွန်းရ မျက်နှာပျက်သွားသည်။ သို့သော် ချက်ခြင်းက္ကန္ဒေဆယ်လျက် မဲ့ပြုံးလေးတစ်ချက်ပြုံးသည်။

"အဲလိုဆိုလည်း တစ်ခန်းရပ်သွားတာပေါ့" ဟု တီးတိုးပြောလိုက်သည်။

"မင်းစိတ်ပျက်သွားလားထွန်းရ။ ဒါစိတ်ပျက်စရာ မဟုတ်ပါဘူးကွာ. . . ငါကတော့ အကောင်းဘက်လို့ မြင်တယ်. . ."

"အေးလေ. . ."

"မင်းကကြိုက်တယ်ဆိုရင် ချက်ချင်းလက်ခံမယ့်မိန်းကလေးတွေ တစ်ပုံကြီး. . ."

"တော်ပါပြီ. . ."

ထွန်းရက စိတ်ပျက်လက်ပျက် ခေါင်းခါပြီ ဖိုးမောင်ကိုနှုတ်ဆက်ပြန်သွားသည်။ ထွန်းရအတွက် ကောင်းသတင်းမဟုတ်ပေမယ့် ဖိုးမောင်ကတော့ သတင်းပေးလိုက်ရ၍ ကျေနပ်သွားသည်။

* * *

"ညည်းတို့မိန်းကလေးတွေ နှာခေါင်းမပါရင် ဟိုဒင်းတောင်စားတယ်ဆိုတာ ငါလက်ခံတယ်"



"အရီးတို့လည်း ကိုယ်ကြိုက်တာ ကိုယ်ရွေးခဲ့တာပဲမို့လား" ဟု မိဒေါင်းညိုပြန်ပက်လိုက်ချင်သည်။ သို့သော် ကိုယ့်အတွက်ပြောနေတာပဲဟူသောအသိကြောင့် နှုတ်တုံ့မဆိုလိုက်။

တစ်ရွာတည်းသားထွန်းရကို မရွေးဘဲ စက်ဆရာကိုရွေးခြင်းမှာ အကြောင်းရှိသည်။ ထွန်းရက သူလိုပင် တိုတိုပြတ်ပြတ် တုံးတိပြောတတ်သည်။ စက်ဆရာက လေသံတိုးတိုးနှင့် ချွဲချွဲပျစ်ပျစ်ပြောလေ့ရှိသည်။ သူ့စကားထဲတွင် မိဒေါင်းညို၏ချစ်စရာအသွင်ဖော်ကျူးပုံမှာ မိဒေါင်းညိုတစ်သက်တာတွင် မကြားဖူးသည့်စကား။ မျက်ခုံးအလှ၊ မျက်လုံးအလှ၊ နှာတံအလှ၊ နှုတ်ခမ်းသားအလှ၊ ကိုယ်ကာယအလှတွေ ချီးမွမ်းပုံက ဘုန်းကြီးပျံပွဲတွင် လာကသွားသည့် ပြဇာတ်မင်းသားနှင့် တစ်ပုံစံတည်း။ ဤမျှမွမ်းလောက်အောင် မလှသည်ကို မိဒေါင်းညိုကိုယ်တိုင်သိသည်။ သိပင်သိငြားလည်း နားအရသာရှိလှသည်။ နှစ်သက်စရာကောင်းလှသည်။ လူပုံနွဲ့သလောက် စကားပြောနွဲ့သည့်စက်ဆရာကို မိဒေါင်းညိုချစ်မိသည်။

"ငါ ညည်းကို ပုံပြင်တစ်ပုဒ်ပြောပြမယ်"

"အရီးကလဲ မိဒေါင်းညိုက ကလေးမှမဟုတ်တာ၊ ပုံပြင်ပြောရမယ်လို့"

"ကလေးကမှ အသိအလိမ္မာရှိဦးမယ်၊ ညည်းလို မိန်းမသားဆင်ခြင်နိုင်အောင်လို့ ပြောပြမယ်။ ဟိုးရှေးက လယ်ကွက်မတစ်ကောင်ရှိသတဲ့"

"ဒုက္ခပါပဲ" ဟု မိဒေါင်းညိုစိတ်ထဲက ရေရွတ်လိုက်သည်။

"အဲဒီလယ်ကွက်မမှာ အင်မတန်ချော အင်မတန်လှတဲ့ သမီးတစ်ယောက်ရှိတယ်။ အဲဒီသမီးရဲ့ချောမောမှုဂုဏ်သတင်းကလည်း နယ်အနှံ့ပျံ့နေတယ်။ ဒါကြောင့် လာတောင်းသူတွေ

အမြောက်အမြားပေါ့။ ဒါပေမယ့် လယ်ကွက်မက သူ့သမီးကို သာမန်ပုဂ္ဂိုလ်နဲ့ မပေးစားနိုင်ဘူး။ ဘုန်းတန်ခိုးကြီးတဲ့လူနဲ့ ပေးစားမယ်ဆိုပြီး နေမင်းကြီးဆီခေါ်သွားသတဲ့”

“နေမင်းကြီးက ငြင်းတယ်မို့လားအရီးရယ်. . . သူက အမှန်တန်ခိုးမကြီးပါဘူး။ သူရဲ့အလင်းကို ဖုံးကွယ်နိုင်တာ တိမ်တိုက်။ ဒီတော့ တိမ်နတ်သားက တန်ခိုးကြီးသူပါလို့ ပြောလိုက်တယ်မို့လား”

မိဒေါင်းညိုက ဒေါင်းဖတ်စာထဲ၌ ဖတ်ဖူးသဖြင့် ဇာတ်လမ်းကို ကြိုပြောလိုက်သည်။ အရီးဒေါ်ထသွားသည်။ ညည်းတို့ကာလသမီးတွေက လူကြီးထက်ပိုသိ၊ ပိုတတ်နေဟူသောအဓိပ္ပာယ်ဖြင့် မျက်စောင်းထိုးသည်။

“နောက်ဆုံး တန်ခိုးရှင်ဆိုပြီး နဖားကြိုးဆီရောက်တယ်။ နဖားကြိုးက သူ့ထက်တန်ခိုးကြီးတာ လယ်ကွက်ပါ။ ကွက်ကိုက်ရင် သူ့ဘဝပျက်ရော. . . အဲလိုမို့လား”

“ဂန်းမ၊ နင်မသိတာမရှိဘူး”

“အရီးပြောတဲ့ပုံပြင်က ဂုဏ်မက်တဲ့မိဘတွေဆုံးမတာ. . . ကိုယ့်အမျိုးကို အထင်သေး အမြင်သေးတာကို သင်ခန်းစာပေးတာမို့လား. . .”

“ညည်းလို ရွာကျော်ရွက်တိုက်ချင်တဲ့ကောင်မနဲ့လည်း ဆိုင်တယ်. . . ဘယ်နှယ်တော် လူကြီးက ကောင်းစေချင်လို့ လမ်းညွှန်မှ သင်းတို့က သစ္စာတွေ. . . မေတ္တာတွေ. . . သမုဒယတွေ. . . အကြင်နာနှလုံးသားတွေ လုပ်နေတယ်။ ဒီမယ်မိဒေါင်းညို”

“ပြောပါအရီး. . .”

“အကြင်နာနှလုံးသားက ပြုတ်စားလို့မရဘူးအေ့”



“ဒါပေမယ့် နှလုံးသားအာဟာရတော့ တိုးစေတယ်မို့လား အရီးလေး”

“ဟဲ့ကောင်မ၊ ငါထလုပ်မိတော့မယ်. . .”

အရီးလေးက ထဘီထပြင်ဝတ်သည်။ အရီးလေးဒေါ်ပွလျှင် မိဒေါင်းညို နာတော့မည်မှန်းသိသဖြင့် အမြန်ရှောင်ပြေးရတော့သည်။

* * *

ထွန်းရနှင့် မြစပယ်ဖြူတို့မင်္ဂလာပွဲက ညောင်ချဉ်ကုန်းရွာတွင် ပြောစမှတ်ဖြစ်ခဲ့သည်။ ဝက်သားဘီးစပတ်တုံး အရောအနှောမပါ၊ လာသမျှလူစားပိုးနင့်အောင်ကျွေး၊ ပြန်ကမ်းသည့် ယွန်းခွက်က ပုဂံမှ တကူးတကန့်မှာသည့် မြန်မာမှုလက်ရာ. . .။ နှစ်ဖက်ဆွေမျိုးက တောင့်၊ အပေါင်းအသင်းမိတ်သင်္ဂဟကများတော့. . . မောင်တော်ချက်မဘုရားပွဲအလား ထင်မှတ်ရသည်။

“ဒီမင်္ဂလာပွဲမျိုး မရှုံးရင် ဘယ်ပွဲရှုံးမလဲ”

ကိုသာမောင်ကြီး၏ မုဒိတာလွှမ်းသော မှတ်ချက်စကားကြောင့် လှမောင်က ပခုံးကို ဖြန်းခနဲရိုက်လိုက်သည်။

“ရှုံးမယ်လို့ထင်လား. . .”

“ထင်တယ်. . .”

“မင်္ဂလာဆောင်လက်ဖွဲ့ငွေအသာထား. . . ဦးရွှေရညီ ဦးရွှေခက သူ့တူအတွက်ဆိုပြီး ခိုင်းနွားတစ်ရှဉ်းတဲ့။ အဲဒါကတင် ဆယ့်လေးငါးသိန်း။ အရီးလေးဒေါ်ငွေရက ကုန်းလယ်တစ်ကွက်တဲ့။ အဲဒါမပါသေးဘူး”

“ဟုတ်ရဲ့လား. . .”

“ကိုသာမောင်က မသိဘဲနဲ့မှန်းပြော။ ဦးရွှေရနဲ့ ဒေါ်တင်နုသားချင်းတွေက နေရာအနှံ့။ အိုးပေါက်ကလည်း လှည်းတွေနဲ့

လာသဗျာ. . . ဇလောင်းကဆို သုံးလေးရက်ကြိုလာတာ. . . အဲဒီ ဆွေမျိုးတွေက တစ်ယောက်တစ်သိန်းစီ လက်ဖွဲ့မှာတဲ့. . . ”

“ဟုတ်ရဲ့လား၊ လှမောင်ရယ်. . . မင်းပြောပုံနဲ့ဆို တစ်နှစ်တစ်ခါ မင်္ဂလာဆောင်စားရမလိုဖြစ်နေပြီ”

“ခင်ဗျားဆောင်ရင် ကွဲမှာပေါ့။ ဟိုကောင်ထွန်းရက သားလိမ္မာ. . . မိဘစိတ်ကြိုက်ရွေးပေးတဲ့ဇနီးလောင်းကို ခေါင်းညိတ်လက်ခံတာ. . . ”

“ဒါနဲ့ အဲဒီကောင်ကြိုက်နေတာက မိဒေါင်းညိုဆို”

“အဲဒါပြောတာပေါ့။ မိဒေါင်းညိုက ဘယ်လိုဟာမျိုးကြိုက်သလဲမသိပါဘူး။ ထွန်းရကိုတော့ ခေါင်းခါပြီး ဟိုတစ်ရွာသား စက်ဆရာကျတော့ သဘောကျသတဲ့။ ထားပါ။ စက်ပိုင်ရှင်ဆိုရင် ဟုတ်တုတ်တုတ်။ ခုတော့ သူများစက်အငှားမောင်းပေးရတဲ့ကောင်ကို ဘာမက်သလဲမသိဘူး”

“ဒါတော့မပြောနဲ့လေကွာ. . . ရှင်ဘုရင့်သားဖြစ်လည်း ကြိုက်ချင်မှကြိုက်မှာပေါ့။ ချစ်ခြင်းမေတ္တာဆိုတာ ရာထူးမပါဘူး၊ ငွေမပါဘူး ငါ့လူရ”

“ခင်ဗျားက ဇွတ်ပင့်နေပြန်ပြီ၊ ဘာဘာညာညာမသိဘဲနဲ့”

“အေး. . . ဘာဖြစ်လဲ”

“ဗိုက်တစ်လုံးနဲ့ ကျန်ခဲ့ပြီလေ. . . ”

“ဟာ. . . ဒီကောင်၊ မဟုတ်ကဟုတ်က သူများသားသမီးကို”

“ရော်. . . တစ်ရွာလုံးသိတာ ခင်ဗျားမသိဘူးလား. . . ဟိုကောင့်မှာ မယားကြီးရှိတယ်။ သားသမီးရှိတယ်။ အဲဒါ မစူးမစမ်း ကြိုက်တော့ ခုဒုက္ခဖြစ်နေပြီ. . . ”



“ဟင်. . . ဒီကောင်မလေးအတွက် စိတ်မကောင်းလိုက်တာ. . . ဟိုခွေးမသား ကလိန်ကကျစ် လုပ်တာပေါ့”

ကြားလိုက်ရသည့်သတင်းကို ရာနှုန်းပြည့် လက်မခံချင်သော်လည်း မိဒေါင်းညိုအမူအရာပျက်ယွင်းနေသည်ကိုတော့ သတိထားမိသည်။

“ထွန်းရလည်း မိဒေါင်းညိုမှ မိဒေါင်းညိုဖြစ်နေတာ. . . သူ့အမေက သတင်းပေးတော့မှ ဟင်ခနဲဖြစ်တာ. . . အဲဒီအချိန်မှာ အရီးက ဒေါ်ငွေရှင့်သမီးလေးနဲ့ ကောက်ပေးစားလိုက်တာပဲ. . . ”

“ကောင်မလေးက မဆိုးပါဘူး။ ရုပ်လေးလည်းရှိတယ်။ အနေအထိုင်လည်း ကျစ်လစ်တယ်။ ပြောစရာဆိုလို့ ဆင်းရတာတစ်ခုပဲရှိတယ်. . . ”

“ဆင်းရဲတာ ချမ်းသာတာ အဓိကမဟုတ်ဘူးလို့ ခုပဲပြောပြီးပြီ။ . . . ထွန်းရဘက်က ပြည့်စုံနေတာပဲ။ သူတို့မိသားစုအတွက်က ရိုးသားမှုရှိဖို့ပဲလိုတာ. . . ဒီအခါတော့ ဟိုကောင်လည်း ခေါင်းမခါတော့ဘူး”

“ဒီလိုပဲဖြစ်ရမှာပေါ့၊ ငါကြားတာတော့ ဟိုမောင်းရမ်းက ဦးပါလေးကလည်း သူ့သမီးနဲ့လာစေ့စပ်ဆို”

“အဲဒါဘယ်ကမလဲ။ တခြားရွာတွေကလာစေ့စပ်တာ နှစ်ယောက်သုံးယောက်။ ဦးရွှေရတို့က သူတို့သားတစ်ရွာတစ်ကျေးပါသွားမှာစိုးလို့ ခေါင်းခါလွှတ်နေတာ။ ဒါနဲ့ ဖိတ်ချင်းဖိတ် ကိုယ့်ရွာသားထဲကပဲ ဖိတ်ပစေတော့ဆိုပြီး စီစဉ်တာ. . . ”

ထိုအချိန်တွင် မင်္ဂလာပွဲမှဖွင့်လိုက်သော တွံတေးသိန်းတန်၏ သီချင်းသံက ကျယ်ကျယ်လောင်လောင် လွင့်ပျံလာသည်။ ကိုသိန်းမောင်ကြီးက ဆတ်ခနဲခေါင်းလှည့် နားစွင့်လိုက်သည်။

"ကောင်းလိုက်တဲ့သီချင်းသံကွာ၊ အလွန်ပါရမီထူးတဲ့မင်းသား၊ တွံတေးကြီးကိုတော့ ငါသိပ်သဘောကျသကွ"

"အရေးထဲ ကြော်ငြာဝင်နေပြန်ပြီ၊ ကြည့်ရတာ ထွန်းရ မင်္ဂလာဆောင်ကြည့်ပြီး မင်္ဂလာပွဲနွဲချင်နေသလားမသိဘူး"

"အဟီး၊ တတ်နိုင်ပါဘူးကွာ. . . ထွန်းရမိဘလောက် တတ်နိုင်ရင်တော့ အဲသလိုအကျွေးအမွေးနဲ့ အဲသလိုမိတ်သင်္ဂဟနဲ့ အဲသလိုဇနီးချောလေးနဲ့ဆိုရင်. . ."

"သေပစေပေါ့ဟုတ်လား. . ."

"တော်တော်. . . ယောကျ်ားကြီးတွေတန်မဲ့ သူများအတင်း ပြောနေလို့မသင့်ဘူး။ အရေးကြီးတာက ဝက်သားဘီးစပတ်တုံးနဲ့ ပဲတီချဉ်သုပ် စားပိုးနင့်အောင်စားရဖို့ပဲ"

"ပူမနေစမ်းပါနဲ့"

"ပူပေါင်. . . ပူရမှာက ငါမှမဟုတ်တာ. . . အဟားဟား . . . ဟား. . . ဟား"

ကိုသာမောင်ကြီးသည် သူ့စကားကို သူကိုယ်တိုင်သဘော ကျဟန်ဖြင့် တဟားဟားရယ်ရင်း မဏ္ဍပ်တွင်းသို့ဝင်သွားတော့သည်။ ထိုအချိန်တွင် ရွာထိပ်ညောင်ချဉ်ပင်ကြီးအောက်၌ တစ်ဦးတည်း ကျိတ်ငိုနေသူကို ဘယ်သူမှသတိမထားမိကြ။

မိဒေါင်းညိုကတော့ အသံမထွက်ဘဲ ရှိုက်၍ရှိုက်၍ ကျိတ်ငို နေလေတော့သည်။

* * * * *

## ငှက်ခါးငတေ

ယမန်နေ့က ခုတ်ထစ်ထားခဲ့သည့် ညောင်ပင်မှ ညောင်စေး တို့က စီးကျနေသည်။ စိတ်ပါလက်ပါ အားတက်သရောခွာနေသည့် ငတေ့ကိုကြည့်ပြီး "အင်း. . . ဒီကောင်တော့ ငှက်ခါးထောင်တော့ မယ်နဲ့တူတယ်" ဟု တွေးလိုက်သည်။ ငတေငှက်ခါးထောင်တော့ မည်ဆိုလျှင် တစို့သာပြင်ထား။ ရလာသည့်ငှက်ကို အမွေးနှုတ်၊ ဝါးကြောခွာလျက် ခားလုပ်ပြီး ငှက်ရင်ခွဲ၊ ကလီစာထုတ်၊ တစို့ထိုး ကင်ပြီး စားဖို့သာပြင်။

ငတေငှက်ထောင်ပြီဆိုလျှင် မရမရှိ။ မြေကြီးလက်နှင့်ပုတ် တာကမှ လွဲချင်လွဲဦးမယ်။ ငတေ့ဘက်ကတော့ ကျိန်းသေပြီးသား။ နွားကျောင်းဖော်တွေက ငတေညောင်စေးခွာမည့်ရက်သာ စောင့် နေကြသည်။

ညောင်စေးက ငှက်ထောင်သည့် တည်ကောလုပ်ရာမှာ အဓိက ပစ္စည်း။ သူမပါလျှင် ပွဲမပြီးသလောက်ဟု ဆိုရမည်။

နှီးဝါးတစ်ဆစ်ရလျှင် တည်ကောကရပြီ။ နှီးဝါးကို ထက်ခြမ်းခွဲ၊ လက်ညှိုးလောက် ဝါးခြမ်းစိတ်နှစ်စိတ်ကို အနေတော်သပ်။ ယင်းကိုင်းတံနှစ်ခုကို အခြေခံပြီး ဝါးကတ်ပြားလေး လက်တစ်ဝါးသာသာ၊ လက်နှစ်ဝါးခန့်ရက်။ အစွန်းထွက်နေသည့် ကိုင်းနှစ်ဘက်ထိပ်ကို ဝါးနှီးကျစ်ထားသည့် နှီးလျှော်ကြိုးချည်။ ထိပ်နှစ်ဘက်ကို ဆွဲသိမ်းလိုက်လျှင် အလွန်အစွမ်းထက်သော တည်ကောရပြီ။ တည်ကောကိုယ်ထည်ဖြစ်သော ဝါးကတ်ပြားကို နွှားချေးလူး၊ ကိုင်းတံကြိုးတွင် ညောင်စေးလိမ်းလိုက်ရုံဖြင့် ငှက်ခါးထောင်နိုင်သည့် တည်ကောရပြီ။

တည်ကောကိုယ်ထည်ဖြစ်သည့် ဝါးကတ်ပြားတွင် အပ်ချည်ကျစ်ထားသည့် တစ်မိုက်သာသာကြိုးတွင် ပုရစ်ဖြစ်ဖြစ်. . . ကြွက်ပေါက်လေးဖြစ်ဖြစ် ဖားလက်တက်ဖြစ်ဖြစ် ချည်ထားပြီး ငှက်ခါးရှိမည့်နေရာ ချထားရုံသာ. . .။ ငှက်ခါးကို အစာအဖြစ် မြှူဆွယ်ရမည့် ပုရစ်က အသေမဟုတ်ဘဲ အသက်ရှင်ဖို့သာလိုသည်။

ငှက်ခါးက မိုးတွင်းထွက်ခဲသည်။ နေသာသည့်အချိန်မျိုး၌သာ အစာထွက်ရှာလေ့ရှိသည်။ ငတေက ငှက်ခါးစရိုက်ကို သိသည်။ နေရှိန်ပြင်းပြီး တံလျှပ်လှိုင်းလေးတွေ ထနေချိန်တွင် ငှက်ခါးတွေ မြူးတတ်သည်။ ချိုးလိုလည်းမကူ၊ ခိုလိုလည်းမညည်း၊ ဘုတ်လိုလည်း မအီတတ်တော့ ငှက်ခါးဘယ်မှာရှိသည်ကို တော်ရုံတန်ရုံမသိနိုင်။ သို့သော် ငတေကတော့ ငှက်ခါးနေလေ့ရှိသည့် သစ်ပင်တွေကို သိသည်။ ထိုသစ်ပင်ထက်မှ ပတ်ဝန်းကျင်တစ်ခွင်လုံး အကဲခတ်နေသည့် ငှက်ခါးသည် နေရှိန်ပြင်းချိန်တွင် ဖုတ်လူးတတ်သော မြွေတို့၊ ကြွက်တို့ခလေ့ကို သိသည်။ စူးရှသည့် မျက်လုံးဖြင့် လေ့လာပြီး



အတောင်နှစ်ဖက်ကို တဖျတ်ဖျတ်ခတ်ရင်း သားကောင်ကို လေ့လာသည်။ မြေပြင်ရှိ သားကောင်အလစ် အငိုက်ဖြစ်ချိန်တွင် ဝူးခနဲ အသံမြည်သွားမတတ် အဟုန်နှင့်ထိုးဆင်းပြီး အင်မတန်မြဲမြံသည့် ခြေချောင်းများဖြင့် ထိုးသတ်ဖမ်းလိုက်သည်။ ကောင်းကင်မှ ပျံဆင်းပြီး မြေပြင်ရှိ သားကောင်ကို ထိုးသုတ်လိုက်ပုံက တိကျသည်။ သေချာသည်။ မြန်ဆန်သည်။ မြွေပင်ဖြစ်စေကာမူ သူ့ကို ပြန်လည်ရန်မမူနိုင်အောင် အပိုင်သုတ်ချီနိုင်သည်မှာ ငှက်ခါး၏ ကျွမ်းကျင်မှု။

ဤမျှလျင်မြန်၊ ဤမျှ ကျွမ်းကျင်သော ငှက်ခါးသည် ငတေနှင့် တွေ့လျှင် အရှုံးပေးရတော့သည်။

ငတေသည် ငှက်ခါးကျက်စားတတ်သည့် နေရာကို တည်ကောယူလာသည်။ ချုံတစ်ခုကို အကာအကွယ်ယူလျက် အရိပ်အခြည်ကြည့်သည်။ မည်မျှဝေးလံသည့်နေရာကပင် ကြည့်ရစေ၊ ငှက်ခါးရှိမရှိကို ငတေက သိသည်။

ငှက်ခါးကို မြင်သည်နှင့် အသင့်ဖမ်းယူလာသော ပုရစ်အရှင်ကို ခါးပိုက်ထဲက ထုတ်၊ တည်ကောကိုယ်ထည်တွင် ချည်နှောင်ထားသော ချည်ကြိုးတွင် ပုရစ်ကို တပ်သည်။ ပုရစ်လည်းနှင့် ကိုယ်ထည်ဆက်နေသည့်နေရာတွင် အပ်ချည်ကြိုးချည်ပြီးသည်နှင့် ငှက်ခါးနားနေသည့်သစ်ပင်နှင့် မလှမ်းမကမ်းတွင် တည်ကောချထားလိုက်သည်။ လှည်းလမ်းကြောင်းအစပ်တွင် ချထားသော တည်ကောတွင် ချည်နှောင်ထားသည့် ပုရစ်က လွတ်မြောက်ရေးအတွက် ရုန်းကန်သည်မှာ. . . ငှက်ခါးကို လက်ယပ်ခေါ်သည့်အလား. . .။

တလှုပ်လှုပ် တရွရွဖြစ်နေသော ပိုးကောင်ကိုမြင်သည်နှင့် ငှက်ခါးက လေဟုန်စီးနေရာမှ အရှိန်နှင့် ထိုးဆင်းလိုက်သည်။ ပုရစ်

ကို အာရုံစိုက်နေသော ငှက်ခါး၏ အတောင်နှစ်ဖက်သည် ညောင်စေးလူးသုတ်ထားသည့် ကိုင်းတံကြိုးတွင် ငြိသွားသည်။ ပြေးမလွတ်တော့။ ရုန်းမထွက်နိုင်တော့။ ငှက်ပျံလျှင် တည်ကော ပါမသွားအောင် မြေပြင်တွင် ငုတ်ရိုက်ထိန်းထားသဖြင့် တည်ကော ကမလှုပ်၊ ငှက်ခါးရုန်းလေ ညောင်စေးကပ်လေ. . .။

ငှက်ခါးမိနေသော တည်ကောဆီ အပြေးသွား၊ ညောင်စေးနှင့် ကပ်နေသောငှက်ခါးကို ဖြုတ်။ ငတေ့လက်ထဲရောက်သွားသော ငှက်ခါးက ဘယ်ပုံကွပ်ညှပ်လိုက်သည်မသိ။ မလှုပ်မယှက်နှင့် ငတေ့ လွယ်အိတ်ထဲ ရောက်သွားတော့သည်။

ငတေ ငှက်ခါးထောင်ထွက်ပြီဆိုလျှင် နောက်ပိုင်းမှ ဂျင်းတို့၊ ကြက်သွန်ဖြူတို့ အရန်သင့်ဆောင်ထားတော့။ ဟင်းတစ်အိုးစာ တော့ ခဏပဲ။ မရဘဲ ခေါင်းစိုက်ပြီးပြန်လာရသည်မရှိ။

ကျွမ်းကျင်ရာလိမ္မာဆိုသည့်အတိုင်း ငတေက ငှက်ထောင် သည့်နေရာမှာတော့ ဝိဇ္ဇာ။ ငှက်ခါးငတေဟု နာမည်တွင်သည်ပင် သူ၏သင်္ကေတ။

* * *

"မုဆိုးလုပ်တဲ့လူဟာ သားကောင်ရဲ့ဓလေ့၊ စရိုက်ကို သိဖို့ လိုတယ်. . . ဆိုပါတော့ ချေဆိုတဲ့အကောင်. . . ဒီကောင်တွေက အမှတ်သည်းခြေမရှိဘူး။ မုဆိုးက သူ့ကိုစောင့်ပြီးပစ်တယ် ဆိုပါတော့. . . ဒီနေရာမှာ ငါ့ကိုလုပ်ကြံတဲ့လူရှိပါလားလို့ အမှတ် သည်းခြေမရှိဘူး။ နောက်နေ့ကျရင် ထုံးစံအတိုင်းလာတာပဲ. . ."

နွားကျောင်း၊ ကျွဲကျောင်းရင်း မုဆိုးအလုပ် ဝါသနာပါသူ တွေက ငတေ့ထံနည်းခံကြသည်။ ထိုအခါ ငတေက ဒိသာပါမောက္ခ



ကြီးဟန်ပန်ဖြင့် ဟောပြောပို့ချလေ့ရှိသည်။ ဘယ်တော့မှ အင်္ကျီ ဝတ်လေ့ဝတ်ထမရှိသော ငတေက မည်းပြောင်နေသည့် ခန္ဓာကိုယ် ကို ဟန်အမူအရာအမျိုးမျိုးလုပ်လျက် စိတ်ပါလက်ပါ ပို့ချပေးလေ့ ရှိသည်။

ငတေ၏မုဆိုးလုပ်နည်းနိဿရည်းကို စိတ်ဝင်တစား နားထောင်နေသည့် ပုမောင်နှင့်ကြွက်သိုးက ခေါင်းတညိတ်ညိတ်။ သင်ခန်းစာလွတ်သွားမှာ စိုးရိမ်ဟန်ဖြင့် မျက်တောင်ပင်မခတ်။

"ကျားဆိုတဲ့သတ္တဝါဟာ သားကောင်ဖမ်းတဲ့နေရာမှာ သေချာတယ်။ ရဲရင့်တယ်။ လုံ့လရှိတယ်။ သူ့ထက်ခွန်အားဗလ ကြီးတဲ့သတ္တဝါကိုတောင် သူက ဖမ်းစားနိုင်စွမ်းရှိတယ်။ သူဦးပြီ ဆိုရင်တော့ အဲဒီသတ္တဝါခံရဖို့သေချာပြီ။ ဒါပေမဲ့ သူ့မှာလည်း အားနည်းချက်ရှိတယ်. . ."

"ပြောပါဦးအစ်ကို"

"ကျားက သားကောင်ချောင်းတဲ့နေရာမှာ ဘယ်လောက်ပဲ ပိရိပိရိ၊ သူ့အားနည်းချက်က အမြီး။ အမြီးကိုတဘုတ်ဘုတ်ရိုက်တဲ့ အကျင့်က ဘယ်တော့မှဖျောက်လို့မရဘူး။ ဆိုတော့ ကျားချောင်း နေတယ်၊ ချောင်းမနေဘူးဆိုတာ အမြီးသံကြားရုံနဲ့ သိနိုင်တယ် . . ."

"သြော်. . . ဟုတ်ပြီ၊ သဘောပေါက်ပြီ"

"တို့လူတွေက ဆင်ကိုဖမ်းပြီး သစ်ဆွဲခိုင်းတာ. . . ရေထဲက ငါးကို အလွယ်တကူဖမ်းနိုင်တာ. . . ကောင်းကင်မှာ ပျံနေတဲ့ငှက် ကို မြေပြင်ကနေပြီး အရအမိယူနိုင်တာ သတ္တဝါတွေမှာ မရှိတဲ့ ဉာဏ်ရည် ဉာဏ်သွေးရှိလို့ပဲ"

ငတေ့စကားကြားတော့ ငတေ့ကို ဆရာတင်ထားသည့် ပုမောင်တို့ ပိုလေးစားသွားသည်။ ငတေ့ထံက သင်ယူစရာတွေ အမြောက်အမြားရှိနေပါလား. . . ဟု တွေးမိသည်။

“တောလိုက်တဲ့မုဆိုးတွေ သားကောင်ဖမ်းတာ မချီးကျူးဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီသားကောင်ကို ပစ်ခတ်သတ်ဖြတ်နိုင်တဲ့ လက်နက်တွေ ရှိတာကိုး”

“ဟုတ်တာပေါ့”

“ဒါပေမဲ့ အစ်ကိုငတေကို တည်ကောလေးတစ်ခုနဲ့ ငှက်ထောင်နိုင်တာတော့ ချီးကျူးတယ်။ ကျုပ်မြှောက်မပြောပါဘူး”

“အဟဲဟဲ. . . မင်းတို့အထင်ကြီးချီးကျူးတာ လက်ခံပါတယ်။ ဒါပေမဲ့ ငါ့မှာ ငှက်ခါးထောင်တဲ့ တည်ကောရှိနေတော့ သိပ်ချီးကျူးဖို့မလိုဘူး။ ငါ့ဆရာကိုအောင်ဘညိုဆိုရင် ဘာလက်နက်မှမပါဘဲ ငှက်တွေဖမ်းနိုင်တယ်. . .”

“ဗျာ. . . ဘယ်လို၊ လက်နက်မပါဘဲ ဖမ်းနိုင်တယ်။ ငှက်ကို ဘာလက်နက်မှမပါဘဲ ဖမ်းနိုင်တယ်လို့ ပြောတာလား. . .”

“ဒီလိုကွ. . . ငါ့ဆရာအောင်ဘညိုငှက်ဖမ်းပုံက ပိုသြချလောက်တယ်။ သူ့လက်ထဲမှာ တစ်တောင်သာသာ တုတ်တစ်ချောင်းပဲပါတယ်။ သူက အိပ်တန်းတက်လာတဲ့ငှက်အုပ်နားမည့် သစ်ပင်၊ ဒါမှမဟုတ် ချုံပုတ်တစ်ခုထဲဝင်နေလိုက်တယ်။ ငှက်တွေလာနားတဲ့အခါ အဲဒီတုတ်နဲ့ရိုက်သတ်ယူတာ. . .”

“ဘ. . . ဘာ. . . ဘယ်. . . ဘယ်လို ရှင်းအောင်ပြောစမ်းပါဦးအစ်ကို”



“ငှက်ဆိုတာ အမြင့်ဆုံးကိုင်းမှာ နားလေ့ရှိတယ်။ အဲတော့ ချုံပုတ်ထဲစောင့်နေတဲ့ ကိုအောင်ဘညိုက လက်ထဲကတုတ်ကို ချုံပုတ်ပေါ်ရောက်အောင် ထောင်ထားလိုက်တဲ့။ တုတ်ပေါ်နားတာနဲ့ ဖျတ်ခနဲဆွဲ၊ ဖျတ်ခနဲရိုက်၊ လှုပ်ရှားပုံက ဘယ်လောက်မြန်ဆန်သလဲမမေးနဲ့။ တစ်ချုံဝင် လေးငါးကောင်ပဲ”

“ဟုတ်ရဲ့လား. . . အံ့စရာပဲ”

“ဘာထူးဆန်းလဲငါ့လူတို့ရာ. . . ကျွမ်းကျင်ရာလိမ္မာပေါ့။ သတ္တဝါခေလေ့သိရင် လွယ်မှလွယ်. . .”

“ဒါကြောင့်လည်း ငှက်ခါးငတေလို့ နာမည်ရနေတာပဲ”

ပုမောင်စကားကို မိန့်မိန့်ကြီးပြုံးလျက် ပန်းကန်ထဲမှ ငှက်ခါးကြော်တစ်ဖတ်ကို ကောက်ယူလျက် ပါးစပ်ထဲပစ်ထည့်လိုက်တော့သည်။

“အင်း. . . ဒကာလေးမေးတဲ့မေးခွန်းကို မဖြေခင်ဝတ္ထုဇာတ်လမ်းတစ်ခုကို ဘုန်းကြီးပြောပြဦးမယ်”

“နာချင်ပါတယ် ဘုရား. . .”

“ဒီလို ဒကာလေးရဲ့။ ဘုရားရှင်ရှေ့လက်ထက်တော်က တိဿဆိုတဲ့ ရဟန်းကြီးတစ်ပါးရှိတယ်။ ဘုရားရှင်အပေါ် သဒ္ဓါယုံကြည်လို့ သာသနာ့ဘောင်ဝင်ခဲ့တဲ့ပုဂ္ဂိုလ်ကြီးပေါ့”

“တင်ပါ့ဘုရား”

“ရဟန်းဖြစ်တော့ ဘုရားရှင်လမ်းညွှန်တဲ့အတိုင်း ကျင့်ကြံနေထိုင်တယ်။ စာတွေသင်၊ ကမ္မဋ္ဌာန်းတရားအားထုတ်၊ အဲသလို စိတ်ရောကိုယ်ပါ ကြိုးစားအားထုတ်နေချိန်မှာ အနာပေါက်တယ်

ဆိုပါတယ်။ ပေါက်စက မုန်ညှင်းစေ့လောက်ပဲရှိတယ်။ ဒီအနာပျောက်ဖို့ ကြားဖူးနားဝရှိတဲ့ ဆေးနဲ့ကု၊ သီတင်းသုံးဖော်တွေ ညွှန်ပြတဲ့ဆေးတွေသုံး၊ ကုပေမယ့် အနာကမသက်သာဘဲ တိုးတိုးပြီး ဆိုးလာတယ်။ မုန်ညှင်းစေ့လောက်က ရွှေးစေ့လောက်ဖြစ်၊ နောက် မန်ကျည်းစေ့လောက်ဖြစ်လာ. . . နောက် ဒိုးလုံးလောက်၊ ဥသျှစ်သီး လောက်ဖြစ်ပြီး ပေါက်ပြကုန်တယ်. . . မြင်မကောင်း၊ ရှုမကောင်း အောင် သွေးတွေပြည်တွေကျ၊ အနံ့မခံနိုင်အောင် ပုပ်စော်ညှီစော် နံနေတာပေါ့။ အနာကြောင့် ရောဂါက သည်းထန်လာတဲ့အပြင် အိပ်ရာထက်ကပင် မထနိုင်အောင်ဖြစ်လာတယ်။ ဒီရဟန်းကြီးရဲ့ အခြေအနေကို ဉာဏ်တော်ကွန်ရက်မှာ ထင်လာတော့ ဘုရားရှင် ကိုယ်တိုင် ကူညီဖေးမဖို့ ရဟန်းကြီးရှိရာ ရောက်လာတယ်. . . ”

“ဩော်. . . အံ့ဩဖွယ်ဝမ်းသာစရာပဲ”

“ဟုတ်တယ်၊ လိုရင်းပြောရရင် ပြည်တစိုစို၊ သွေးတရွှဲရွှဲဖြစ်နေတဲ့ ရဟန်းကြီးကို သက်သာရာ ရအောင် ဘုရားရှင်က ကုသတဲ့အပြင် တရားပြလိုက်တော့ ဉာဏ်အလင်းရပြီး ရဟန္တာဖြစ်သွားတယ်. . . ”

“ဟာ. . . ကုသိုလ်ထူးလိုက်တာ”

“အမှန်ပေါ့။ အဲလို ကုသိုလ်ထူးတဲ့အပြင် တခြားရဟန်းတွေ သံဝေဂရစရာအကြောင်းတစ်ချက် ပါလာတယ်ဒကာရဲ့”

“မိန့်ပါဘုရား”

“ဒီရဟန်းကြီးဟာ အတိတ်ဘဝက ငှက်ခတ်မုဆိုးတဲ့။ ငှက်တွေဖမ်း၊ ဈေးမှာရောင်း၊ မကုန်တဲ့ငှက်တွေ အိမ်ပြန်ယူလာ . . . နောက်တစ်နေ့ဈေးချမရောင်းမီ ပျံမပြေးနိုင်အောင် အတောင် တွေချိုး၊ ခြေတွေချိုးပြီး လှောင်ထားသတဲ့”



“အို့. . . ရက်စက်လိုက်တာ. . . ”

“ဟုတ်တယ်. . . သတ္တဝါတွေ သတ်ဖြတ်ရောင်းစားတဲ့အပြင် အသက်ရှင်တုန်း နာကျင်အောင်နှိုက်စက်တဲ့ငှက်က ပစ္ဆိမဘဝမှာ ခံစားရတာပေါ့၊ ငှက်လေးတွေ နာသလိုနာ. . . ငှက်လေးတွေ ထိခိုက်သလိုထိခိုက်၊ အဲလိုဝဋ်လိုက်တဲ့အကြောင်း ကြားရ၊ နာရ၊ လက်တွေ့မြင်ရတဲ့ တိဿရဟန်းကြီးအဖြစ်မြင်ရတော့ တရားရကုန် တာပေါ့”

“အဲဒါ တကယ့်အဖြစ်အပျက်နော်. . . ”

“ဘုရားရှင်လက်ထက်က တိဿရဟန်းကြီးရဲ့ တကယ့်ဖြစ်ရပ် မှန်လေ. . . အဲဒီတရားကို ရွှာလယ်က အရီးဒေါ်မြအလှူမှာ ဓမ္မကထိကအကျော် ရှင်ဇဝနက ဟောသွားတယ်”

“ကြောက်စရာနော်. . . ”

“ကြောက်စရာပေါ့။ ငါ့ဘဝနဲ့ တစ်ထပ်တည်းအဖြစ်အပျက် နာရတော့ ငါလည်း ငရဲခံရသလိုပူလောင်လာတယ်. . . တိဿလို ငါလုပ်နေပါလား. . . ဒါဆိုငါလည်း. . . ”

ငှက်ခါးငတေတစ်ဖြစ်လဲ ရဟန်းကြီးဦးတိက္ခက သံဝေဂ စကားပြောလိုက်တော့မှ နာမည်ကျော်မုဆိုးကြီး သာသနာ့ဘောင် ဝင်ရသည့် အကြောင်းရင်းကို သဘောပေါက်သွားသည်။

“ဒီမယ် ဒကာလေးတို့။ ဝဋ်မှာအမြဲ ငရဲမှာအပတဲ့။ ကြားဖူး ကြပါတယ်နော်. . . ”

“မှန်ပါ. . . ”

“မကောင်းမှုလုပ်သူဟာ မကောင်းမှုဒဏ်ခံရလိမ့်မယ်လို့ ဆရာတော်တွေက ဆုံးမလေ့ရှိပါတယ်။ ဒီလိုပြောပေမယ့် ဘယ်သူမှ

မကြောက်ကြဘူး။ ပြောရမယ့်နေရာရောက်နေလို့ ပြောတာပါကွာလို့ တွေးတဲ့လူချည်းပဲ. . . ဟုတ်ရဲ့လား”

“မှန်ပါတယ်ဘုရား”

“ခလုတ်ထိမှ အမိတ၊ ဘေးဒုက္ခတွေ့မှ အမေအဖေကို သတိရဆိုတဲ့စကားပုံ ကြားဖူးကြမှာပါ။ ဒီစကားတွေ ဘယ်သူမှ အလေးအနက်မထားတတ်ပေမယ့် သာမန်စကားမဟုတ်ဘူး ဒကာတို့ရဲ့။ နောင်မမြင်နိုင်တဲ့ အနာဂတ်ဘဝခံစားရမှာမြင်လို့ ကြိုတင်အသိပေးတာ. . . ကျုပ်ကတော့ ကျွတ်ချိန်တန်လို့လားမသိဘူး။ ဓမ္မကထိက ဆရာတော်ရဲ့တရား အမှတ်မထင်နာလိုက်ရတာ အသည်းကို ကျင်ခနဲနေအောင် ထိသွားတယ်. . .”

ငှက်ခါးငတေ. . . ငှက်ခါးငတေဟု ချီးမွမ်းခန်းဖွင့်သံတွေကြားနေရတော့ ငှက်ခါးငတေဆိုသူကို ဖိုးချွန်သိလိုသည်။ ဦးကြီးမြမောင်က သိချင်ရင် ရွာဦးကျောင်းက ဦးပဥ္စင်းကြီးဦးတိက္ခကို သွားလျှောက်ထားကြည့်ဟု ညွှန်သဖြင့် ဖိုးချွန်ကျောင်းရောက်လာသည်။ အကယ်၍ ငှက်ခါးငတေနှင့်တွေ့လျှင် သူနည်းခံချင်သော မုဆိုးအတတ်ပညာရနိုင်သည်ဟုတွက်ပြီး သတင်းအစနောက်လိုက်ခဲ့သည်။

“ငှက်ခါးငတေအကြောင်း သိချင်လို့ပါဘုရား. . .” ဟု လျှောက်လိုက်ချိန်တွင် ဦးပဥ္စင်းကြီးက မိန့်မိန့်ကြီးတစ်ချက်ပြုံးသည်။ ထို့နောက် ဇာတ်ကြောင်းပြန်လှန်မှ ငှက်ခါးငတေတစ်ဖြစ်လဲ ဦးပဥ္စင်းကြီးဦးတိက္ခနှင့် ပက်ပင်းတိုးရသည်။

“ဘုရားရှင်က သမ္မာအာဇီဝနည်းနဲ့ ဘဝဝမ်းစာရှာဖို့ ဆုံးမတာဟာ တို့များကောင်းစားစေချင်လို့။ ဒါကို တို့များက ဘုရားကို



ကြည်ညိုပေမယ့် လိုက်နာဖို့တော့ခက်နေကြတယ်။ သံသရာမှာ ဒုက္ခမများအောင် စဉ်းစားပေါ့ဒကာရယ်. . .”

ဖိုးချွန်သည် ဦးပဥ္စင်းကြီးကို ဦးချလျက် ပြန်လာသည်။ သူလည်း ဝါသနာပါရာ မုဆိုးအလုပ်ကို စွန့်လွှတ်ဖို့ အပြီးအပိုင် ဆုံးဖြတ်လိုက်တော့သည်။

✳ ✳ ✳ ✳ ✳

## အမှန်တရားကို ဆုပ်ကိုင်လျက်

“မင်းက ဘာလုပ်ချင်တာလဲ အောင်သိုက်”

တစ်ဘက်ရပ်တဲလေး၏ လူနေကွပ်ပျစ်တွင် ဘေးစောင်းတိုက်ထိုင်ပြီး အောင်သိုက်ပြောသမျှ နားထောင်နေသည်။ သူ့စကားအဆုံးတွင် ထွန်းမင်းက မျက်မှန်ကုပ်လျက် တစ်ချက်လည်ပြန်လှည့်ကြည့်သည်။ ဘာပြန်ပြောရမှန်းမသိ လုပ်ချင်တာကို ရေးတေးတေးသိနေသော်လည်း ဘယ်လိုလုပ်ရမှန်းမသိ။ “ဘာလုပ်ရမှန်းမသိလို့မင်းကိုတိုင်ပင်တာပေါ့ ထွန်းမင်းရာ. . .” ဟု ဖြေလိုက်ချင်သော်လည်း အာစေးထည့်ထားသည့်အလား နှုတ်ကပွင့်မလာ. . . မိမိထံမှ စကားထွက်မလာသဖြင့် “ဘယ်လိုလဲဟ” ဟူသောအမူအရာဖြင့် ထွန်းမင်းလှည့်ကြည့်သည်။

“မင်းစဉ်းစားကြည့် ထွန်းမင်းရာ၊ ငါ ဒီလယ်လေးလုပ်စားတာ ဆယ်နှစ်ကျော်ပြီ။ ငါ့အဖေလုပ်ခဲ့တာလည်း ဆယ်နှစ်ကျော်ဆယ့်ငါးနှစ်။ တို့သားအဖလုပ်ခဲ့တာ နှစ်သုံးဆယ်ရှိပြီ”

“သိပါတယ်. . .” ဟု ထွန်းမင်းနှုတ်က မပြောသော်လည်း သူ့အကြည့်က ထိုအဓိပ္ပာယ်။

"ဒီစကောလောက်လယ်ကွက်လေး ပိုင်ဆိုင်ဖို့ ငါ့အဖေ ဘယ်လောက်ကြိုးစားခဲ့ရတာလဲ မင်းအသိ"

ထွန်းမင်းက ခေါင်းညိတ်ခေါင်းခါမလုပ်ဘဲ စိုင်ကြည့်ကြည့်နေသည်။ သူ့မျက်လုံးထဲတွင် စာနာစိတ်များရှိနေသည်ကို အောင်သိုက်ရှာဖွေတွေ့ရှိသည်။

"အခုပြဿနာက တို့မိသားစုတစ်ခုထဲမဟုတ်ဘူး။ ဦးကုလားတို့မိသားစု၊ ဦးကြွက်နီမိသားစု၊ ဦးပေါက်စမိသားစုတွေလည်း ဒုက္ခရောက်နေတာ မင်းအမြင်"

"အသိမ်းခံရတဲ့ထဲမှာ ဦးပေါက်စက အများဆုံးဖြစ်မယ်ထင်တယ်. . ."

"များတာပေါ့၊ ဆယ်ဧကနီးနီးလောက်ရှိမယ်။ ဒီလယ်လေးတွေ မှီစားနေတဲ့ ဦးပေါက်စခမျာ အတောင်ချိုးခံရတဲ့ငှက်လို ဘဝပျက်ပြီ"

ဦးပေါက်စဘဝပျက်ပြီဟု ပြောနေသော အောင်သိုက်ကို ပြန်ကြည့်ရင် "မင်းဘဝကရော. . ." ဟု မေးလိုက်ချင်သည်။ ရေနစ်သူကို ဝါးကူထိုးအဖြစ်မျိုးရောက်မည်မို့ မပြောရက်။ တကယ်တော့ လယ်သမားသည် လုပ်စားစရာလယ်မရှိလျှင် တောင်းစားဖို့သာရှိတော့သည်။

* * *

နိုင်ငံတော်၏လိုအပ်ချက်အရ စပါး၊ ငါးစီမံကိန်း အကောင်အထည်ဖော်ရန်ဟု မြို့နယ်ကောင်စီဥက္ကဋ္ဌက အသိပေးသည်။ နိုင်ငံတော်ပိုင်မြေ. . . နိုင်ငံတော်၏စီးပွားရေးစီမံကိန်းလိုအပ်ချက်



အရ. . . သိမ်းသည်။ လယ်သမားများနစ်နာမှုအတွက် တစ်ဧကနှစ်သောင်းနှုန်းပေးချေသည်။

အောင်သိုက်ဘာပြောနိုင်မည်နည်း။

ဤလယ်ကို ဖခင်ဦးအောင်မြိုင်က ဓားမဦးချဖော်ထုတ်လုပ်ကိုင်ခဲ့သည်။ သိတတ်စအရွယ် အောင်သိုက်သည် ဖခင်ကြီး ဘယ်ပုံလုပ်ခဲ့ရသည်ကို မျက်စိနှင့်တပ်အပ်မြင်ခဲ့ရသည်။

ဦးအောင်မြိုင် လယ်ဖော်စဉ်က ဤမြေသည် တကယ့်မြေရိုင်း။ သစ်ပင်ကြီးတွေ တောထနေသည်။ စိန်နားပန်ချုံတွေ မင်းမူနေသည်။ ကြခတ်ဝါးပင်တွေ သောင်းကျန်းနေသည်။ ဖခင်ကြီးသည် ဦးစွာ စိန်နားပန်ချုံတွေ ခုတ်လှဲသည်။ လေးငါးရက် နေပြထားတော့ အရွက်တွေ ညှိုးခြောက်ကုန်သည်။ တစ်ပင်ချင်းဆွဲထုတ်လျက် ကြခတ်ပင်ခြေတွင် စုပုံသည်။ အောက်ခြေရှင်းသွားသည့် မြေပေါ်တွင် ပေါက်နေသည့်သစ်ပင်ကြီးတွေကို ဓားတစ်လက်နှင့် ခုတ်သည်။ တတက်တက်နှင့် တစ်နေ့လုံးခုတ်မှ သစ်ပင်ကြီးပြိုလဲကျသွားသည်။ တစ်ပင်. . . နှစ်ပင်. . . သုံးပင်။

သစ်ပင်ကြီးသုံးပင် လဲကျသွားချိန်တွင် တောခေါင်ဦးမှတ်တင်ရောက်လာသည်။ "အဲဒါ သစ်တောမြေ. . . ဆက်မခုတ်ပါနှင့်. . ." ဟု တားသည်။ ဦးအောင်မြိုင်သည် အသားဆတ်ဆတ်တုန်အောင် ဒေါသဖြစ်သွားသည်။ ကိုင်းခုတ်ဓားရိုးကို လက်နှင့်ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း တောခေါင်းဦးမှတ်တင်ကို စိုက်ကြည့်သည်။

"ကျုပ်ခုတ်တာက စကောတစ်ချပ်စာပါဗျာ. . . ဦးပေါက်စတို့သားအဖ ခုတ်ထွင်ထားတာရောမ၊ ခင်ဗျား သူတို့ကိုတော့ ဘာ့ကြောင့်မပြောလဲ"

ဒေါ်သတကြီးမေးလိုက်ချင်သည်။ သို့သော် ကိုယ့်ကြောင့် တစ်ပါးသူနစ်နာမည်စိုးသဖြင့် ပြန်မမေးဖြစ်။ နေပူကြီးထဲတွင် ခြေပစ်လက်ပစ်ထိုင်ချရင်း ခေါင်းငုံ့စဉ်းစားနေသည်။ အချိန် ဘယ်မျှကြာအောင် စဉ်းစားနေသည်မသိ။ ဦးမှတ်တင်က နှုတ်ဆက် ပြန်သွားသည်။ ပြန်ခါနီးတွင် ဆက်မခုတ်ဖို့နှင့် သစ်တောဥပဒေတွေကို နားမခံသာအောင် ရွတ်ပြသွားသည်။ မင်္ဂလသုတ်ကုန်အောင်ပင် စာမသင်ခဲ့ဘူးသော ဦးအောင်မြိုင်အဖို့ ပုဒ်ထီး၊ ပုဒ်မတွေကို နားမလည်။ ဥပဒေကို လိုက်နာရစကောင်းမှန်းလည်းမသိ။ ဦးမှတ်တင်သည် သူ့ကိုထောင်ချနိုင်သည့် အာဏာပိုင်ဟူသော အသိတော့ရှိသည်။

ဦးမှတ်တင်ပြန်သွားပြီး နာရီဝက်၊ တစ်နာရီသာသာတွင် ဦးအောင်မြိုင်ရွာပြန်ခဲ့သည်။ မျက်နှာကြီးသုန်မှုန်၊ ခေါင်းကြီး အောက်စိုက်ပြန်လာသော လင်တော်မောင်ကို ဒေါ်ဖွားသုန်က "ပြန်လာတာ စောလှချည်လား" ဟု မေးသည်။ "အေးကွာ. . . တောခေါင်းဦးမှတ်တင်က လာတားလို့၊ တောဆက်ခုတ်ခွင့်မရလို့ ပြန်လာတာ. . ." ဟု ဇနီးသည်နားလည်အောင် ရှင်းပြချင်စိတ် မရှိ။ "အင်း. . ." ဟု တိုတိုတုတ်တုတ်ဖြေပြီး အိမ်လက်ခံတိုင် မှီထိုင်ချလိုက်သည်။ လင်တော်မောင်တစ်ခုခုဖြစ်ပြီဟု သိသော်လည်း ဒေါ်ဖွားသုန်က ဆက်မမေးတော့။ ချက်ပြုတ်ထားသည့် ထမင်း၊ ဟင်းကို ခူးခပ်ပြင်ဆင်ပေးလိုက်သည်။

ညစာစားပြီး တစ်နေ့တာကြုံရသည့်အဖြစ်အပျက်တို့ကို ပြန်လှန်စဉ်းစားရင်း ရေနွေးကြမ်းတစ်အိုးနှင့် နားနေချိန်တွင် ဇနီးသည်ဒေါ်ဖွားသုန်က "နေ့လယ်က ဘာဖြစ်လို့စောစောပြန်လာ



တာလဲ" ဟု အစဖော်မေးသည်။ ဦးအောင်သိုက်က အဖြစ်အပျက် ကို အတိုချုံးရှင်းပြသည်။

"ကိုရင်က သူများလုပ်သလိုမှ မလုပ်တာကိုး"

"ဟော. . ."

"ကိုပေါက်စတို့က တောခေါင်းနဲ့အရင်သွားတွေ့တာ"

"ဟုတ်လား. . . အဲနေစမ်းပါဦး။ ဘာကိစ္စသွားတွေ့တာလဲ"

"ဩော်. . . ခက်လိုက်တာ. . . သစ်တောဆိုတာ တောခေါင်း ဦးမှတ်တင် အပိုင်စားရထားတာလေ. . . သူ့ပိုင်နက်ကို သူမသိဘဲ ကျူးကျော်လို့ရမလား၊ အသိပေးရမှာပေါ့"

"ဟာ၊ ငါတောင် အသိပေးချိန်မရလိုက်ဘူး။ အနှံ့ခံကောင်းပုံက အမဲလိုက်ခွေးထက် လျင်တယ်။ ချက်ချင်းရောက်လာတာ"

"ဒါအသိမပေးလို့ တောထဲထိ လိုက်လာတာရှင့်။ အိမ်သွား . . . ပေးသင့် ကျွေးသင့်တာကျွေးရင် သူက တောထဲဘယ်လာမလဲ၊ ခြေညောင်းမခံဘူး"

လူရိုးကြီးဦးအောင်မြိုင်က ဇနီးသည်ရှင်းပြသည့်အတိုင်း သဘောမပေါက်။ ဂနသေချာနားမလည်။

"ကဲ၊ တော်က တော့အလုပ် တော်ဆက်လုပ်။ ဦးမှတ်တင် ကိစ္စ ကျုပ်ကြည့်ရှင်းမယ်"

ဒေါ်ဖွားသုန် ဘယ်ပုံဘယ်နည်း ရှင်းလိုက်သည်မသိ။ နောက်နောင်တွင် ဦးမှတ်တင်လာမတားတော့။ မျက်နှာအရိပ် အယောင်ပင် လာမပြတော့။ စိတ်တထင့်ထင့်နှင့် နောက်ရက်များ တွင် အလုပ်လုပ်ရင်း ခြောက်လတစ်နှစ်အကြာတွင် လယ်ကွက် လေးတစ်ကွက်ပေါ်လာသည်။ မြေရိုင်းကို မြေယဉ်ဖြစ်လာအောင်

သုံးလေးနှစ်ပျိုးထောင်လိုက်မှ မိသားစုဝမ်းရေး ဖြေရှင်းပေးမည့် လယ်ကွက်လေးတစ်ကွက် ပိုင်ဆိုင်ခဲ့ပေသည်။

* * *

ဦးအောင်မြိုင်ဆုံးပါးချိန်တွင် အမွေအဖြစ်ဆက်ခံခွင့်ရသော အောင်သိုက်သည် တစ်ဧကေသာသာ၊ နှစ်ဧကနီးနီးရှိသည့် ဤလယ်နှင့် ဘဝရပ်တည်ခဲ့သည်။ စပါးတစ်ရာ၊ တစ်ရာ့နှစ်ဆယ်လောက်ထွက်သည့် ဤလယ်လေးက မိသားစုဝမ်းစာအတွက်တော့ မကြောင့်ကြရ။ ဆန်ရှိရုံဖြင့် ထမင်းစားလို့မရတော့ ဟင်းစားအတွက် ကြံရဖန်ရသည်။

ဟင်းစားရှာသည်ဆို၍ ဝေးဝေးလံလံ သွားရှာသည်မဟုတ်။ ကြိုးကြားအင်းကို မေးတင်ထားသည့် သူ့လယ်၊ လယ်ကဆင်းပြီး ငါးကိုင်းထောက်ရုံသာ။ ကိုင်းလေးငါးဆယ်ထောက်လျှင် ဆယ်ကိုင်းတော့ အနည်းဆုံးငါးဟပ်သည်။ ငါးကျပ်သား၊ တစ်ဆယ်သားခန့်ရှိသည့် ငါးဆယ်ကောင်ခန့်ရလျှင် စားပါလေ့။ ကင်မလား၊ ဖုတ်မလား၊ ပြုတ်မလား၊ ကြော်မလား၊ ချက်မလား။ အိမ်ရှင်မအစီအမံကောင်းလျှင် စားလို့မြိန်မှမြိန်။ ဆီလေး. . . ဆားလေး. . ငရုတ်သီး၊ ကြက်သွန်လေး ပြည့်ပြည့်စုံစုံရှိလျှင် မယ်ဖွားတင်လက်ရာက အပုံစား။ ဆီမရှိလျှင်တော့ မယ်ဖွားတင်လည်း မစွမ်းသာ. . .။ တစ်ဖို့ထိုးကင်ပြီး၊ သံပုရာရည်လေး ဖျန်း၊ ပင်ထွက်ငရုတ်သီးစိမ်းလေး ရံလျက် ကျွေးတတ်သည်။

ဤသို့ လှေစောင်းလျှင် တစောင်းလိုက်၊ လှေမှောက်လျှင် လက်ပစ်ကူး၊ လှေလူးလျှင် ဘယ်ညာယိမ်းထိုးလိုက်ရင်း



ဘဝပင်လယ်ပြင်ကို ပျော်ပျော်ပါးပါးကူးခပ်လာရာ. . . လယ်မြေအသိမ်းခံရတော့ ကျွမ်းလန်ကုန်သည်။

* * *

လယ်သိမ်းခံရချိန် ရသောမစို့မပို့လျော်ကြေးလေး ဆုပ်ကိုင်လျက် ဘာလုပ်ရမှန်းမသိ။ ဟင်းစားအတွက် အားထားရသည့် ကြိုးကြားအင်းကိုလည်း ဆင်းခွင့်၊ ငါးဖမ်းခွင့်မပြုတော့သဖြင့် မျောက်သစ်ကိုင်းလွတ်ဖြစ်နေသော အောင်သိုက်သည် တစ်နှစ်ခန့် ယောင်ချာချာဖြစ်နေသည်။ သို့သော် ဝမ်းရေးက ပူလာသဖြင့် သူရင်းငှားဝင်လုပ်သည်။ တစ်မိုးတစ်ဆောင်းလုပ်ခ စပါးရှစ်ဆယ်သာ ပေးသော်လည်း မှုမနေနိုင်။ “ကျုပ်လုပ်အားက ရှစ်ဆယ်ပဲတန်သလား” ဟု စောဒကမတတ်နိုင်။ မယ်ဖွားတင်ရသည့် ကောက်စိုက်ခပေါင်းတော့ ဝမ်းစာပြည့်မီလာသည်။

လင်ကိုယ်မယားလုပ်စာက ခါးမလှသော်လည်း ဝမ်းတော့ဖြင့်ဝသည်။ ဝမ်းဝသည်ဆိုငြားလည်း အများသူငါလို ဟင်းကောင်းဟင်းမွန်မဟုတ်။ ပုစွန်ငါးပိချက်၊ ကန်စွန်းရွက်ပြုတ်။ သွားရင်းလာရင်း လယ်ကြိုလယ်ကြား ငါးလေးရှာရလျှင် နတ်သုဒ္ဓါ။ ရှေးရှေးအခါကလည်း သည့်ထက်သိပ်မသာတော့ ဘာမျှသိပ်မထူးသယောင်ယောင်။

ကိုယ်က လက်မဲ့မြေမဲ့ဖြစ်သွားသော်လည်း အစိုးရစီမံကိန်းဆိုပြီး ဝင်လာသည့်လုပ်ငန်းရှင်ကြီးများက မြေတွေအမြောက်အမြား။ ကြိုးကြာအင်းကြီးကို ဘော်ဒိုဇာနှင့်ထိုး၊ ကန်ပေါင်တွေလုပ်၊ ကန်ပတ်ပတ်လည်ရှိ လယ်များကို စနစ်တကျပြုပြင်လိုက်တော့

ရှေးကနှင့်မတူ။ ရှေးက သူတို့တစ်တွေ ဖြစ်သလိုနေကြပေမယ့် အသစ်ရောက်လာသူတွေက ထည်ထည်ဝါဝါ အဆောက်အအုံတွေ ဆောက်၊ မီးစက်တွေနှင့်မီးပေး၊ ကူဘိုတာတွေနှင့် ရေတင်၊ အကျအနပြုပြင်ထားသဖြင့် နေချင်စရာ၊ အားကျစရာ။

"အေးလေ. . . သူတို့တစ်တွေလုပ်လို့ နိုင်ငံတော်ကြီး ကြွယ်ဝလာသည်ဆိုလည်း ကောင်းတာပါပဲ"

ဖြေသိမ့်သည့်အတွေးလေးနှင့် နေလာခဲ့သည်မှာ တစ်မိုး နှစ်မိုးက ဆယ်မိုးဆယ်လီပင်ရှိပြီ။ ခေတ်တွေ စနစ်တွေလည်း ပြောင်းလာသည်။ သူတို့မဲပေးလိုက်သဖြင့် လွှတ်တော်ဆိုသော ဌာနကြီးတွင် နေရာရလာသော ပုဂ္ဂိုလ်ကြီးများထံမှ မစားရဝခမန်း စကားတွေ ကြားလာရသည်။

"မယ်ဖွားတင်ရေ. . . တို့လယ်တွေ တို့ပြန်ရတော့မတဲ့"

ဘယ်သူ့ထံမှ ဘာတွေကြားလာရမှန်းမသိ၊ ဦးပေါက်စမြို့မှ အပြန်တွင် ဝမ်းသာအားရပြောလာသော စကားကို ဇနီးဖြစ်သူအား ဖောက်သည်ချမိသည်။ မယ်ဖွားတင် မျက်နှာတွင် လျှပ်စီးလက် သကဲ့သို့ အလင်းလေးတစ်ချက် လက်သွားသည်။ ရွှန်းစိုဝင်းပသော ထိုအပြုံးက ချက်ချင်းပျောက်ကွယ်လျက် မှုန်မှိုင်းသွားသည်။ မိုးဦး ကာလ ပြိုဆင်းလာသည့် တိမ်တိုက်ကြီးအလား ညိုမှိုင်းနေသည့် မယ်ဖွားတင်ကိုကြည့်လျက် အားမရနိုင်။

"ဟဲ့ ဖွားတင်၊ နင်ဝမ်းမသာဘူးလား. . ."

"အရှုံးထမနေစမ်းပါနဲ့တော်။ ယူချင်လို့ တမင်အနိုင်ကျင့် ယူထားတာ. . . ဘယ်သေနာက ပြန်ပေးမှာလဲ"

"ဟဲ့၊ အစိုးရက ပြန်ပေးမှာ. . ."



ရုတ်တရက်ထရယ်လိုက်သည့် မယ်ဖွားတင်အသံကြောင့် အောင်သိုက်ပင်လျှင် လန့်ဖျပ်သွားသည်။ ရူးများရူးသွားလေပြီလား ဟူသောအကြည့်ဖြင့် မယ်ဖွားတင်ကို စိုက်ကြည့်နေမိတော့သည်။

တစ်သက်လုံး အံကြိတ်ခေါင်းငုံ့ခံခဲ့ရသည့် လယ်သမားထု အတွက် လမ်းစပွင့်လာသည်။ ယင်းသတင်း ယူလာသူက ဦးပေါက်စ။

"အခုိကကတော့ တို့အားလုံးညီညွတ်ဖို့ပဲ။ တို့လယ်တွေ တို့ပြန်ပေးဖို့ နိုင်ငံတော်သမ္မတထံ တင်ပြရမယ်. . ."

"နိုင်ငံတော်သမ္မတ"

အောင်သိုက်က အလန့်တကြား ရေရွတ်လိုက်သည်။

"ကိုယ့်ပစ္စည်း ကိုယ်ပြန်တောင်းတာ မင်းက ဘာလန့်နေတာ လဲ"

"သမ္မတဆိုတာ အစိုးရပဲမို့လား. . . ခုသိမ်းတာအစိုးရလေ. ."

"မင်းတို့ကို အဲဒါပြောတာ. . . လေ့လာကြ၊ စာဖတ်ကြဆို တော့ မဖတ်ဘူး။ သတင်းစာ၊ ဂျာနယ်က ကိုယ်နဲ့မဆိုင်သလိုမျိုး . . . ဖတ်ကြပါကွ၊ တို့လို မတရားအသိမ်းခံထားရတဲ့ လယ်သမားတွေ တရားဝင် ပြန်တောင်းကုန်ကြပြီ"

"ဒီတော့ ဦးကြီးက ဘာလုပ်ချင်လဲ"

"တို့လည်း ပြန်တောင်းမယ်. . ."

စိတ်အားထက်သန်နေသည့် ဦးကြီးပေါက်စအစီအစဉ်ကို နားလည်ပါသည်ဟူသော အဓိပ္ပာယ်နှင့် ခေါင်းညိတ်လိုက်သည်။ ဦးကြီးပေါက်စက သူ့အစီအစဉ်တွေ တစ်ခုချင်းရှင်းပြသည်။ ဟုတ်ကဲ့. . . ဟုတ်ကဲ့ဟု စကားကိုထောက်ခံနေပေမယ့် ဂနသေချာ နားမလည်။ ဖြစ်နိုင်ပါ့မလားဟု သံသယစိတ်တွေ များနေသည်။

ကိုယ့်လယ်ကိုယ်ပြန်လုပ်ခွင့်ရချင်သည်တော့ အမှန်။ သို့သော် လက်ရှိလုပ်နေသည့် ကုမ္ပဏီတွေကိုပင် မကျော်လွှားနိုင်ဘဲ အစိုးရကို ဆန့်ကျင်ဖို့ဆိုသည်မှာ စိတ်ကူးယဉ်ခြင်းသာ။

"အရှုံးထမနေစမ်းပါနဲ့တော်" ဟူသော မယ်ဖွားတင်စကားက တင်းထားသည့်အားမာန်တစ်ဝက် လျော့ကျသွားသည်။ ဘာဆက်လုပ်ရမှန်းပင်မသိတော့။

"ရခြင်းမရခြင်းကတော့ မသေချာဘူး။ ဒါပေမဲ့ ကိုယ့်ပစ္စည်းကိုယ်ပြန်တောင်းတာ သဘာဝကျပါတယ်. . ."

"မင်းကလည်း အရေးထဲ သဘာဝကျတာတွေ ဘာတွေ လုပ်နေပြန်ပြီ. . . ဘာလုပ်ရမလဲ၊ ဘာလုပ်သင့်လဲသာပြောစမ်းပါ ထွန်းမင်းရာ. . ."

အောင်သိုက်အမေးကြောင့် ထွန်းမင်း တွေဝေသွားသည်။ ခေါင်းကုတ်လျက် စဉ်းစားဟန်ပြုသည်။ ပြီးတော့ သူ့ပေါင်ကို ဖျန်းခနဲအသံမြည်အောင်ပုတ်လျက် "ဟုတ်ပြီ" ဟုထအော်သည်။

"ကျုပ်တို့လယ်သမားတွေ တစ်သက်လုံး ခေါင်းငုံ့လည်စင်းခံခဲ့ရတယ်။ အမှန်တရားကို မျက်ကွယ်ပြုပြီး အာဏာနဲ့ငွေကြေး အသုံးပြုဖိနှိပ်ခြင်းကို ခံခဲ့ရတယ်. . ."

"အေးလေ. . . ဒါတွေပြန်ပြောမနေနဲ့၊ ငါဘာလုပ်သင့်လဲ"

"ဒီနေ့ စကားပြောခွင့်ရပြီ"

"စကားပြောခွင့်ရပြီဟုတ်လား. . . ဒါဘာထူးဆန်းလဲဟ။ ခုလည်း ပြောနေကြတာလဲ။ တစ်သက်လုံး ပြောနေတဲ့စကား"

"အရင်တုန်းက အခုလို ပြန်လှန်ပြောခွင့်ရလား. . . ကုန်ကုန်ပြောမယ်ဗျာ. . . သမ္မတကိုတင်ပြဖို့မပြောနဲ့ မြို့နယ်ကောင်စီဥက္ကဋ္ဌကိုတောင် ပြောလို့မရဘူး။ စီမံကိန်းအတွက်ဆိုပြီး ခပ်တည်တည် သိမ်းတာ လက်ပိုက်ကြည့်နေရတယ်။ အဲဒါ ကျုပ်တို့ပစ္စည်းလို့ ပြန်ပြောနိုင်လား. . ."



"မင်းသိတဲ့အတိုင်းပဲလေ. . ."

"အေး. . . ဒီနေ့ပြောခွင့်ရပြီ။ မြို့နယ်ဥက္ကဋ္ဌလောက်တောင် မဟုတ်ဘူး၊ သမ္မတကြီးကိုတောင် ပြောခွင့်ရပြီ. . . ဒီတော့ ဦးကြီးပေါက်စပြောသလိုဆက်လုပ်"

"ဟဲ့. . . ထွန်းမင်း၊ နင်ပေါက်ကရတွေမြှောက်မပေးနဲ့"

အိမ်နောက်ဖေးတွင် ချက်ပြုတ်နေသည့်မယ်ဖွားတင်က မနေနိုင်ဟန်ဖြင့် ထွက်လာပြီးတားသည်။ ကိုယ့်အထက်ကလူကို တံတွေးနှင့်ပစ်ထွေးလျှင် တံတွေးက ကိုယ့်မျက်နှာပေါ် တန်ပြန်ကျမည်၊ စိတ်ကူးမယဉ်နဲ့ဟုတားသည်။

"မဖွားတင်ကလည်းဗျာ. . . ပြောမှသိနိုင်တဲ့ကိစ္စ ပြောရမှာပေါ့။ မပြောတော့ လုံးလုံးဆုံးမယ်၊ ပြောရင်တစ်ဝက်တစ်ခြမ်း ရနိုင်သေးတယ်။ မရတောင် ပြောလိုက်ရတော့ ခံစားချက်သက်သာမသွားဘူးလား. . ."

"တော့်ကို ဘယ်သူပြောလဲ"

"ဘယ်သူပြောပြောဗျာ. . . လုပ်ကြည့်တာတော့ အကျိုးမယုတ်ပါဘူး"

"ငါ့ယောကျ်ားထောင်ကျရင် နင်ပဲထွန်းမင်း"

ခြေဆောင့်ပြန်ဆင်းသွားသည့် မယ်ဖွားတင်ကိုကြည့်ပြီး စိတ်ဓာတ်တွေ တဟုန်ထိုးပြန်လျော့သွားရပြန်သည်။

* * *

"ဘယ်လို. . . ဆန္ဒဖော်ထုတ်ကြမယ်ဟုတ်လား ကိုအောင်သိုက်၊ ဘယ်သွားပြီး ဘာဆန္ဒတွေ ထုတ်ဖော်ကြမှာလဲ. . . "

တစ်ဘက်နှင့်တစ်ဘက် ညှိနှိုင်း၍ မရရုံမက ငွေအားလူအားနှင့် ဖိနှိပ်မှုခံရချိန်တွင် အောင်သိုက်ကိုယ်တိုင် မခံချင်စိတ်တွေ ဖြစ်လာသည်။ ကိုင်းခုတ်ဓားကိုပင် ထသွေးမိသည်။

စီမံကိန်းအကြောင်းပြလျက် ကြိုးကြာအင်းကို အပိုင်သိမ်းသည်။ ကန်ပတ်လည်ရှိ လယ်တွေကိုလည်း မတန်တဆဈေးနှိမ်ဝယ်သည်။ အလကားပေးရမည့်အတူတူ ရသည့်ငွေကြေးနှင့် ဖြေသိမ့်ခဲ့ရတာတွေ ပြန်တွေးမိရင် ရင်နာသည်။ ကိုယ့်ပစ္စည်းနှင့် သူတို့ကြီးပွားနေတာမြင်တော့ မနာလိုစိတ်ဖြစ်မိသည်။ သို့သော် သူတို့လုပ်ရပ်ကို မကျော်လွှားနိုင်ခဲ့။

အောင်သိုက် တစ်သက်လုံး မလေ့လာဘူးသော မြေယာဥပဒေအကြောင်း ကူညီဆောင်ရွက်ပေးသူတွေ ရှင်းပြ၍ အနည်းအကျဉ်းသိလာသည်။ သိလာတော့ ငွေကြေးနှင့်အာဏာသုံးပြီး အေးဓားပြအတိုက်ခံရမှန်း သိသွားသည်။

"ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေးက စိုက်ပျိုးရေးကိုအခြေခံတဲ့ စီးပွားရေး၊ လယ်လုပ်သူတွေရဲ့ဘဝကို ဖျက်ဆီးပစ်မဲ့ စီးပွားရေး မဟုတ်ဘူး။ ပြောရရင် ဒီလယ်ပေါ်မှီခိုနေတဲ့လယ်သမားတွေကို မောင်းထုတ်ပြီး သူတို့လုပ်မှနိုင်ငံတော်စီးပွားရေး မြင့်တက်လာမယ်လို့ ဘယ်လူကြီးမှ တွက်မထားဘူး"

"ဒါဆို. . . "

"ခင်ဗျားတို့လည်း သတ်မှတ်အခွန်တွေဆောင်နေတာပဲ။ စည်းကမ်းပျက်လယ်သမားတွေမှ မဟုတ်တာ. . . "



"ဒါဖြင့် ကျုပ်တို့ဘာလုပ်ရမလဲ"

"ကိုယ့်လယ်၊ ကိုယ့်မြေပြန်ရဖို့ ဆန္ဒထုတ်ဖော်ရမယ်"

"ကျုပ်တို့သမ္မတဆီ အသနားခံစာတင်ထားတယ်လေ. . .၊ အဲဒါ မစောင့်တော့ဘူးလား. . . "

"ပြောမှသိ၊ သိမှအရေးယူဆောင်ရွက်မှာဆိုတော့ သိအောင်လုပ်ကြတာပေါ့"

အားလုံးက ဆန္ဒထုတ်ဖော်ဖို့ ဆုံးဖြတ်ပြီးချိန်တွင် မယ်ဖွားတင်ကို အသိပေးလိုက်သည်။ မယ်ဖွားတင်က ပြူးတူပြဲတဲထမေး၍ စိတ်ထဲက ကျိတ်ရယ်ရသေးသည်။

"တို့များ တို့လယ်တွေ ကိုယ်တိုင်ပြန်လုပ်ခွင့်ရမှာ မလိုလားဘူးလား. . . "

"တော်ဘယ်လိုမေးတာလဲ။ လယ်မဲ့ယာမဲ့ဘဝနဲ့ ရုန်းကန်ရတဲ့ကာလ ဘယ်လောက်ရှိနေပြီလဲ။ ဒီလယ်လေးကို တော့်အဖေဓားတစ်ချောင်းနဲ့ ဖော်ထုတ်ပြီး အမွေပေးခဲ့တာလေ. . . "

"အေးလေ. . . ဒါကြောင့်ပေါ့"

"ကျုပ်တို့လည်း ဘိုးဘွားအမွေအဖြစ် ကိုယ့်သားသမီးတွေကို လက်ဆင့်ကမ်း အမွေပေးချင်တာပေါ့"

မယ်ဖွားတင်စကားကြားတော့ ရင်တနင့်နင့်ဖြင့် ဝမ်းသာသွားသည်။ စောစောစီးစီး အိပ်ရာဝင်ကုန်ကြသည့် သားကြီးဖိုးလုံးနှင့် သားငယ်ဖိုးပြုံးကို ဖျတ်ခနဲလှည့်ကြည့်မိသည်။ ကလေးအရွယ်မို့ အပူအပင်ကင်းမဲ့စွာ အိပ်မောကျနေသော သားလေးတွေကို အတန်ကြာငေးကြည့်နေမိသည်။

"မယ်ဖွားတင်. . . "

"တော်. . . "

"တို့ပိုင်တဲ့မြေဟာ လက်တစ်ခုပ်စာပဲဖြစ်ဖြစ်၊ ဘိုးဘွားအမွေကို မြတ်နိုးရမယ်။ ပြီးတော့ တန်ဖိုးထားရမယ်"

"အင်းပေါ့"

"အဲလိုပဲ တို့သားတွေကလည်း တန်ဖိုးထားအောင် လုပ်ပြရမယ်။ ဒါကြောင့် ကိုယ့်လယ်ကိုယ့်မြေ ပြန်ရရေးအတွက် မနက်ဖြန်ဆန္ဒထုတ်ဖော်ကြမယ်"

တစ်သက်လုံးအကြောက်တရားနှင့် ခေါင်းငုံ့ခံခဲ့ကြသော အောင်သိုက်တို့တစ်တွေ မနက်ဖြန်တွင် ကြိုးကြာအင်းကွင်းသို့ သွားကြမည်။ လယ်သမားတစ်စု၏ ရင်ဖွင့်သံကို နိုင်ငံတော်သမ္မတကြီး သိအောင် တင်ပြရမည်။ လာရောက်သတင်းယူမည့် သတင်းထောက်များကို ရင်ဖွင့်ပြောပြမည့်စကားလုံးတွေ စိတ်ကူးနှင့်စီစဉ်လိုက်သည်။ တစ်ခါမှ စကားချောချောအောင်မပြောတတ်သော အောင်သိုက်သည် စကားလုံးတွေ စီရင်းစီရင်းဖြင့် မျက်တောင်စင်းလာသည်။ မျက်ခွံတွေလေးလာသည်။ နောက်ဆုံးသတိမရအောင် အိပ်မောကျသွားသည်။

အိပ်မက်ထဲတွင် အောင်သိုက်သည် သမ္မတကြီးကို ခံစားချက်တွေ ရဲရဲဝံ့ဝံ့ တင်ပြနေလေတော့သည်။

* * * * *

## ကိုဖိုးလုံးရဲ့ ကိုင်းခုတ်ဓား

"ကဖိုးလုံး၊ ထမင်းခူးလိုက်ရမလား၊ ဆာနေရောပေါ့"

ခြေကုန်လက်ပန်းကျလာဟန်ဖြင့် ပြန်လာသော ချစ်လင်ကိုဖိုးလုံးကို မအေးတုတ် ပဋိသန္ထာရစကား ပြောလိုက်သည်။ သူများတွေလို ဖွဲ့ဖွဲ့နွဲ့နွဲ့ချွဲချွဲပျစ်ပျစ်မပြောတတ်။ ကျောင်းဆရာလေးကတော် ဒေါ်ညွန့်မေသာကမူ မအေးတုတ်လိုမဟုတ်။ "ဟော. . . မောင်တောင်ပြန်လာပြီပဲ။ အတော်ပဲ၊ မေလည်းထမင်းဟင်း အဆင်သင့်ဖြစ်နေပြီ၊ မောင်ကြိုက်တတ်တဲ့ ဝက်သားသုံးထပ်သားကို ဒညင်းသီးနဲ့ နှပ်ထားတယ်၊ အအီအဆိမ့်ပြေအောင် ချဉ်ပေါင်ဟင်းလည်း ချက်ထားတယ်။ ချဉ်ပေါင်ဟင်းဆိုလို့ ပေါ့သေးသေးတော့မထင်နဲ့ မောင်ရေ. . . ချဉ်ပေါင်ဟင်းတစ်အိုးအတွက် ဘေးကတပ်ကူတွေ လိုက်ရတာက မျှစ်ပြုတ်ပါတယ်. . . ခရမ်းသီးလည်းပါတယ်။ ရုံပတီသီးလည်းပါတယ်။ ပဲတောင့်ရှည်နှစ်တောင့်လောက်လည်း ရှာလိုက်ဖွေလိုက်ရသေးတယ်။ ဟင်းကောင်းချင်တော့တော့်တပည့်သံလုံး လယ်ကြားကကောက်လာတဲ့ ပုစွန်လုံးရတာနဲ့

ရင်ဘတ်သားလေးခွာထည့်လိုက်သေးတယ်။ ဝက်သားကြိုက်တဲ့လူ ချဉ်ပေါင်ဟင်းလက်မလွှတ်နိုင်လို့ သုံးထပ်သားတစ်တုံးတောင် စားဖြစ်မယ်မထင်ဘူး”

ဆရာမဒေါ်ညွန့်မေသာ ပြောတတ်ဆိုတတ်ပုံက ဘေးအိမ်မှ နားထောင်နေသူပင် တင်ကြောတွေ၊ ရင်ကြောတွေစိမ့်သွားသည်။ လျှာတွေထောင်လာသည်။ သွားရည်ယိုလာသည်။ ဒေါ်ညွန့်မေသာ ချက်သည့်ဟင်းက ဘယ်လောက်ကောင်းသည်၊ မကောင်းသည်တော့ မသိ။ ဘေးလူပင် လျှာရည်စိုလာသည်။ ခံတွင်းမလိုက်သူပင် ပါးဖြဲ နားဖြဲဖြစ်မှာဧကန်။

မအေးတုတ်ကတော့ သည်လို ဖွဲ့ဖွဲ့နွဲ့နွဲ့လည်း မပြောတတ်။ လင်သားကိုဖိုးလုံးနားကပ်ပြီး ဘာတော့် ညာတော့်လည်း မဆိုတတ်။ “ဟဲ့ အေးတုတ်ရေ. . . ” ဟု ကိုဖိုးလုံးကခေါ်လျှင် “တော်” ဟု တစ်ခွန်းတည်း တုံ့ပြန်တတ်သည်။ တစ်ခါတရံ ကိုယ်က အဝေး ရောက်နေသဖြင့် မကြားမှာစိုးလျှင် “ဝူး” ဟု အသံပေးလိုက်သည်။ ဟိုကတစ်ခွန်းခေါ်လျှင် သူကတစ်ခွန်းပဲပြန်ထူးသည်။ အဆစ် မထည့်တော့။

ကိုဖိုးလုံးကလည်း ခပ်အေးအေးသမား။ တစ်နေ့နေလို့ စကားတစ်ခွန်းပြောချင်မှ ပြောတဲ့သူ။ ဒါက မအေးတုတ် လက်ရောက်မှ ပြောင်းလဲသွားသည်မဟုတ်။ သူ့မိသူ့ဖလက်ထက် ကတည်းက ဒီပုံစံ။ မိဘက ခိုင်းစရာရှိလို့ခိုင်းလျှင် “ဟုတ်ကဲ့၊ စိတ်ချနေပါ၊ ကျွန်တော်လုပ်လိုက်မည်” ဟု ပြန်မပြော။ မျက်လုံး တစ်ချက်လှန်ကြည့်ပြီး ခင်ပုတ်ငှက်တစ်ကောင်လို ကုတ်ကုတ်ကြီး ထိုင်နေသည်။ အချိန်တန်တော့ထသွားပြီး မိဘခိုင်းသည့်အလုပ်



လုပ်သည်။ လုပ်ပြီးတော့လည်း “ပြီးပြီဖေဖေရေ. . . ” ဟု ပြန်ပြော မနေ။ သူ့ပုံသဏ္ဍာန်က အကြောင်းမသိလျှင် တစ်ဖက်သားကို အဖက်မတန်သလို။

သည်လောက်စကားနည်းသည့် ကိုဖိုးလုံးက မအေးတုတ်ကို ဘယ်လိုချဉ်းကပ်၊ ချစ်စကား၊ ကြိုက်စကားဘယ်လိုပြောလဲဟု ကာလသားကာလသမီးတွေက သိချင်သည်။ ကာလသားအုပ်စုထဲ ကိုဖိုးလုံးရောက်လာပြီဆိုလျှင် အချင်းချင်းလက်တို့အချက်ပြပြီး သမိုင်းစာမျက်နှာလှန်ဖို့ နှိုးဆော်ကြသည်။

“ကိုဖိုးလုံး. . . ကျုပ်တို့သိချင်လို့ဗျာ၊ ခင်ဗျားနဲ့ အစ်မကြီး မအေးတုတ် ဘယ်လိုညားတာလဲ”

“ဟော. . . ”

ကာလသားတွေအမေးကို အံ့အားသင့်သည့်အမူအရာဖြင့် မျက်လုံးတစ်ချက်လှန်ကြည့်ပြီး ဘာစကားမှမပြောဘဲ ငြိမ်နေသည်။ မေးလွန်းမက ဝိုင်းမေးတော့ “ဒီလိုပါပဲကွာ. . . ” ဟု မရှင်းမလင်း ဖြေသည်။ “ဒီလိုပါပဲဆိုတာ. . . ဘယ်လိုပြောတာလဲ၊ ကိုကြီးဖိုးလုံး မအေးတုတ်ကို လက်ဆွဲခိုးပြေးတာလား. . . ဒါမှမဟုတ် ခင်ဗျားက အတင်းဖက်လှဲတာလား. . . ဒါမှမဟုတ် မအေးတုတ်က ကိုဖိုးလုံးကို ခေါင်းပေါ်ရွက်ပြီး ခိုးပြေးတာလား. . . ဒါမှမဟုတ်. . . ”

ကာလသားတွေ ပြောသမျှ ခေါင်းတရမ်းရမ်းခါနေပြီး စိတ်မရှည်ဟန်ဖြင့် “မိဘတွေပေးစားတာကွ” ဟု ထအော်လိုက် သဖြင့် စကားရပ်သွားပြီး ဝိုင်းရယ်ကြသည်။

ကိုဖိုးလုံးထံမှ ဘယ်ဟာကဘယ်လို. . . တို့ဇာတ်လမ်းက ဘယ်ပုံစံဟု မကြားရတော့ ကာလသားတွေ တအုံ့နွေးနွေးဖြစ်ရသည်။

ပိုင်ရာဆိုင်ရာ ကောင်မလေးတွေကို သတင်းပေးပြီး မအေးတုတ်ထံမှ စကားနှိုက်ယူဖို့ စည်းရုံးရသည်။

"ညည်းကောင် ညွန့်လှိုင်ကတော့ လွန်ပါတယ်စိန်မရယ်. . . လယ်တောမှာ ခဏခဏချိန်းတွေ့လို့အားမရနိုင်ဘူး။ မိဘတွေမသိအောင် အိမ်ပေါ်တက်အိပ်တယ်ဆိုတော့"

"တို့ကတော့ ပြောင်ပဲ။ ယောကျ်ားလေးနဲ့မိန်းကလေးချစ်တာ လောကသဘာဝ။ လူတိုင်းမလွန်ဆန်နိုင်တဲ့ကိစ္စ။ တစ်ယောက်အပေါ် တစ်ယောက်နားလည်ဖို့လိုတယ်။ ဒါနဲ့ညည်းကောင်ကရော"

"ငါ့ကောင်က ဘာဖြစ်ရမှာလဲ"

"နင်နဲ့တွေ့တော့ ဘာဘာညာညာ၊ အီစကီမလုပ်ဘူးလား . . . ဒီမယ်ငြိမ်းမြင့်၊ အဲလိုမလုပ်ပါဘူးလို့ မလိမ်နဲ့၊ လူပျိုလက်ဝက်မြီးတဲ့။ ဘယ်လောက်ငြိမ်တယ်ပြောပြော ဝက်မြီးလိုခါတော့ခါမှာပဲ"

"ဟဲ့၊ ဒါလောက်တော့ရှိမှာပေါ့။ အစ်မအေးတုတ်တို့လိုတော့ ငုတ်တုတ်ကြီးတော့ မိုးဘယ်လင်းမလဲ"

အချင်းချင်းပြောနေရာမှ မအေးတုတ်ဘက် လှည့်လာသဖြင့် ကမြင်းမနီအကိုက်ခံရသည့်နှယ် မအေးတုတ်ထခုန်သည်။ "ညည်းတို့ကိစ္စထဲ ငါကဘယ်လိုပါလာရလဲ. . ." ဟု အထိတ်တလန့်မေးသည်။ အချင်းချင်းအချက်ပေး မျက်စပစ်လျက် လျှို့ဝှက်ချက်ဖော်ထုတ်ဖို့ ကြိုးစားကြသည်။

"ဘယ်သူပဲဖြစ်ဖြစ် အပျိုလူပျိုဘဝတော့ ရှိတာပဲမဟုတ်လား၊ အစ်မအေးတုတ်"

"အေး. . . ဟယ်၊ ဒီကောင်မလေးတွေပေါက်ကရ"



"ဘယ့်နှယ်ပေါက်ကရဖြစ်ရမှာလဲ အစ်မရဲ့. . .။ လူပျိုအပျိုခလေ့ဆိုတာ ချစ်တာတစ်ခုပဲသိတာ. . . ရွှေမြင့်မိုရ်တစ်တောင်လုံးတုံးမှတ်ပြီးခုန်ဆိုလား။ ဒီဘဝဖြတ်သန်းလာတော့ အစ်မတို့လည်း အတွေ့အကြုံရှိမှာပါ"

"ဟဲ့ကောင်မတွေ ငါက ဘာအတွေ့အကြုံရှိရမှာလဲ။ တို့က အိမ်ထောင်မကျခင်ထိ ခြောက်ပစ်ကင်းသဲလဲစင်ပါနော်. . .။ တော်တို့လူကြီးပုံစံလည်း သိနေရက်နဲ့။ ဘုရားစူးမိုးကြိုးပစ်ပါစေ့တော်၊ သူနဲ့ကျုပ်နဲ့အိမ်ထောင်ကျတဲ့အထိ ချစ်ပါတယ်လို့ တစ်ခွန်းမပြောဖူးဘူး။"

"အဟုတ်၊ ဒါဆို ဘယ်လိုညားကြလဲ"

"ဟဲ့ မိဘတွေပေးစားတာ. . . သူတို့ချင်းတိုင်ပင်ပြီးမှ ဟဲ့အေးတုတ် ညည်း ဖိုးလုံးနဲ့ယူရမယ်လို့ အသိပေးတာတော့"

"ဟင်. . . မစိုပြည်လိုက်တာ. . . ဒါဆို ချစ်လှပါချည်ရဲ့၊ ကြိုက်လှပါချည်ရဲ့လို့ မပြောဘဲ တော်တို့ချင်း ဘယ်လိုဖြစ်လဲ။ ဟိုဒင်းလေ. . . မင်္ဂလာဦးည"

"ဟယ် ဒီကောင်မလေးတွေ ပေါက်တတ်ကရ။ ဘာတွေပြောနေမှန်းမသိဘူး"

မအေးတုတ်က ကိုဖိုးလုံးနှယ် ကျောက်ရုပ်ကြီးလိုမရှိသော်လည်း စကားနည်းသူတော့ ဖြစ်သည်။ ကျန်သည့်မိန်းမများလို ဖေတော့မောင်တော့ မပြောတတ်။ အကြောင်းမရှိဘဲ စကားအပိုမပြောတတ်သော်လည်း တော်ရုံတန်ရုံတော့ ပြောသည်။ အကယ်၍ လှည့်ပတ်မေးလျှင် တစ်ခွန်းစ နှစ်ခွန်းစထွက်မည်ထင်ထားသော်လည်း အစွန်းအစအရိပ်အယောင်ပင် ထွက်မလာ. . .။ မေးသူတို့

သာ လက်လျှော့ရပြီး ကိုဖိုးလုံးနှင့် မအေးတုတ်ဇာတ်လမ်းကို တစ်ခန်းရပ်၊ လက်လျှော့လိုက်ရပေသည်။

* * *

ဒီလောက် အနေအထိုင်၊ အပြောအဆို အေးဆေးသည့် ကိုဖိုးလုံးအဖမ်းခံရ၊ ထောင်ကျသည်ဆိုတော့ အားလုံးက အံ့အားသင့်သည်။ စိတ်မကောင်းဖြစ်ကြသည်။ "ဖြစ်မှဖြစ်ရလေဟယ်" ဟု စုတ်တသတ်သတ်ဖြစ်ရသည်။

ဖြစ်သည်က သူအလွန်မဟုတ်။

လယ်ရေသွင်းသည့်ကိစ္စနှင့် ကတောက်ကဆဖြစ်ရာမှ ခြေလွန်လက်လွန်ဖြစ်ကုန်ခြင်းပင်။ လက်လွန်သွားပေမယ့် ဖိုးလုံး အမှားဟု ဘယ်သူမျှအပြစ်မတင်။ "တို့ဆိုရင် ဒို့ထက်ဆိုးမယ်" ဟု တောက်တခေါက်ခေါက်ပြောသူချည်း။

အထက်လယ်မှရေကို ကိုဖိုးလုံးက ကတွတ်ပေါက်ဖွင့်ချပြီး သူ့လယ်ကျင်းထဲသွင်းလိုက်သည်။ လယ်တစ်ကွက်လုံလောက်သည့် အနေအထားရှိချိန်တွင် အထက်လယ်ပိုင်ရှင် သူကြီးသောင်းနှင့် သူ့တပည့်နှစ်ယောက် ဒေါကြီးမောကြီးနှင့် ရောက်လာသည်။

"ရေဘယ်သူဖွင့်တာလဲကွ"

ဖိုးလုံးဖွင့်မှန်းသိလျက်နှင့် သူကြီးက ဒေါနှင့်မောနှင့် မေးသည်။ သူကြီးလက်ကိုင်တုတ်မှတ်ကြီးနှင့် ကြွက်သိုးက ပညာပေးလိုက်မည်ဟူသော ဟန်ပန်အမူအရာဖြင့် လက်ထဲမှဝါးရင်းတုတ်တွေတပြင်ပြင်။ ကိုဖိုးလုံးကမူ ထုံးစံအတိုင်း အေးတိအေးစက် ပြန်ဖြေသည်။



"ကျုပ်ပါ"

"မင်းက ဘာကောင်မို့လို့ ရေဖွင့်ချရတာလဲ"

"သူကြီးလယ်က ရေပြည့်စုံပါပြီ၊ ပျိုးကြဲလို့ရနေပါပြီဗျာ. . ."

"ရတာမရတာ မင်းအလုပ်မဟုတ်ဘူး။ ငါမသိဘဲနဲ့ ရေခိုးဖောက်ရင် သူခိုးကွ၊ လယ်ယာဖျက်မှုနဲ့ တရားစွဲလို့ရတယ်"

"စွဲချင်လဲစွဲပေါ့ဗျာ. . ."

အေးတိအေးစက်၊ မထိလေးစားအမူအရာနှင့် ပြောလိုက်သော ဖိုးလုံးကို သူကြီးဒေါပွသွားသည်။ တကယ်ဆို "ရေကဲ့ယူမိသည့်အတွက် တောင်းပန်ပါတယ်၊ သူကြီးလယ်က မြေနူးနေပြီဆိုတော့ ထွန်လို့ယက်လို့ရနေပါပြီ၊ ကျွန်တော်တို့လည်း အချိန်မီစိုက်ချင်လို့ပါဗျာ. . . တောင်းပန်ပါတယ်" ဟု ပြောစေချင်သည်။ ဖိုးလုံးကိုယ်တိုင်က ဤသို့မပြောတတ်လေတော့ တိုတိုပြတ်ပြတ် တုံ့ပြန်မိသည်။ ဤတွင် သူကြီးဒေါပွပြီး သူ့လူနှစ်ယောက်ကို မျက်ရိပ်ပြလိုက်သည်။ သခင်အားရအောင် အစွမ်းပြချင်နေသော တပည့်နှစ်ယောက်က ကိုဖိုးလုံးထံ ဒရောသောပါးပြေးလာသည်။ ကိုဖိုးလုံးလက်ထဲမှ မြေတူးသည့် တလပါပြားက မြောက်သွားသည်။ ဖျောင်းခနဲ. . . ဖျောင်းခနဲနှစ်ချက်သာကြားလိုက်ပြီး သူကြီးတပည့်နှစ်ယောက် မှောက်သွားသည်။ တပည့်တွေ လဲကုန်တော့ ဖိုးလုံးက သူကြီးကိုလှမ်းကြည့်သည်။ သူကြီးသောင်း နောက်ပြန်လှည့်မကြည့်ဘဲ မြို့အရောက်ပြေးပြီး လူသတ်မှုနှင့်အမှုဖွင့်သည်။ ရဲတွေကို ဦးဆောင်ခေါ်လာပြီး ဖိုးလုံးကိုဖမ်းချုပ်လိုက်သည်။

ရဲတွေရောက်မလာခင်ကတည်းက ဖိုးလုံးနှင့်သူကြီးသောင်း ပြဿနာက ရွာထဲပျံ့နေသည်။ ဖခင်ဦးရွှေရမနေသာ။ သားအတွက်

သူကြီးကိုခြေသလုံးဖက်တောင်းပန်သည်။ မှတ်ကြီးနှင့် ကြွက်သိုးမိဘတွေကိုလည်း အပြေးအလွှားတောင်းပန်သည်။ ဖိုးလုံးကတော့ ဘာစကားမှမပြောဘဲ ရေမိုးချိုး၊ အဝတ်အစားလဲပြီး ရဲတွေအလာစောင့်နေသည်။ ရဲတွေဖမ်းသွားတော့ အသာတကြည်ပဲ လိုက်သွားသည်။

ဖိုးလုံးရိုက်လိုက်သည့် မှတ်ကြီးနှင့်ကြွက်သိုးက မသေဘဲ ဒဏ်ရာရရုံ၊ မေ့ရုံမေ့ပြီး ဆေးရုံရောက်သွားသည်။ ဒဏ်ရာတွေ ဆေးကုလိုက်တော့ တစ်ပတ်ဆယ်ရက်နှင့် ကောင်းသွားသည်။ ထိခိုက်နာကျင်စေမှုဖြင့် စွဲချက်တင်တော့လည်း ဖိုးလုံးက မလှုပ်။ မှတ်ကြီးကို ရိုက်သလားလို့ရှေ့နေကမေးတော့ "ရိုက်တယ်" ဟု ဖြေသည်။ အပြစ်ရှိသလားလို့မေးတော့လည်း အပြစ်ရှိကြောင်း ဝန်ခံတယ်။ ဤသို့ဖြင့် ဖိုးလုံးထောင်နှစ်နှစ် ကျသွားသည်။

ရမည်းသင်းထောင်မှ မန္တလေး၊ မန္တလေးမှ တောင်စွန်းရဲဘက်စခန်း ပို့ခဲ့သည်။ တောင်စွန်းကျောက်ထုစခန်း ပင်ပန်းသည်ဟု သူပြောလူပြောများသော်လည်း ဖိုးလုံးကဖြုံပင်မဖြုံ။ ပင်ပန်းစကားတစ်ခွန်းမပြော။ သုံးဖို့တစ်ဖို့ လျှော့ရက်နှင့်လွတ်လာတော့ သူကြီးမင်းလည်း အာဏာလက်ဆုပ်လက်ကိုင်မရှိတော့။ အုပ်ချုပ်ရေးစနစ်အပြောင်းအလဲတွင် သူကြီးအာဏာမဲ့သွားပြီ။

ဖိုးလုံး ထောင်ကလွတ်လွတ်ချင်း "မင်းကို အေးတုတ်နဲ့ ပေးစားမယ်" ဟု ဖခင်ကြီးက စီစဉ်သည်။ ဖိုးလုံးကတော့ "ဘယ်အေးတုတ်လဲ. . . ဘယ်သူ့သမီးလဲ. . . ကျုပ်ကြည့်စမ်းပါရစေ" ဟု တစ်ခွန်းမပြော၊ မမေး။ ခေါင်းညိတ်ခေါင်းခါလည်းမလုပ်။



ဖိုးလုံးအမှုကြောင့် လယ်တစ်ကွက်ရောင်းလိုက်ရသည်ကို မနှမြော။ သူ့သားဖိုးလုံးထောင်ကျရသည်မှာ နစ်နာလှသည်ဟုသာ တွေးသည်။ သူ့သားပြဿနာဖြစ်သည့် ဤလယ်ကိုလည်း ဆက်မလုပ်စေချင်။ လယ်တွေ ထိုးရောင်းပစ်သည်။ ကန်ရေသောက်လယ်တွေ. . . တစ်ဧက စပါးရှစ်ဆယ်တစ်ရာထွက်သည့်လယ်တွေမို့ လူတိုင်းကနှမြောနေသည်။ သို့သော် သူကြီးသောင်းနှင့် အထက်လယ်အောက်လယ်လုပ်နေရလျှင် တစ်နေ့မဟုတ်တစ်နေ့ ပြဿနာထပ်ဖြစ်မည်။ ဖိုးလုံးလက်စလက်နသိသွားသဖြင့် သူကြီးသောင်း အကောက်မကြံဝံ့တော့သော်လည်း လူ့စိတ်က ပြောလို့မရ။ ဝါးကောက်သည်သာ မြင်နိုင်ပေမယ့် လူစိတ်ကောက်သည်ကို မမြင်နိုင်ဟုတွေးလျက် လယ်တွေရောင်းပစ်သည်။

ကိုဖိုးလုံးနှင့် မအေးတုတ်ကို တင့်တင့်တယ်တယ် မင်္ဂလာဆောင်ပေးလိုက်ပြီး လယ်ရောင်းရငွေနှင့် နွားတစ်ရှဉ်းဝယ်ပြီး လက်ဖွဲ့လိုက်သည်။ ကိုဖိုးလုံးသည် မအေးတုတ်အိမ်ရောက်သွားသည်။ မအေးတုတ်တို့လယ်တွေက ရွာတောင်ဘက်၊ သူကြီးလယ်က ရွာအရှေ့ဘက်ဆိုတော့ ဆုံဖို့လည်းအကြောင်းမရှိတော့။ ပြဿနာဖြစ်ဖို့လည်း အခြေအနေမရှိတော့။ ရေပြဿနာနှင့် စကားပြောစရာမလိုတော့ပေ။

* * *

"မချစ်မနှစ်သက်သူနှင့် မဆုံစည်းပါရစေနဲ့၊ ယုတ်မာကောက်ကျစ်သူမျိုးနဲ့ ဝေးပါရစေ. . ."

ကိုဖိုးလုံးသာ စကားတွေထွေထွေရာရာ ပြောတတ်၊ ဆိုတတ်လျှင် ဤသို့များ ဆုတောင်းလေမလားမသိ။ သို့သော် တစ်သက်လုံး တစ်နေ့နေ့လို့ စကားတစ်လုံးမပြောတတ်သည့် ကိုဖိုးလုံးထံမှ ထိုစကားမျိုးလည်း မကြားရ။

မကြားချင်သော်လည်း ကြားလာရသည်။

"ဟဲ့ မိဒေါ၊ နင်ဟိုကောင့်သားနဲ့ ရည်ငံနေတယ်ဆို"

ကိုဖိုးလုံး မေးလိုက်သည့်အသံက တော်တော်အားစိုက်ထောင်ရအောင် တိုးညှင်းသော်လည်း မိဒေါနား၌မူ မိုးကြိုးပစ်ချလိုက်သည့်အလား ထင်မိသည်။ ဤအကြောင်းနှင့်ပတ်သက်၍ မိခင်ကြီးကလည်း ဟန့်တားသည်။

"မိဒေါရယ်. . . ဒီသူကြီးသားကိုမှ ကြိုက်တတ်တယ်လို့၊ အဲဒီသူကြီးက နင့်အဖေကို ထောင်ထဲပို့တာ၊ သူ့မိဘတွေ လယ်ရောင်းပစ်ရတာလဲ ဒီသူကြီးကြောင့်။ နင့်အဖေ ဘယ်လောက်နာကြည်းတယ်ဆိုတာ ငါသိတယ်။ စကားမပြောပေမယ့် သူ့စိတ်ဓာတ်ငါနားလည်တယ်။ အဲဒီသူကြီးသားများ ကြိုက်ရတယ်လို့။ နင်တို့မြန်မြန်အဆက်ဖြတ်"

အနှစ်အစိတ်နီးပါး ပေါင်းလာသဖြင့် လင်သားစိတ်ဓာတ်ကို ဒေါ်အေးတုတ်သိသည်။ သူကြီးသောင်းကို စကားပြောဖို့မပြောနှင့် မျက်နှာချင်းပင်မဆိုင်။

မိခင်ကြီး သတိပေးစဉ်က "ဖအေဆိုးတာနဲ့ သားသမီးဆိုးမလား အမေရယ်. . ." ဟု ပြောတုတက်ခဲ့ပေမယ့် အတိတ်ဇာတ်လမ်းသိသူတွေက အမျိုးမျိုးတားမြစ်သည်။ အဖြစ်သနစ်ကို ပြန်ပြောပြသည်။ ထိုစဉ်က ဖခင်သိသွားမှာတွေးကြည့်ပြီးလန့်သော်လည်း နောင်ခါလာမှ နောင်ခါစျေးပေါ့ဟု တွေးခဲ့သည်။ ခုတော့ အဖေက မေးလာပြီ။

"ငါ စကားနှစ်ခွန်းမပြောဘူး။ ရွာထဲမှာ နင်ယူချင်စရာတွေအများကြီး၊ လူမရရင် ခွေးအမြီးဖြတ်ယူ။ ဒီကောင်နဲ့လုံးဝသဘောမတူဘူး။ အေး. . . မတူမှန်းသိရက်နဲ့ ဇွတ်တိုးရင် ဟောဒီကိုင်းခုတ်ဓားကြည့်၊ နှစ်ယောက်စလုံး နုတ်နုတ်စင်းပစ်မယ်. . ."

ဖခင်ဦးဖိုးလုံးက တစ်ခွန်းသာပြောလိုက်ငြားလည်း မိဒေါရင်အစုံကမူ တဒိန်းဒိန်းခုန်နေသည်။ ကမ္ဘာ့ရန်သူလို သဘောထားသည့် သူကြီးသားကိုမှ ကြိုက်မိသည့် မိမိအဖြစ်ကိုလည်း စိတ်ပျက်မိသည်။

ထိုအကြောင်းကို ချစ်သူစံခအား အကျဉ်းချုပ်ရှင်းပြလိုက်သည်။ စံခက ခပ်ထွေ့ထွေ့ပြုံးသည်။ "သွေးဆူတုန်းခဏပါဟာ . . . ဒီလောက်လည်း စိုးရိမ်မနေပါနဲ့" ဟု နှစ်သိမ့်စကားပြောသည်။ မိဒေါင်းက သူ့ဖခင်စိတ်ထားသိနေ၍ စိတ်မအေးနိုင်။ လွယ်လွယ်ကူကူမဖြစ်နိုင်မှန်းသိ၍ တစ်နေရာကို ပြေးကြစို့ဟု တောင်းဆိုပြန်သည်။

မိဒေါကို အကြောင်းပြုပြီး ဖိုးလုံးနှင့်သူကြီးသောင်းက ဘာတွေဆက်ဖြစ်ကြမည်ကို အားလုံးက စောင့်ကြည့်နေသည်။ ရပ်ထဲရွာထဲတွင်လည်း တီးတိုးတီးတိုးနှင့် အမျိုးမျိုးထင်ကြေးပေးကြသည်။ မိဒေါကို နိုင်သူတွေကလည်း မိဒေါကိုဖျက်သည်။ စံခသူငယ်ချင်းတွေကလည်း စံခကိုဖျက်သည်။ သို့သော် မိဒေါင်းနှင့်စံခက ယမ်းပုံကိုမီးတို့ခဲ့ပြီး ထွက်ပြေးကြတော့သည်။

ကမ္ဘာကြီးပျက်သွားသလား ထင်ရအောင် သောင်းကျန်းတော့သည်။

"လူ့ဘဝဆိုတာ အဲဒါပဲလူလေးရဲ့။ ဖြစ်ချင်တာကတစ်မျိုး၊ ဖြစ်လာတာက တစ်မျိုး၊ ဘဝနဲ့ဆန္ဒတစ်ထပ်တည်းဖြစ်တဲ့လူ နည်းပါတယ်"

မိဒေါင်း ခိုးရာလိုက်သွားမှန်းသိသည်နှင့် ဦးဖိုးလုံးက ကိုင်းခုတ်ဓားကိုသွေးပြီး ဝုန်းကြမ်းဆန်နေသည်။ ဒေါ်အေးတုတ်လည်း မဖျောင်းဖျဝံ့။ ယောက္ခမများက "ဖြစ်ပြီးတာဖြစ်ပြီးပြီပဲ၊ ပြန်ပြင်လို့မရတဲ့ကိစ္စကို ဒေါပွမနေပါနဲ့" ဟု ဖျောင်းဖျသော်လည်း ဦးဖိုးလုံးကမရ။ ကိုင်းခုတ်ဓားနှင့် အိမ်တိုင်တွေခုတ်ပစ်သည်။ မိဒေါလုံချည်အင်္ကျီတွေ တုံးပေါ်တင်ပြီး နုတ်နုတ်စင်းပစ်သည်။ မြင်မြင်သမျှကို ဓားကြိမ်းကြိမ်းသည်။

ဦးဖိုးလုံး အင်မတန်လေးစားသည့် ဖခင်ကြီးဖျောင်းဖျသည်ကိုပင် မနာခံတော့ပေ။

သူကြီးသောင်းနှင့် ရပ်မိရပ်ဖများက "ကလေးတွေပြန်အပ်ပါရစေ လက်ခံပေးပါ" ဟု စကားကမ်းလာသူကိုပင် ဓားနှင့် လိုက်ခုတ်သည်။

"ဒီမယ်ဟေ့၊ ခေတ်အဆက်ဆက် ပြည်သူလူထုအပေါ် ယုတ်မာကောက်ကျစ်တဲ့ ဒီကောင်မျိုးကို ငါက ခမည်းခမက်တော်ရမှာလား. . . သင်းကြောင့် ငါထောင်ကျရလို့ အခဲမကျေနိုင်တာ မဟုတ်ဘူးဟေ့။ ဒီတစ်နယ်လုံး သူလုပ်ထားတာတွေ ပြန်စဉ်းစားစမ်း။ မိန်းမကြီးရှိရက်နဲ့ တလုတ်ပင်ကကောင်မလေးကို ဖောက်ပြန်တာ . . . ဗိုက်တစ်လုံးရတော့ ငွေပေးပြီး နှင်ထုတ်လိုက်တယ်။ သူ့တပည့်တွေကို လက်ထပ်သင်ပေးပြီး အရီးမယ်မြင့်အိမ် အနုကြမ်းဝင်စီးသလိုလုပ်တာ ဒီကောင်ပဲဆိုတာ တစ်ရွာလုံးသိတယ်။ အာဏာနဲ့



ဖုံးဖိထားတော့ အမှုကပျောက်ပြယ်သွားရော. . . ကိုပိန်နဲ့ လယ်ကို မတရားယူတာလဲ ဒီကောင်ပဲ။ ဒီတစ်နယ်လုံးစာရင်းကောက်ကြည့်။ ငါလိုနာကြည်းခံပြင်းတဲ့လူတွေ ဘယ်လောက်ရှိမလဲတွက်။ အဲဒီလူတွေအားလုံးကိုယ်စား ငါနာတာ. . . အမျိုးယုတ်သားကိုကြိုက်တော့ ဘာဖြစ်မလဲ။ ဘမျိုးဘိုးတူ ချိုကားကားနဲ့ နွားပဲဖြစ်မှာပေါ့၊ နွားကိုယူတဲ့ကောင်မ နွားမပဲဖြစ်မယ်။ ငါလက်မခံဘူး၊ တစ်သက်အမွေပြတ်၊ ဒါပဲ"

စကားမပြောမပြောနှင့် ပြောမယ့်ပြောတော့ တစ်ခေတ်တစ်ခါက မတရားအုပ်ချုပ်ခဲ့သည့် သူကြီးသောင်းအကြောင်းတွေ ပေါ်ကုန်သည်။ ဤသတင်းတွေကို တခြားသူတွေမသိမဟုတ်၊ သိသည်။ အာဏာလက်ကိုင်ရှိတော့ ထင်တိုင်းကြဲနေပေမယ့် ခေါင်းငုံ့ခံနေရသည်။ နာကျင်သော်လည်း မနာလေသယောင် နေခဲ့ရသည်။

ခုတော့. . . ဦးဖိုးလုံးက ပြတ်ပြတ်သားသား ဖွင့်ချလိုက်သည်။ မိဒေါကိုလည်း သတင်းတွေ ဘာတွေမှာ ထည့်မကြေညာသော်လည်း အမွေပြတ်ဟု ရပ်သိရွာသိ အော်ဟစ်ပြောလိုက်သည်။

မိဒေါနှင့် စံခမင်လာပွဲမဖြစ်ဘဲ ကျိတ်ပြီး အသိအမှတ်ပြုလိုက်ကြရသည်။ ထို့နောက် သူကြီးသောင်း မိသားစုရော မိဒေါတို့ လင်မယားပါ မြို့ကို ပြောင်းသွားသည်။ ကိုဖိုးလုံးကတော့ သူ့သမီး မိဒေါအကြောင်းကို စကားပင် ဆက်မပြောတော့။

ရွက်ဟောင်းတို့ကြွေလိုက်၊ ရွက်သစ်တွေ ဝေလိုက်နှင့် နှစ်တွေ အလီလီပြောင်းခဲ့သည်။ ဦးဖိုးလုံးကတော့ သူ့တွင် မိဒေါဟူသည့် သမီးတစ်ယောက်ရှိသည်ဟု ခုတိုင်မပြောသေး။

နှစ်ဖက်မိဘတွေလည်း ဆုံးကုန်ပြီ။ ဦးဖိုးလုံးနှင့် ဒေါ်အေးတုတ်လည်း အရွယ်ကျပြီ။ ဘယ်နေ့ သေရမလဲဟု ထမင်းစားစောင့်နေရသည့်အချိန် ဖြစ်သည်။ ခုတော့ ဒေါသတွေ လျှော့ချလျက် စိပ်ပုတီးလက်ကိုင်ထားနေရသည့်အရွယ်။ ဤအရွယ်တွင် လက်တိုလက်တောင်းလေးများရှိလျှင် အကောင်းသားဟု ရံဖန်ရံခါတွေးမိသည်။ တစ်ဦးတည်းသော သမီးက မိဘနှစ်ပါးကို စုံကန်ထွက်သွားသည်မှာ ကြာပြီ။ ဖြစ်စကတော့ မိဒေါအသံကိုပင် မကြားချင်။ အကြောင်းစပ်ပြောလာသူကိုလည်း ဓားနှင့် ထလိုက်မိသည်။ မကြားချင်ဆိုသည့်ကြားမှ မြေးဦးလေးရကြောင်း၊ ယောက်ျားလေးဖြစ်ပြီး ဘိုးအေနှင့်တူကြောင်း စသည့်သတင်းတွေက အလိုလိုရောက်လာသည်။ မိဒေါသတင်းကြားတိုင်း ဘာစကားမှ မပြောနိုင်ဘဲ အိမ်ဦးခန်းတွင် ငေါင်းစင်းစင်းကြီး ထိုင်ပြီး လမ်းဘက်သို့သာ ငေး၍ နေတတ်သည်။

ခုတော့ ကိုဖိုးလုံးလည်း အရွယ်ကျပြီ။ ခွန်အားတွေ ဆုတ်ပြီ။ အဘိုးကြီး၊ အဘွားကြီးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကျောမှီ အားပြုနေရချိန် မိဒေါကို သတိရသွားသည်။

"ခွေးမ"

စိတ်ထဲမှ ရေရွတ်လိုက်ချိန် ဝေါခနဲ ကျီးပြိုသံ ကြားသည်။

ရွာလယ်မှ ခွေးဟောင်သံကြားသဖြင့် ဒေါ်အေးတုတ်က မျက်ခုံးပေါ် လက်လေးတင်ပြီး ကြည့်သည်။ အိမ်နှင့် ပို၍ နီးလာလေလေ ခွေးဟောင်သံတွေ ဆူညံလာလေလေ။

"ကဖိုးလုံး. . . မျက်စိအားကောင်းကောင်းနဲ့ ကြည့်စမ်းပါ။ ဟိုးက လာနေတာ. . ."



ကလေးနှစ်ယောက်ဆွဲပြီး တစ်ယောက်ကို ပွေ့ချီလာသည်မှာ သူ့သမီး မိဒေါမှန်းသိဖြင့် ရင်ထဲမှ ဒိတ်ခနဲ ခုန်သွားသည်။ "ငါ့သမီးနဲ့ ငါ့မြေးတွေ" ဟု နှုတ်က ထွက်မလာသော်လည်း ရင်ထဲကမူ မိဒေါ. . . မိဒေါဟု ဝမ်းသာအားရ အော်ခေါ်မိတော့သည်။

ကိုဖိုးလုံးကိုင်သည့် ကိုင်းခုတ်ဓားက ဘယ်ရောက်နေပြီလဲ မသိပေ။

* * * * *

၂၀၁၃ ခုနှစ်၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု
ဝတ္ထုတိုပေါင်းချုပ်၊ ဒုတိယဆုရ

# ဘုန်းကြီးအော့လို့ရိုက်လိမ့်မယ်

## နှင့် အခြားဝတ္ထုတိုများ





### မောင်ဆန္ဒ (လယ်ဝေး)

အဖ ဦးဝင်းနိုင်၊ အမိ ဒေါ်သောင်းတို့မှ ၁၉၄၆ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် လယ်ဝေးမြို့၊ စီပိုင်းရွာ၌ မွေးဖွားခဲ့သည်။ ငယ်စဉ်က စီပိုင်းရွာ ဘုန်းတော်ကြီးကျောင်းတွင် စာပေသင်ယူခဲ့သည်။ လယ်ဝေး အ. ထ. က မှ တန်းမြင့်ကျောင်းထွက် စာမေးပွဲအောင်မြင်ခဲ့ပြီး တပ်မတော်၌ အမှုထမ်းရင်း ဝိဇ္ဇာဘွဲ့ ရခဲ့သည်။

၁၉၆၃ ခုနှစ်၊ သင့်ဘဝမဂ္ဂဇင်းတွင် "သားနှင့်အဖ" စာညွှန့်ဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ မဂ္ဂဇင်းစုံတွင် ဝတ္ထု ၄၀၀ ခန့်၊ ဆောင်းပါး ၂၀၀ ကျော် ရေးသားခဲ့သည်။ ထိုစာမူများကို စုစည်းလျက် စာအုပ် ၂၅ အုပ် ထုတ်ဝေခဲ့ရာ အထင်ရှားဆုံးမှာ "ဗုဒ္ဓစာဥယျာဉ်" စာအုပ်ဖြစ်သည်။ နိုင်ငံတော်မှ ကြီးမှူးကျင်းပသော စာပေပြိုင်ပွဲများတွင် ဆု ၁၉ ဆုရခဲ့သည်။ စာပေရေးသားခြင်းဖြင့် ဘဝရပ်တည်လျက်ရှိသည်။

အမည်ရင်းမှာ ဦးစိုးပိုင် ဖြစ်သည်။

နေရပ်လိပ်စာ- အမှတ် (၇)၊ နတ်စင်လမ်း၊ ရွာမရပ်ကွက်၊ထောက်ကြံ့မြို့၊
ရန်ကုန်တိုင်း ဒေသကြီး။